# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၈၀)


# နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းစည်းဝေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၇ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်ရှိ ကွပ်ကဲရေးရုံး၌ကျင်းပရာ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အာဇာနည်နေ့သည် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူကျဆုံးခဲ့သည့် ခေါင်းဆောင်ကြီးများကို အမြဲတမ်းအမှတ်ရစေရန် အာဇာနည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးသည် အသက်သွေးချွေးများကို စတေးပြီးမှ ခက်ခက်ခဲခဲရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရှိရန် အသက်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား နောင်လာနောက်သားများ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မြန်မာစာပေတွင် အကောင်းဆုံးစာအုပ် ၁၀၀ ထုတ်ဝေရန် စီစဉ်လျက်ရှိ

စာမျက်နှာ-၄



## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်အတူ -(၂၁)ရာစုပင်လုံ ပြန်လည်စတင်လိုက်တာဟာ ပါဝင်ပတ်သက်သူအားလုံးကို ညှိနှိုင်းဆွေးနွေးတဲ့ စားပွဲပေါ်ရောက်ရှိစေချင်တဲ့ အစိုးရရဲ့ ပြင်းပြတဲ့ အာသီသဖြစ်တယ်လို့ မြင်ပါတယ်

စာမျက်နှာ-၆

# ပင်လယ်ကမ်းခြေတွင် အပန်းဖြေ၊ လှိုင်းခုန်သူများဖြင့်စည်ကား

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

**ဟိုင်းကြီးကျွန်း ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် ဇူလိုင် ၉ ရက် (ဝါဆိုလပြည့်ကျော် ၁ ရက်နေ့)က ပင်လယ်ကမ်းခြေ၌ အပန်းဖြေ၊ လှိုင်းခုန်သူများဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

ယနေ့အချိန်အခါတွင် ဟိုင်းကြီးကျွန်းမြို့ ပင်လယ်ကမ်းခြေနှင့်ယင်းနှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ကမ်းခြေကျေးရွာများတွင် ဝါဆိုလပြည့်ကျော် ၁ ရက်က ဝါဆိုလအတွင်းပွင့်သော နေရာအနှံ့မှပန်းများကိုခူးယူ၍ ဘုရားကျောင်းကန်စေတီပုထိုးများသို့ ဆက်ကပ်လှူဒါန်းကြသော ယဉ်ကျေးမှုဓလေ့စရိုက်များ လျော့နည်းပျောက်ကွယ်လာကာ ဤဒေသ၏ ဝါဆိုလှိုင်းခုန်ပွဲအဖြစ် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ လှိုင်းခုန်ပွဲတွင် လေညင်းခံသူ၊ လှိုင်းခုန်သူ၊ ဘောလုံးကန်သူ၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိပြီး ကလေးသူငယ်မှလူကြီးပိုင်းအထိ လာရောက်အပန်းဖြေ ရေကစားလျက်ရှိကြောင်း၊ လူငယ်များခိုက်ရန်ဖြစ်ပွားခြင်း၊ ပင်လယ်ရေဖြင့်မျောပါသွားခြင်းများ မဖြစ်ပေါ်စေရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့မှ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ငြိမ်းချမ်းရေးနှစ်၊ စီးပွားရေးနှစ်

မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအခက်အခဲများအား ဖြေရှင်းရန်ဆောင်ရွက်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍမှ စုစုပေါင်းအချက် ၉၁ ချက်တင်ပြထားခြင်းရှိခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်အလိုက် တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေရှင်းဆောင်ရွက်ပြန်ကြားချက်များရရှိထားပြီဟု သိရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်ဒုတိယသမ္မတနှင့် ပုဂ္ဂလိကကဏ္ဍတို့ လစဉ်ပုံမှန်ဆွေးနွေးမှုမှ ထိုအချက် ၉၁ ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ နိုင်ငံတော်ဒုတိယသမ္မတနှင့် တွေ့ဆုံမှုမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယခုနှစ်မေလအထိ ခြောက်ကြိမ်တိုင်ရှိခဲ့ပြီဟု သိရသည်။ အဆိုပါတင်ပြချက်များတွင် အချိန်ယူကာ ဥပဒေပြင်ဆင်ရမည့်အချက်များ၊ မူဝါဒပြင်ဆင်ရန်လိုအပ်သည်များ ပါဝင်သော်လည်း အချိန်တိုအတွင်း ပေါင်းစပ်ညှိနှိုင်းဖြေရှင်းနိုင်မည်များကို ဦးစားပေးဖြေရှင်းလျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ကုန်သည်စက်မှုအသင်းချုပ်တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ပြီးသည့်နောက်တွင် မူဝါဒများနှင့် ဥပဒေများအရ လုပ်သာကိုင်သာရှိလာသည်ဟု စီးပွားရေးပညာရှင်များနှင့် လက်တွေ့လုပ်ငန်းခွင်များမှ ပြောဆိုသံများကြားသိရသည်။ ယခုအခက်အခဲ တချို့ရှိနေသည်မှာ လက်တွေ့အကောင်အထည်ဖော်သော လုပ်ငန်းများတွင်ဖြစ်သည်ဟု ဆိုကြသည်။ နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ကြီး၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလိုသူနှင့် ကုန်သွယ်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် တရားမဝင်ပေးကမ်းရခြင်းမပါဘဲ အဆင်ပြေရန် မလွယ်ကူကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံသူများ အခက်အခဲတွေ့သည့် နေရာများမှာ (၁)ရင်းနှီးမြှုပ်နှံခွင့်လိုင်စင်ကျရန် ဆောင်ရွက်ချိန်၊ (၂) အခွန်ကောက်ခံခြင်းလုပ်ငန်းစဉ်၊ (၃) သွင်းကုန်လုပ်ငန်းလိုင်စင်လျှောက်ထားချိန်နှင့် (၄) မြေနှင့်ပိုင်ဆိုင်မှုများ ငှားရမ်းဆောင်ရွက်ချိန်စသော နေရာများတွင်ဖြစ်သည်ဟု ၎င်းအစီရင်ခံစာက ဖော်ပြသည်ကို တွေ့ရသည်။

မြန်မာ့စီးပွားရေးတွင် တိကျမှန်ကန်သော စာရင်းဇယားများရရှိရေးသည်လည်း အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် အခွန်မဆောင်သော တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ တရားမဝင်စီးပွားရေးများ၏ အခန်းကဏ္ဍမှာ တစ်ခုလုံးစီးပွားရေး၏ တစ်ဝက်လောက်အထိရှိနိုင်သည်ဟု ယူဆမှုများရှိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများမှ ငွေမည်းများဈေးကွက်အတွင်း ရောက်ရှိလာမှု၊ ငွေကြေးခဝါချမှုကလည်း ပမာဏတစ်ခုရှိနေသည်။ ထိုသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုများကို ထိရောက်စွာတားဆီးနိုင်ရန် လုပ်ဆောင်နေမှုများလည်း တွေ့မြင်နေရပါသည်။ စာရင်းဇယားကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများ နှစ်အလိုက် ထုတ်ဝေနိုင်ရန် သုတေသနအစုစပ်လုပ်ငန်းသဘောတူစာချုပ်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် **Oxford Business Group** တို့ကြား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ထိုသို့သော ကိုးကားလောက်သည့် အစီရင်ခံစာများရှိမှသာ စီးပွားရေးစီမံကိန်းများကို တိကျစွာချမှတ်နိုင်မည်ဖြစ်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရွေးချယ်ရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။

အစိုးရအနေဖြင့် ပထမတစ်နှစ်မှာ နိုင်ငံရေးနှင့် လူမှုရေးဘက်တွင် များစွာအားစိုက်ခဲ့သော်လည်း စီးပွားရေးဘက်တွင် အားစိုက်မှုမလုံလောက်ခဲ့ဟူသော ပြောဆိုမှုများရှိခဲ့ရာ ယခုမြင်တွေ့ရသော အချက်များအရ စီးပွားရေးဦးမော့လာရန် အလားအလာကောင်းများစွာ ရှိလာခဲ့ပြီဟု ဆိုရပါမည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အစိုးရတစ်နှစ်ပြည့် မိန့်ခွန်းတွင် စီးပွားရေးနှင့်ပတ်သက်၍ အလေးထားထည့်သွင်းပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ်သည် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုအရှိန်အဟုန်ရလာမည့် ငြိမ်းချမ်းရေးနှစ်တစ်ခုဖြစ်သလို၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့် စီးပွားရေးနှစ်တစ်ခုလည်း ဖြစ်လာမည်ဟု ယူဆပါကြောင်း တင်ပြရပါသည်။ ။




## တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၉**

တရားရုံး အသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးရှိ တရားသူကြီးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၉ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

**(သတင်းစဉ်)**

## ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

**လှိုင်ကော် ဇူလိုင် ၉**

ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဇူလိုင် ၇ ရက်က လှိုင်ကော်ခရိုင်ဦးစီးမှူး (ယာယီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းတန်၏ ကြီးကြပ် မှုဖြင့် NRC အဖွဲ့တို့ပူးပေါင်းကာ လှိုင်ကော်မြို့နယ် လှိုင်လင်လေးကျေးရွာ အ.ထ.က နှင့် ဖရူဆိုမြို့နယ် ထီးပေါ်ဆို ကျေးရွာ အ.ထ.က(ခွဲ) ကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ နေ့ချင်းပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများအား စနစ်တကျ ထိန်းသိမ်းကိုင်ဆောင်ကြရန် ပညာပေး ရှင်းလင်းပြီး တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး (ရွှေပေါက်ကံ့)**

## ဘဏ်လုပ်ငန်းစနစ် တည်ငြိမ်မှုရှိရန်အတွက် ဘဏ်များလိုက်နာဆောင်ရွက်ရမည့် အမိကစည်းမျဉ်းများကို ဗဟိုဘဏ်မှ ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၉**

ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ်များအားကောင်းခိုင်မာစေရေးနှင့် ဘဏ်လုပ်ငန်းစနစ် တည်ငြိမ်မှုရှိရန်အတွက် ဘဏ်များလိုက်နာဆောင်ရွက်ရမည့် အမိကစည်းမျဉ်းများဖြစ်သော မတည်ငွေရင်း လုံလောက်မှုဆိုင်ရာစည်းမျဉ်း၊ ရရန်ပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာစည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်းနှင့် ငွေကြေးလွယ်ကူမှု အချိုးသတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇူလိုင် ၇ ရက်တွင် ထုတ်ပြန်လိုက်သည်။

စည်းမျဉ်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းဘဏ်များ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအကြား ဇူလိုင် ၄ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။

စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www. cbm.gov.mm) တွင် ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၉-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ . ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၀ |
| တရုတ် | တစ်ယွမ် | ၂၀၀ . ၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ . ၈၅ |

မြန်မာ့အလင်း

၁၂၃၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

* ရှေ့ဖုံးမှ

သိရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့မလျော့စေရန်နှင့် နောင်လာနောက်သားများ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ အာဇာနည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပနေခြင်းဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/ ၂၀၁၇ ဖြင့် အဖွဲ့ဝင် ၁၈ ဦးဖြင့် လည်းကောင်း၊ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၂၆ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို ဇွန်လ ၁၆ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ဆပ်ကော်မတီ ရှစ်ခုဖွဲ့စည်းကာ ဆုံးဖြတ်ချက် (၂၂)ချက် ချမှတ်ခဲ့ပါကြောင်း၊ ဇွန်လ ၂၅ ရက်နေ့ ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်နေအိမ်ပြတိုက်နှင့် အတွင်းဝန်ရုံးနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ဆောင်ရွက်ရန် အချက်(၁၀)ချက် သတ်မှတ်ခဲ့ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် နှစ်(၇၀) ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းတင်ပြစဉ်



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးရှင်းလင်းတင်ပြစဉ်

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြသရေးဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အလံတင်အခမ်းအနား ကျင်းပရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူဆောက်ရွက်ထားရှိမှု အခြေအနေများကို ဒုတိယသမ္မတအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)



# မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၉**

မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာစာပေတွင်တန်ဖိုးရှိသည့် အကောင်းဆုံးစာအုပ်စာပေများကို ယခင်အစဉ်အဆက်ကတည်းက ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း၊ ဟားဗတ်တက္ကသိုလ်က Havard Classic ဆိုပြီး ကမ္ဘာ့စာပေထဲမှ အကောင်းဆုံးလက်ရာများကို စုစည်းပြီး ထုတ်ဝေခဲ့သလိုမျိုး အတုယူပြီးလုပ်ခြင်းဟု ပြော၍ရပါကြောင်း၊ မြန်မာစာအုပ် ၁၀၀ စာအုပ်ထုတ်ဝေရေးအတွက် တက်ရောက်လာကြသည့် စာပေပညာရှင်များကလည်း ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)နှင့် စာပေပညာရှင်များက မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ပြည်သူ့ဆန္ဒအမှန်သိရှိရေးနှင့် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ရေး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကာ အလှူငွေများ လှူဒါန်းပြီး မြောက်ဦးမြို့နယ် တိန်ညိုရွာဘုန်းတော်ကြီးကျောင်း၊ နရမ်းကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် မင်းပြားမြို့နယ် ခေါင်းလောင်းရွာသစ်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စစ်တွေမြို့နယ် စက်ရုံစုရပ်ကွက်၊ ဓမ္မာရာမဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုသင်္ကန်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာနှင့် အပေါက်ဝကျေးရွာများသို့ ရောက်ရှိစဉ် ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာ၌ ပြည်သူ့ထံသို့ အရောက်လာပြီး ပြည်သူများ၏ဆန္ဒအမှန်၊ ပြည်သူ့အသံများ နားထောင်ကာ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက်ဖြစ်ပါကြောင်း ပြောကြားပြီး ဒေသခံတိုင်းရင်းသားများ၏ ဆွေးနွေးတင်ပြမှုအပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ မြောက်ဦးခရိုင်အတွင်း မြို့နယ်လေးမြို့နယ်မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ အသုံးပြုရန် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ အသက်ကယ်အင်္ကျီ



အထည် ၂၀၀၊ သရက်တပင်အထက်တန်းကျောင်းခြံစည်းရိုး အရေးပေါ်ပြုပြင်ကာရံခြင်းအတွက် ငွေကျပ် သိန်း ၂၀၊ သဘာဝဘေးကြောင့် ပျက်စီးသွားသော သရက်တပင်ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်ပြုပြင်ရန်အတွက် မတည်ငွေကျပ်ငါးသိန်း၊ သရက်တပင်ကျေးရွာအုပ်စုနှင့် အပေါက်ဝကျေးရွာအုပ်စုတို့အတွက် သဘာဝဘေးဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးအတွက် အသုံးပြုနိုင်ရန် ငွေကျပ် ၄၄ သိန်း တန်ဖိုးရှိ ဖိုက်ဘာစက်တပ်လှေနှစ်စင်း ထောက်ပံ့ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ မရမာကြီးတိုင်းရင်းသားများ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး စခန်းတာဝန်ခံများ၊ စခန်းတွင်နေထိုင်သူများနှင့် တွေ့ဆုံကာ ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် ဆွေးနွေးခဲ့ပြီး အရေးပေါ်လိုအပ်နေသော နေအိမ်သုံးမီးတာပုံများ တပ်ဆင်ပေးရေးအတွက် ငွေကျပ် ၇၂ သိန်းထောက်ပံ့ခဲ့သည်။ ထို့အပြင် စခန်းနေပြည်သူများအတွက် အဝတ်အထည်များ၊ ကလေးငယ်များအတွက် စားစရာများနှင့် ကစားစရာအရုပ်အများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၉** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ (မိုး/ဇလ)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးနှင့် အဖွဲ့ဝင်များ ဂျပန်ဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ် (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဂယာမြို့ရှိ ဗုဒ္ဓဝင်အထိမ်းအမှတ်နေရာများအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၉**

အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ဂယာမြို့အတွင်းရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အထိမ်းအမှတ်နေရာများ၊ ဘုရားကျောင်းဆောင်များနှင့် စေတီတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးသည် ဂယာမြို့ရှိ ဂျပန်နိုင်ငံမှ တည်ထားကိုးကွယ်သော ဂျပန်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဂယာမြို့မှ အာမက်ဒါဘတ်မြို့သို့ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အာမက်ဒါဘတ်မြို့လေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်တွင် အမှတ်(၁၁)တပ်မမှူး Maj. Gen. ANIL PURI နှင့်ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာစာပေတွင် အကောင်းဆုံးစာအုပ် ၁၀၀ ထုတ်ဝေရန် စီစဉ်လျက်ရှိ

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**

**မြန်မာစာပေတွင် တန်ဖိုးရှိသည့် အကောင်းဆုံးစာအုပ်များစုစည်းပြီး အကောင်းဆုံးမြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားပါသည်။

**ဒေါက်တာဖေမြင့်**
**(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**

မြန်မာစာအုပ် ၁၀၀ တစ်နည်းပြောရင် မြန်မာစာပေမှာ အကောင်းဆုံးစာအုပ် ၁၀၀ (သို့မဟုတ်)မြန်မာစာပေထဲမှာ လေ့လာဖတ်ရှုမယ်ဆိုရင် အသင့်တော်ဆုံးစာအုပ် ၁၀၀ ဆိုပြီး ရွေးချယ်ထုတ်ဝေဖို့ လုပ်နေပါတယ်။ မြန်မာစာပေပညာရှင်ကြီးတွေလည်း တိုင်ပင်ပြီးလုပ်ပါမယ်။ စာအုပ် ၁၀၀ ထဲမှာ ဘာသာရပ်စုံလင်အောင် ပါဝင်ဖို့ မျှမျှတတ ပါဝင်သင့်တဲ့ အချိုးအစားညီညီမျှမျှပါဝင်ဖို့ တိုင်ပင်ထားပါတယ်။ နောက်နှစ်ပတ်လောက်မှာ စာအုပ်စာရင်းမူကြမ်းပြဖို့ စီစဉ်ထားပါတယ်။ စာအုပ်စာရင်း အတိအကျထွက်ပြီဆိုရင် စာအုပ်ပြုစုတဲ့ အလုပ်ဆက်လုပ်ပါမယ်။ စာမူတွေ ရွေးချယ်စိစစ်ပြီး တည်းဖြတ်ရင် စာအုပ်ပုံနှိပ်ထုတ်ဝေတဲ့အပိုင်းကတော့ မြန်မြန်ဆန်ဆန်လုပ်လို့ရတယ်။ စာအုပ် ၁၀၀ ဆိုတော့ တစ်လမှာ လေးအုပ်လောက်ထုတ်သွားရင် တစ်နှစ်မှာ ၄၈ အုပ်၊ နှစ်နှစ်ကျော်ကျော်လောက်ဆိုရင် စာအုပ် ၁၀၀ ပြည့်ပြည့်စုံစုံပြီးသွားမယ်လို့ မျှော်လင့်ထားပါတယ်။

ဒီစာအုပ်တစ်အုပ်ဆိုရင် ဘယ်စာအုပ်တိုက်က ထုတ်ဝေထားတာရှိသလဲ၊ သို့သော် စာအုပ်မူပိုင်ရှင်က စာရေးသူသာဖြစ်ပါတယ်။ စာရေးသူဆီက မူပိုင်ခွင့်ကိုတောင်းခံပြီး သူကျသင့်ကျထိုက်သော ဉာဏ်ပူဇော်ခပေးပြီးတော့ စာစဉ်ထဲမှာ ထည့်သွင်းခွင့်တောင်းပြီး စာအုပ်ကိုပြန်ပြီး တည်းဖြတ်ရတဲ့အပိုင်းလေးတွေရှိမယ်။ တချို့စာအုပ်တွေကြတော့ နဂိုရှိပြီးသားစာအုပ်ကို မူသစ်အနေနဲ့ လုပ်တာမဟုတ်ဘဲ အသစ်ပြုစုစုစည်းရတာမျိုးတွေ ရှိပါမယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မီဒီယာများအား ဖြေကြားစဉ်

အဲဒါမျိုးကြတော့ ပညာရှင်တွေ၊ တစ်ဦးချင်းကျွမ်းကျင်သူတွေကိုအပ်နှံပြီး လုပ်ရမှာဖြစ်ပါတယ်။ အဲဒါတွေက အချိန်နည်းနည်းကြာမယ်။ Havard Classic ဆိုတာက Havard တက္ကသိုလ်က နှစ်အတော်ကြာပါပြီ။ သူက Havard Classic ဆိုပြီးတော့ ဒီလိုစာတွဲတွေပေါ့။ သူက ကမ္ဘာ့စာပေထဲက အကောင်းဆုံးလက်ရာတွေ စုစည်းပြီးထုတ်တယ်။ ဖြန့်ချိတဲ့အခါမှာ ငါးပေရှည်တဲ့စာအုပ်စင်တစ်စင်မှာ တင်လိုက်ရင် စာအုပ်တွေအပြည့်ပဲ။ ၅၀၊ ၅၁တွဲရှိတယ်။ အဲဒီခေတ်က ဟားဗတ်တက္ကသိုလ်ပညာရှင်များက စုစည်းပြီး တင်ဆက်တယ်။ ကမ္ဘာ့စာပေ အကောင်းဆုံးလက်ရာတွေ ဖြစ်တယ်။ သူတို့ရွေးချယ်တဲ့ အစီအစဉ်ပေါ့။ ရည်ရွယ်ချက်က Havard Classic ဖတ်လိုက်ရင် ကမ္ဘာ့စာပေ၊ ကမ္ဘာ့အတွေးအခေါ်ဗဟုသုတ သိသင့်သိထိုက်တာတွေကို တော်တော်ပြည့်စုံစွာ သိသွားမယ့်ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။ တခြားနိုင်ငံတကာထုတ်တဲ့ စာအုပ်စာတမ်းတွေ ရှိပါတယ်။ အကောင်းဆုံးလက်ရွေးစင် စာပေဆိုတာလည်း ရှိပါတယ်။ အဲဒီလိုသဘောမျိုးကို အတုယူပြီးလုပ်တာလို့ ပြောလို့ရပါတယ်။ မြန်မာစာပေမှာရှိတဲ့ အကောင်းဆုံးစာပေတွေ လက်ရွေးစင်စာပေတွေ စုစည်းပြီးထုတ်ပါတယ်။ စာအုပ်စာတန်းတွေက အမြောက်အမြားရှိတယ်။ အကြောင်းအရာ၊ အမျိုးအစား၊ ခေတ်ကာလအသီးသီးမျှမျှတတ ပါဝင်ဖို့ လုပ်သွားပါမယ်။

အဓိကရည်ရွယ်ချက်က စာပေကို ဖတ်ရှုလေ့လာမယ့် အရွယ်တွေ၊ လူငယ်တွေဖတ်မယ်ဆိုရင် စိတ်ဝင်စားနိုင်မယ့် အတိုင်းအတာ၊ လောလာဆယ် စိတ်မဝင်စားသော်လည်း သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို မျှတအောင် ထည့်ဖို့ ရည်ရွယ်ထားပါတယ်။

ဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ)



**ဒေါက်တာခင်အေး(မောင်ခင်မင်- ဓနုဖြူ)**

မြန်မာစာအုပ် ၁၀၀ ထုတ်ဝေရေးအတွက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် ဇွန်လကတည်းက ဒီစိတ်ကူးနဲ့ လမ်းညွှန်ခဲ့ပါတယ်။ ပညာရှင်အဖွဲ့ လူ ၂၀ လောက်ပါပါတယ်။ လူ ၂၀ လောက်နဲ့ စာပေစကားဝိုင်းတစ်ခု နှစ်ဆန်းတုန်းက လုပ်ခဲ့တယ်။ အထူးသဖြင့် လူငယ်တွေ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ် ၁၀၀ ကို စုစည်းထုတ်ဝေမယ်ဆိုတဲ့ အစီအစဉ်နဲ့ ဆွေးနွေးခဲ့တာဖြစ်တယ်။ နယ်ပယ်အသီးသီးက သုတစာပေ၊ ရသစာပေဘာသာရပ်မျိုးစုံ အသီးသီးကို ဝိုင်းဝန်းဆွေးနွေးပြီး စာအုပ်တွေထုတ်သင့်တယ်။ ဆွေးနွေးပွဲမှာ စာအုပ်နာမည်နဲ့ စာအုပ်ထုတ်ဖို့ စာအုပ်လေးအုပ်ကို ဝန်ကြီးဌာနက အတည်ပြုတယ်။ ထုတ်ဝေဖို့ ပညာရှင်တွေအားလုံးစုစည်းပြီး ဒီနေ့ဆွေးနွေးတာဖြစ်ပါတယ်။

စာအုပ် ၁၀၀ ထုတ်မယ့်အစီအစဉ်ကိုစပြီး အကောင်အထည် ဖော်ဆွေးနွေးတာပါ။ ထုတ်ဝေသင့်တဲ့ စာအုပ်တွေ ပြုစုပြီး ဝိုင်းဝန်းဆွေးနွေးမယ်။ ဘယ်စာအုပ်တွေထုတ်မယ်။ စာအုပ်စာရင်းရရင် ဆက်ထုတ်မယ်။ စာအုပ်ထုတ်မယ့်ကာလက နှစ်နှစ်ကြာမယ်။ အဲဒီကာလအတွင်းမှာ စာအုပ်တွေတစ်အုပ်ပြီး တစ်အုပ်ထုတ်ဝေသွားမယ်။ မြန်မာစာအုပ် ၁၀၀ ကို တစ်စုတစ်စည်းတည်း စာစဉ်တစ်ခုကနေ စာအုပ် ၁၀၀ ထုတ်ဝေတဲ့ အစီအစဉ်မျိုးတော့ မရှိသေးဘူး။ သက်ဆိုင်ရာစာအုပ်တိုက်တွေကတော့ စာအုပ်နံပါတ်စဉ်တပ်ပြီး ပုဂ္ဂလိကထုတ်တာပေါ့။ စာပေဗိမာန်အဖွဲ့အစည်းအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်တွေရွေးပြီး စာအုပ် ၁၀၀ ထုတ်တာမျိုးအစီအစဉ် အရင်တုန်းကမရှိခဲ့ဘူး။ ဘာသာရပ်မျိုးစုံ၊ထောင့်စုံက အရင်ထုတ်ပြီးသား စာအုပ်တွေကို ပြန်ထုတ်မှာပါ။ ထုတ်ပြီး စာအုပ်တွေမှာ ၂၀ ရာစုအတွင်း ထင်ရှားတဲ့ စာပေအမျိုးမျိုးပေါ့။ သုတစာပေဆိုရင် အတွေးအခေါ်၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ခရီးသွားမှတ်တမ်း စသဖြင့် စာအုပ်မျိုးတွေရှိသလို ရသစာပေမှာလည်း ကဗျာ၊ ပြဇာတ်၊ ကောင်းနိုးရာရာ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့တဲ့ တစ်ခေတ်တစ်ခါက စာအုပ်တွေထဲကရွေးပြီး ပြန်စုစည်းထုတ်ဝေမှာဆိုတော့ စာဖတ်တဲ့သူတွေ ဗဟုသုတအများကြီးရနိုင်ပါတယ်။ စာအုပ် စာတမ်းတွေ အမြန်ထွက်ဖို့၊ ရသစာပေဖွံ့ဖြိုးဖို့၊ လူငယ်တွေ စာများများဖတ်ဖို့၊ စာပေထွန်းကားဖို့ လုပ်နေတဲ့ကိစ္စဖြစ်တဲ့အတွက် စာပေလောကအတွက် အင်မတန်ကောင်းပါတယ်။ ဒီလိုစာအုပ်တွေ ထွက်လာတဲ့အတွက် စာပေလောက ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးအထောက်အကူဖြစ်တယ်။ ကောင်းတဲ့စာအုပ်တွေကို ရွေးချယ်ပေးမယ်။ ဆွေးနွေးပါမယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် အမှာစကား ပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး မီဒီယာများကိုဖြေကြားစဉ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း မီဒီယာများကို ဖြေကြားစဉ်



ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်း မီဒီယာများကို ဖြေကြားစဉ်



ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ မအိဆွေမြတ် မီဒီယာများကို ဖြေကြားစဉ်



ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ဗဟိုအလုပ်အမှုဆောင် ကိုဝင်းလွင်အောင် မီဒီယာများကို ဖြေကြားစဉ်



ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအလံ

❍ ကျော်ဖုံးမှ

၈၈ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးဖြိုးမင်းသိန်းက ယခုလို ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်လှစ်နိုင်ခြင်းသည် အရေးကြီးသည့် သမိုင်းမှတ်တိုင်သစ်တစ်ရပ်ဖြစ်ကြောင်း သတင်းမီဒီယာများအား ပြောကြားသည်။

၈၈ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ပြန်ပြောင်းပြောဆိုရာတွင် “ကျွန်တော်တို့ ကျောင်းတက်ခဲ့စဉ်ကာလမှာ ကျောင်းသားလှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီအရေး ပြုပြင်ပြောင်းလဲဖို့အတွက် ရှည်လျားတဲ့သမိုင်းမှာ ပါဝင်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂ တရားဝင်ရပ်တည်ခွင့်ရဖို့ ပြုလုပ်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုကြီးဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂ အဆောက်အအုံကြီးနေရာမှာ ကျောင်းသားတွေရဲ့စုစည်းတဲ့ နေရာတစ်ခုအဖြစ် ပြန်လည်ပေါ်ထွန်းဖို့ ကျွန်တော်တို့ လမ်းမပေါ်ထွက်ခဲ့ကြပါတယ်။ ဒီကနေတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်း ဒီမိုကရေစီရရှိရေး၊ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရေးဆိုတဲ့ နိုင်ငံရေးလှုပ်ရှားမှုကြီး အဆင့်ထိတိုးမြှင့်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့ နိုင်ငံက ဒီမိုကရေစီ နိုင်ငံတော်လမ်းကြောင်းပေါ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီမိုကရေစီပန်းတိုင်ကိုရောက်ဖို့ ဆက်လက်ရုန်းကန်ကြရဦးမှာဖြစ်ပါတယ်”ဟု ဆိုသည်။

သို့အတွက် ဤနေရာတွင် ယခုကဲ့သို့ ရပ်တည်ခွင့်ရသည့်အတွက် ကျောင်းသားသမဂ္ဂ၏ ခွပ်ဒေါင်းအလံကိုကိုင်ရင်းတိုက်ပွဲဝင်ခဲ့သော ကျောင်းသားခေါင်းဆောင်များကို ဤနေရာက ဦးညွှတ်ပါသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် ပညာသင်ကြားလျက်ရှိပြီး လက်ရှိ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့က ဖွဲ့စည်းခဲ့ကာ သမဂ္ဂအဖွဲ့ဝင် ကျောင်းသား ကျောင်းသူ ၅၀ ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဖြစ်သူ မအိဆွေမြတ်က “ရုံးခန်းရဖို့ ကြိုးစားခဲ့တာတော့ နှစ်နဲ့ ချီနေပါပြီ။ အရင်တုန်းကတော့ အခြေအနေအရပ်ရပ်ကြောင့် အဆင်မပြေခဲ့ပါဘူး။ အခုအချိန်မှာတော့ ရုံးခန်းရပြီ။ ကျောင်းသားတွေအတွက် ရုံးခန်းမှာထိုင်ပြီး အေးအေးဆေးဆေးလုပ်ဆောင်စရာကိစ္စတွေကို ကျောင်းနဲ့ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဝမ်းသာပါတယ်”ဟု ဆိုသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ လက်ရှိ မူဝါဒနှင့်ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင် ကိုဝင်းလွင်အောင်က “Student First Policy ပါ။ ကျောင်းတွေ အကုန်လုံးကို ကိုယ်စားမပြုနိုင်သေးတဲ့ အချိန်မှာကျောင်းသားတွေ ဘာလိုချင်သလဲဆိုတဲ့ အသံကို ကျွန်တော်တို့ ရအောင်နားထောင်ပါတယ်။ ကျောင်းသားတွေ ဖြစ်ချင်တာတွေကို လုပ်ပေးဖို့အတွက် ကျောင်းသားဆန္ဒကို အဓိကထားတဲ့ မူဝါဒနဲ့ သွားပါတယ်”ဟုပြောသည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂရုံးခန်း ပြန်လည်ပေါ်ပေါက်လာခြင်းသည် သမိုင်း၏ အလှည့်အပြောင်းတစ်ရပ်ဟုဆိုရပေမည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သည့် ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တော်လှန်ရေးကောင်စီခေတ် ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက် ကျောင်းသားလှုပ်ရှားမှုအရေးတော်ပုံနှင့်အတူ ဇူလိုင် ၈ ရက်နံနက်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံမှာ ဖြိုခွဲဖျက်ဆီးခံခဲ့ရခြင်းဖြစ်ရာ ၎င်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအရေးပေါ် ပါတီညီလာခံ၌ ထိုစဉ်ကပါတီဥက္ကဋ္ဌဖြစ်သူ ဦးနေဝင်းက ၎င်း၏ နှုတ်ခွန်းဆက်မိန့်ခွန်းတွင် သမဂ္ဂ အဆောက်အအုံဖောက်ခွဲဖျက်ဆီးရန် ၎င်းအနေဖြင့် အမိန့်မပေးခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကျောင်းသားသမဂ္ဂစည်းကမ်းတကျ ဖွဲ့စည်းနိုင်ရေးနှင့် ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးအတွက်လည်း နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် “ကျောင်းသားလူငယ်များက ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကို တောင်းဆိုနေကြပါတယ်။ ကျောင်းသားသမဂ္ဂ စည်းကမ်းတကျ ဖွဲ့စည်းဖို့ ကျွန်တော်တို့ သဘောတူပါတယ်။ ၁၉၆၂ က ဖြိုခွဲခြင်းခံခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကို ကျွန်တော်တို့ ပြန်လည်တည်ဆောက်ပေးပါမယ်။ အေးချမ်းတည်ငြိမ် စိုးရိမ်ဒေါသကင်းတဲ့ မကြာသောတစ်နေ့မှာ ကျွန်တော်တို့ ပျော်ပျော်ပါးပါး အဆောက်အအုံအုတ်မြစ်ချပွဲကျင်းပကြရအောင်” ဟု တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့ ပြောကြားခဲ့သော်လည်း ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးနှင့် ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးမှာအကြောင်းကြောင်းကြောင့် အကောင်အထည်ပေါ် မလာခဲ့ချေ။ ယခုမူသမိုင်း၏ အလှည့်အပြောင်းတစ်ရပ်အဖြစ် ပြန်လည်ပေါ်ပေါက်လာပေတော့မည်။

“အခုရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံအတွက်လည်း ပညာရေးဝန်ကြီးဌာနဘတ်ဂျက်က ရှိပြီးပါပြီ ”ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ပွဲတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂရုံးခန်းသည် ရန်ကုန်တက္ကသိုလ်သိပ္ပံဆောင်ရှိခန်းမတစ်ခုတွင် ဖွင့်လှစ်ထားရှိသည်။

တစ်ချိန်ကကျောင်းသားသမဂ္ဂတွင် ပါဝင်ခဲ့သူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က “ရန်ကုန်တက္ကသိုလ် ထွန်းပြောင်ဖို့ကြိုးစားသလို ကျောင်းသားသမဂ္ဂထွန်းပြောင်ဖို့လည်း လိုပါတယ်”ဟု ဆိုသည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ရန်ကုန်တက္ကသိုလ် သမဂ္ဂ၏ လုပ်ဆောင်ချက်များကို ကန့်သတ်မှုမရှိဘဲ လွတ်လွတ်လပ်လပ်လုပ်ဆောင်နိုင်ကြောင်း မြန်မာ့သတင်းစဉ်၏ သီးခြားမေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ရန်ကုန်တက္ကသိုလ် သမဂ္ဂရုံးခန်းတည်ရှိရာ သိပ္ပံဆောင်အနီးရှိ ရန်ကုန်တက္ကသိုလ်၏ အထင်ကရသစ်ပုပ်ပင်ကြီးကမူ ယနေ့ကျင်းပသည့် သမိုင်းဝင်အခမ်းအနားကို ကျေနပ်ပီတိဖြစ်နေပါလိမ့်မည်။

“ဒီနေရာကနေ ရန်ကုန်တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်တဲ့ ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူငယ်မောင်မယ်များမွေးထုတ်ပေးနိုင်ပါစေ”ဟူသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဆုတောင်းစကားကလည်း ခေတ်အဆက်ဆက်ကျောင်းသား လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူ ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့် သမဂ္ဂအဖွဲ့ဝင် ကျောင်းသားများအတွက် ကျေနပ်စရာပင်။



ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ -(၂၁)ရာစုပင်လုံပြန်လည်စတင်လိုက်တာဟာ ပါဝင်ပတ်သက်သူအားလုံးကို ညှိနှိုင်းဆွေးနွေးတဲ့စားပွဲပေါ် ရောက်ရှိစေချင်တဲ့ အစိုးရရဲ့ပြင်းပြတဲ့အာသီသဖြစ်တယ်လို့မြင်ပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

■ ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး

**ဇူလိုင် ၉ - ရက်ထုတ်** The Global New Light of Myanmar **သတင်းစာတွင်ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးအခြေအနေတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး** Mr. Jukr Boon-long **နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**

**မေး ။ ။ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့်မို့ ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကိုသိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ရဲ့ဆက်ဆံရေးဟာ ကောင်းမွန်တဲ့အခြေအနေမှာရှိတယ်လို့ ပြောရမှာဖြစ်တယ်။ နိုင်ငံရေးအရဆိုရင် အစိုးရနဲ့ရော ကာကွယ်ရေးဝန်ကြီးဌာနနဲ့ပါ လွန်စွာပဲ အကျွမ်းတဝင်ရှိပါတယ်။ အဆင့်မြင့်အရာရှိတွေ နှစ်နိုင်ငံအကြား အပြန်အလှန် သွားရောက်လည်ပတ်မှုများစွာ ရှိခဲ့ပါတယ်။ ရေတပ်အချင်းချင်းဆွေးနွေးမှုတွေပြုလုပ်နိုင်တဲ့ ပူးတွဲကော်မတီနဲ့ အပြန်အလှန်ဆက်ဆံရေးမြှင့်တင်နိုင်တဲ့ မြို့နယ်ကော်မတီတွေရှိနေပါတယ်။ နယ်စပ်တစ်လျှောက်မှာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားမြှင့်တင်ရေးနဲ့ နှစ်နိုင်ငံအကြား အတွေ့အကြုံနဲ့ ဗဟုသုတ အပြန်အလှန်မျှဝေမှုတွေ ရှိနေပါတယ်။ ထိုင်းရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေလည်း မြန်မာနိုင်ငံမှာရှိနေပါတယ်။

ဒီမှာတစ်ခုပြောချင်တာက ထိုင်းအစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဆုံးဖြတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ဒါ့အပြင် ထိုရင်းနှီးမြှုပ်နှံမှုနဲ့အတူ မြန်မာပြည်ကိုလည်း ပြန်ပြီးအကျိုးပြုဖို့ဆန္ဒရှိနေပါတယ်။ PTTEP ရေနံနဲ့သဘာဝဓာတ်ငွေ့ကုမ္ပဏီနဲ့ SCD ဘိလပ်မြေကုမ္ပဏီတို့ ဟာ CSR ကျင့်ဝတ်နဲ့အညီ တာဝန်ယူမှု တာဝန်ခံမှုနဲ့အတူ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ ကူညီပံ့ပိုးမှုများစွာ လုပ်ခဲ့ပါတယ်။ အလားတူ ထိုင်းဘဏ်လုပ်ငန်းကုမ္ပဏီတွေလည်း လူမှုရေးလုပ်ငန်းတွေမှာ တာဝန်ကျေခဲ့ပါတယ်။ Siam ကော်မာရှယ်ဘဏ်၊ K ဘဏ်နဲ့ Bangkok ဘဏ်တို့ဟာ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍနဲ့ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ပါဝင်လျက်ရှိပါတယ်။ ထိုင်းပုဂ္ဂလိကကဏ္ဍက ဖော်ဆောင်ခဲ့တဲ့ CSR စီမံကိန်းတွေ မြန်မာနိုင်ငံမှာ အများအပြားရှိနေပါတယ်။ ဒါဟာ နိုင်ငံရေးအရရော ပြည်သူအချင်းချင်း ထိတွေ့မှုအရပါ လွန်စွာအရေးကြီးပါတယ်။ အပြန်အလှန်လည်ပတ်မှုများပြားကြတဲ့အတွက် ကျွန်တာ်တို့ဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးခဲ့ကြပြီး ယခုအခါမှာ များပြားတဲ့ ထိုင်းနိုင်ငံသားတွေ မြန်မာနိုင်ငံကို လာရောက်လည်ပတ်နေကြပါပြီ။

ရွှေတိဂုံဘုရားသွားရင် ထိုင်းနိုင်ငံသားတွေမတွေ့ရတဲ့နေ့မရှိသလောက်ပါပဲ။ ဗိုလ်ချုပ်ဈေးမှာလည်း အမြဲလိုလို ဈေးဝယ်တဲ့ထိုင်းနိုင်ငံသားတွေ တွေ့ရပါတယ်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်လို့ ဝမ်းမြောက်ရသလို လာမယ့်နှစ်မှာ မြန်မာနိုင်ငံနဲ့ နှစ် (၇၀)မြောက် သံတမန်ဆက်ဆံရေး အခမ်းအနား ကျင်းပသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးခိုင်မြဲဖို့ လူနေမှုဘဝ သို့မဟုတ် အထည်ရက်လုပ်မှု သို့မဟုတ် ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲတွေကျင်းပဖို့ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း မြန်မာမိတ်ဆွေတွေနဲ့အတူ ယဉ်ကျေးမှုကပွဲတွေ၊ ပန်းချီပြပွဲတွေ ကျင်းပဖို့ရှိပါတယ်။

**မေး ။ ။ ထိုင်းနိုင်ငံရဲ့အတွေ့အကြုံပေါ်မူတည်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ ။ ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ နိုင်ငံတိုင်းလိုလို အခက်အခဲအနည်းနဲ့အများတော့ရှိမယ်လို့ထင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလအတွင်းမှာ လူမှုယဉ်ကျေးမှုရဲ့ အခြေအနေပေါ်မှာ မူတည်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်တာဝန်ကိုစတင်ယူပြီးကတည်းက မတူညီတဲ့အသံတွေကို နားထောင်ပြီး အားလုံးပါဝင်မှုနဲ့ ရိုးသားပွင့်လင်းမှုအပေါ် အခြေခံတဲ့ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့လက္ခဏာတစ်ရပ်ဖြစ်သလို ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက်လည်း သော့ချက်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့အတူ-(၂၁)ရာစုပင်လုံ ပြန်လည်စတင်တာဟာ ပါဝင်ပတ်သက်သူအားလုံးကို ညှိနှိုင်းဆွေးနွေးတဲ့စားပွဲပေါ်ရောက်ရှိစေချင်တဲ့ အစိုးရရဲ့ပြင်းပြတဲ့အာသီသဖြစ်တယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ ဒုတိယအကြိမ်ပင်လုံညီလာခံမှာ အချက် ၃၇ ချက်သဘောတူညီမှုရရှိခဲ့တယ်လို့ကြားရတဲ့အတွက် ဒါဟာကောင်းမွန်တဲ့လက္ခဏာတစ်ရပ်ပါပဲ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အဓိကလိုအပ်ချက်ကတော့ ပါဝင်ပတ်သက်သူအချင်းချင်းအကြား ယုံကြည်မှု တည်ဆောက်ဖို့လိုတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ပါဝင်ပတ်သက်သူတွေအနေနဲ့ ငြိမ်းချမ်းရေးလက်မှတ် အပြီးသတ်ထိုးပြီးရင် ဘာတွေဖြစ်လာမလဲဆိုတာနဲ့ ပတ်သက်ပြီး ခေါင်းဆောင်တွေအပေါ် ယုံကြည်မှုရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ စေ့စပ်ဆွေးနွေးပွဲလုပ်ဆောင်စဉ်မှာ သူတို့ယုံကြည်အောင် အာမခံချက်ပေးဖို့လိုပါတယ်။



ထိုင်းနိုင်ငံသံအမတ်ကြီး
Mr. Jukr Boon-long

**မေး ။ ။ မြန်မာအနေနဲ့ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးတယ်လို့ခံယူပါတယ်။ ဒါ့ကြောင့် နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံမှာ ထိုင်းနိုင်ငံရဲ့ ချိတ်ဆက်မှုစီမံကိန်းနဲ့ ဖွံ့ဖြိုးရေးအစီစဉ်တွေနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို မျှဝေပေးပါလား။**

ဖြေ ။ ။ ကျွန်တော်တို့မှာ မူဝါဒ၊ အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍတွေရှိပါတယ်။ မြန်မာပြည်သူတွေ အကျိုးရှိမယ့် အတွေ့အကြုံဗဟုသုတတွေကို မျှဝေမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်စေမယ့် အပြောင်းအလဲတွေ ဖြစ်ပေါ်လာတာနဲ့ မြန်မာပြည်သူတွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ရှိပါတယ်။ အဲ့ဒါနဲ့အတူ ချိတ်ဆက်မှုလုပ်ငန်းတွေကိုပါ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ခုချိန်မှာ ထိုင်းကနေ မြန်မာနိုင်ငံကိုဝင်ရောက်နိုင်တဲ့ ဝင်ပေါက် လေးခုပဲရှိသေးတဲ့အတွက် ဝင်ပေါက်တွေထပ်မံတိုးချဲ့ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ချိတ်ဆက်မှုနဲ့ပတ်သက်ရင် ထိုင်းကနေမှတစ်ဆင့် ဗီယက်နမ်နိုင်ငံ ဒါနန်ကနေ အနောက်-အရှေ့ စီးပွားရေးစင်္ကြံရှိထားပြီးဖြစ်ပါတယ်။ အဲ့ဒီကနေတစ်ဆင့် မဲဆောက်နဲ့ မြဝတီရှိပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ချိတ်ဆက်မှုနဲ့အတူ လမ်းများဆောက်လုပ်ခြင်းဟာ အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ကောင်းစွာသဘောပေါက်ပါတယ်။ ဒါကြောင့်မို့လည်း မြဝတီကနေ ကော့ကရိတ်အထိ လမ်းများဖောက်လုပ်ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်းအတွက် မြန်မာအစိုးရကို ကျွန်တော်တို့ ပံ့ပိုးကူညီလျက်ရှိပါတယ်။ ဒုတိယမြောက် တံတားပြီးသွားတဲ့အခါ လွတ်လပ်တဲ့ ကုန်စည်စီးဆင်းမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံဟာ နိုင်ငံရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နေချိန်မှာ စောစောက အဆွေတော်ပြောခဲ့တဲ့ အနောက်-အရှေ့စင်္ကြံ အာရှလမ်းမကြီးနဲ့အတူ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအပေါ် ထိုင်းနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါလား။**

ဖြေ ။ ။ လောလောဆယ်မှာတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ကုန်သွယ်မှုလုပ်နေတဲ့ ထိုင်းလုပ်ငန်းရှင်တွေများစွာရှိပါတယ်။ သို့သော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝရရှိဖို့အတွက် လိုအပ်ချက်တွေရှိနေပါသေးတယ်လို့ပြောရမှာဖြစ်ပါတယ်။ အခြေခံအဆောက်အအုံ၊ လမ်းတံတား၊ လျှပ်စစ်မီးနဲ့ အခြားသောကဏ္ဍတွေမှာ လိုအပ်ချက်ရှိနေပါသေးတယ်။ ဒါကြောင့်မို့ ထိုင်းလုပ်ငန်းရှင်တွေဟာ ဒုတိယမြောက် ချစ်ကြည်ရေးတံတားနဲ့အတူ မြဝတီ-ကော့ကရိတ်လမ်းနဲ့ မွန်ပြည်နယ်က သထုံလမ်းတွေကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းနေပါတယ်။

လျှပ်စစ်မီးရရှိရေးမှာလည်း ထိုင်းလုပ်ငန်းရှင်တွေက လျှပ်စစ်ဓာတ်အားစက်ရုံတွေမှာ ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။ ထိုင်းလုပ်ငန်းရှင်အသင်းလို့ခေါ်တဲ့ ခိုင်မာတဲ့အဖွဲ့အစည်းတစ်ရပ် မြန်မာနိုင်ငံမှာရှိနေပါတယ်။ အဲ့ဒီအဖွဲ့အစည်းက မြန်မာနိုင်ငံမှာရှိတဲ့ ထိုင်းလုပ်ငန်းရှင်တွေကို လိုအပ်တဲ့ စီးပွားရေးသတင်းအချက်အလက်တွေပေးခြင်း၊ အတွေ့အကြုံမျှဝေခြင်းတွေကို လုပ်ဆောင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်၊ အကျိုးအမြတ်ယူပြီး ပြန်သွားလို့မဖြစ်ပါဘူး။ မြန်မာပြည်သူအကျိုးအတွက်လည်း ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးလုပ်ရင်း အတူတကွ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခြားစိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။ သောင်ရင်းမြစ်ကူး ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားတစ်စင်း တည်ဆောက်မယ်လို့သိရှိရပါတယ်။ ဒါကြောင့် နယ်စပ်ကုန်သွယ်မှုအလားအလာက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ လမ်းမကြီးတွေ၊တံတားတွေအားလုံးကို ချိတ်ဆက်ပေးတဲ့နေရာတစ်ခုရှိမယ်ဆိုရင် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာ အလွန်တိုးတက်လာပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုလက်ရှိဖြစ်နေတာက ကျွန်တော်တို့အချင်းချင်း ကုန်သွယ်မှုပြုလုပ်နိုင်တဲ့ ထွက်ပေါက်တွေက အနည်းငယ်မျှသာရှိနေလို့ ဖြစ်ပါတယ်။ နယ်စပ်တစ်လျှောက် ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ပြောဆိုဆွေးနွေးတဲ့အခါ ခင်ဗျားအနေနဲ့ နယ်စပ်ကိုဖြတ်ကျော်ရမှာဖြစ်ပြီး အဲဒီလိုဖြတ်ကျော်ရမယ့် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်ကလည်း အနည်းငယ်ပဲရှိပါတယ်။ ကုန်စည်အပြည့် တင်ဆောင်လာတဲ့ ထရပ်ကားတွေအတွက် တံတားသစ်တစ်စင်းရှိဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဲဆောက်၊ မြဝတီ၊ ကော့ကရိတ်၊ သထုံနဲ့ မော်လမြိုင်ကလာတဲ့ ကားတွေနဲ့ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးကိုသွားမယ့်ကားတွေအတွက် ဒီလမ်းမကြီးက အလွန်ကို အရေးပါတဲ့ လမ်းမကြီးတစ်ခုဖြစ်ပါတယ်။ မန္တလေးနဲ့ ကလေးကလာတဲ့ လမ်းမကြီး တည်ဆောက်မှုပြီးစီးရင် အိန္ဒိယနိုင်ငံ အင်ဖာ၊ မိုရေးနဲ့ တမူး၊ ကလေးကနေ ဇန်းမော်၊ မန္တလေး၊ နေပြည်တော်နဲ့ ရန်ကုန်ထိလမ်းတွေအားလုံးက မဲဆောက်ကို ပြန်လည်ရောက်ရှိသွားမယ့် ပြည့်စုံတဲ့လမ်းချိတ်ဆက်မှုကို ခင်ဗျားတွေ့မြင်လာပါလိမ့်မယ်။ ဒီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုအလားအလာကို ခင်ဗျားတွေ့ပြီမို့လား။ ဒီလမ်းမကြီးက မြို့ကြီးတွေအားလုံးကို ဖြတ်သန်းသွားမှာ ဖြစ်ပြီး မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ ချိတ်ဆက်မှုအားလုံးပြီးစီးဖို့အတွက် လမ်းမကြီးနဲ့ တံတားတည်ဆောက်မှုတိုးတက်ကောင်းမွန်လာဖို့ အတူတကွ ကြိုးပမ်းရမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခြေခံအဆောက်အအုံတွေအပြင် ထိုင်းရင်းနှီးမြှုပ်နှံသူတွေက ရေပေးဝေရေးနဲ့ လျှပ်စစ်ပေးပို့မှုတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နေပါတယ်။

**မေး ။ ။ ဒါဆိုရင် လျှပ်စစ်ပေးပို့မှုနဲ့ ပိုမိုကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးက စိန်ခေါ်မှုတွေ ဖြစ်လာမလား။**

ဖြေ ။ ။ ဟုတ်ပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုက ထိုင်းရင်းနှီးမြှုပ်နှံသူတွေအတွက်သာ မဟုတ်ပါဘူး။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအားလုံးက လျှပ်စစ်၊ ရေပေး ဝေမှု၊ အင်တာနက်အစရှိတဲ့ နယ်ပယ်တွေမှာ ဖွံ့ဖြိုးတိုးတက်လာဖို့ မျှော်လင့်နေပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကိုဆွဲဆောင်ဖို့ ဥပဒေသစ်တွေ၊ စည်းမျဉ်းသစ်တွေနဲ့ ဒီနယ်ပယ်တွေအားလုံး ဖွံ့ဖြိုးတိုးတက်လာအောင် မြန်မာအစိုးရက ကြိုးပမ်းဆောင်ရွက်နေတာ ကျွန်တော်သိပါတယ်။ မြန်မာအစိုးရက ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်ပြုခဲ့ပြီး အသိဉာဏ်မှုပိုင်ခွင့်အပြင် အာမခံဥပဒေလည်း အတည်ပြုလိမ့်မယ်လို့ ကျွန်တော်သိရှိရပါတယ်။ ဒါဟာ မြန်မာနိုင်ငံကိုလာရောက်ပြီး စီးပွားရေးနဲ့ကုန်သွယ်မှုလာရောက် ပြုလုပ်မယ့် ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အလွန်ကိုအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက ဘယ်တိုင်းပြည်မှာမဆို ရင်းနှီးမြှုပ်နှံသူတွေ မျှော်လင့်နေတဲ့ အခြေခံကျတဲ့ ဥပဒေနဲ့စည်းမျဉ်းတွေဖြစ်လို့ပါ။

**မေး ။ ။ အာဆီယံအဖွဲ့ကြီးက ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းမှာ နှစ် ၅၀ မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့အတွက် လူကြီးမင်းရဲ့ရည်မှန်းချက်က ဘာဖြစ်မလဲ။**

ဖြေ ။ ။ ပထမဆုံးအနေနဲ့ အခုချိန်တွင် ကျွန်တော်တို့အားလုံးမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းတစ်ခုရှိနေပြီး ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတကာအသိုင်း

*စာမျက်နှာ ၇ သို့*

**ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်၊ အကျိုးအမြတ်ယူပြီး ပြန်သွားလို့ မဖြစ်ပါဘူး။ မြန်မာပြည်သူအကျိုးအတွက်လည်း ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးလုပ်ရင်း အတူတကွ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမှာဖြစ်**



ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်များစိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျောင်းများ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သစ်ပင်စိုက်ပျိုးကြစဉ်
ခင်အောင်လှိုင် (ညောင်လေးပင်)

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြေခံပညာ ၇၅၅ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ထား

**စစ်ကိုင်း ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၇၅၅ ကျောင်းကို ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အထက်တန်းကျောင်း ၄၃ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၂၄၄ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၀၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၉၂ ကျောင်း၊ မူလတန်းကျောင်း ၉၉ ကျောင်း၊ မူလတန်းကျောင်း(ခွဲ)၄၇ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၇၅၅ ကျောင်းအထိ အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မုံရွာမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်းမှာ အထက်တန်းသုံးကျောင်း၊ အလယ်တန်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၀ ကျောင်း၊ မူလတန်းလွန်ကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း(ခွဲ)တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၂၉ ကျောင်းအထိ အဆင့်တိုးရရှိခဲ့တာကို တွေ့ရပါတယ်"ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားပြီး အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို စီစဉ်ချမှတ်ပြီး ကျောင်းစနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး နိုင်ငံသားတိုင်းအခြေခံပညာကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ပညာရပ်များအထိ အဆင့်ဆင့်သင်ကြားနိုင်ခွင့်ရရှိနိုင်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျောင်းနေရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ဖို့အတွက် အခမဲ့ပညာရေးကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေရာမှာ မူလတန်းကျောင်းသားကျောင်းသူတွေအတွက် ပြဋ္ဌာန်းပုံနှိပ်စာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ကျောင်းဝတ်စုံတွေကို အခမဲ့ဝေပေးပါတယ်။ အလယ်တန်း၊ အထက်တန်းသင်နေတဲ့ ကျောင်းသားကျောင်းသူတွေကို ပြဋ္ဌာန်းပုံနှိပ်စာအုပ်တွေကို အခမဲ့ဝေငှပေးပါတယ်"ဟု တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ဝင်ရောက်ရမည့်လမ်းကြောင်းနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့်ပစ္စည်းယူဆောင်ခွင့်မပြုကြောင်းသတ်မှတ်

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ၀၉၀၀ အချိန်၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈၀၀ အချိန်မှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈၀၀ အချိန်ထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ နေ့လည်၁၂၀၀ အချိန်မှ ၁၇၀၀ အချိန်ထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျဝင်ရောက် ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။



အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် မိဘပြည်သူများ အနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ



## သဘာဝဘေးကြုံတွေ့ပါက တုံ့ပြန်နိုင်ရေးလေ့ကျင့်

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ အရေးပေါ်ကျရောက်လာပါက လျင်မြန်စွာတုံ့ပြန်နိုင်ရေးအတွက် ရေနစ်သူများအား ကူညီကယ်ဆယ်ခြင်း၊ တစ်ဖက်ကမ်းရှိ ရေဘေးဒုက္ခသည်များအား အသက်ကယ်ကြိုးများအသုံးပြု၍ ကယ်ဆယ်ခြင်းများ လက်တွေ့လေ့ကျင့်ခြင်းကို ဇူလိုင် ၇ ရက်က ဆရာစံရပ်ကွက် အောင်းကြီးကုန်းကန်တွင် မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၃၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် ပူးပေါင်းပြီး သရုပ်ပြလေ့ကျင့်ကြရာ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများတက်ရောက်အားပေးကြည့်ရှုကြသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

*စာမျက်နှာ ၆ မှ*

အဝိုင်းကို ဈေးကွက်သစ်တစ်ခုကမ်းလှမ်းဖို့ ကျွန်တော်တို့ အတူတကွ လက်တွဲလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ စီးပွားရေးအရ အာဆီယံဒေသကိုလာရောက်ပြီး ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံဖို့ အနောက်နိုင်ငံတွေအတွက် အလွန်အရေးကြီးပါတယ်။ နိုင်ငံရေးအရ ကျွန်တော်တို့ အတူတကွ ကြိုးပမ်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ဒေသတွင်းက ဘယ်ပြဿနာ၊ ဘယ်ကိစ္စကိုမဆို တာဝန်ယူနိုင်ပြီး ဒေသအပြင်ဘက်က ဘယ်နိုင်ငံကိုမဆို ကျွန်တော်တို့ ထောက်ခံအားပေးနိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့အသံကို ကျွန်တော်တို့ အတူနားထောင်ပြီး ဒါဟာ အာဆီယံသည် အခြားဒေသတွေအထိ သက်ရောက်မှုရှိသင့်တယ်ဆိုတဲ့ အမှာစကားပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အတူတကွ ရှေ့ဆက်သွားရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးနဲ့ နိုင်ငံရေး တိုးတက်မှုအရ သဘောထားကွဲလွဲမှုတွေရှိနေပေမယ့် ကျွန်တော်တို့ ၁၀ နိုင်ငံစလုံးက အချင်းချင်း အလိုက်အထိုက်နေထိုင်ရမှာ ဖြစ်ပါ တယ်။ မတူညီမှုတွေကိုဖြေရှင်းဖို့ နည်းလမ်းတစ်ခု ကျွန်တော်တို့ ကြိုးစားရှာဖွေရမှာဖြစ်သလို ဘယ်နိုင်ငံကိုမှ နောက်မှာ မထားရစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့စိတ်ထဲမှာ မှတ်ထားရမှာဖြစ်ပါတယ်။ ရှေ့ဆက်အတူ လျှောက်လှမ်းဖို့နဲ့ အနာဂတ်မှာ အင်အားတောင့်တင်းဖို့ အဖွဲ့ဝင်နိုင်ငံတွေ အားလုံးကို ကျွန်တော်တို့ လက်တွဲခေါ်ဆောင်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှု၊ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုလို စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းနိုင်ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ နှစ်နိုင်ငံဟာ အလွန်ကိုနီးကပ်ပြီး နယ်နိမိတ်ချင်း ထိစပ်နေတဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ ပြဿနာတွေက အခြားတစ်နိုင်ငံအတွင်းကို အလွယ်တကူ ရောက်ရှိသွားနိုင်ပါတယ်။ ဒါကြောင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှိမ်နင်းမှု၊ ငွေကြေးရာဇဝတ်မှုနဲ့ အခြားကိစ္စတွေနဲ့ပတ်သက်ပြီး မြန်မာနဲ့ထိုင်း သက်ဆိုင်ရာအာဏာပိုင်တွေကြား ဖိုရမ် ဒါမှမဟုတ် အုပ်စုလိုက်ဆွေးနွေးပွဲတစ်ခု ကျင်းပသင့်ပါတယ်။ ဖိုရမ်တစ်ခုကျင်းပရင် အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာပြီး သတင်းအချက်အလက်တွေမျှဝေနိုင် ပါတယ်။ သတင်းအချက်အလက် မျှဝေခြင်းက ဒီပြဿနာကိုင်တွယ်ဖြေရှင်းရာမှာ အရေးကြီးတဲ့အချက်တစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားအနေနဲ့ သတင်းအချက်အလက်တွေကိုမျှဝေမယ်ဆိုရင် ပြည်သူတွေ ပြန်လည်ရောက်ရှိလာပါလိမ့်မယ်။ ခင်ဗျားအနေနဲ့ ဒီလို တရားမဝင် လုပ်ဆောင်ချက်ကို ရပ်တန့်နိုင်ပါတယ်။ အာဆီယံဒေသမှာ စံတစ်ခုအဖြစ် ဆောင်ရွက်နိုင်တဲ့ ပုံမှန်ကျင်းပတဲ့ သတင်းအချက်အလက်မျှဝေခြင်းအစည်းအဝေးတွေကို ကျွန်တော်တို့ အားပေးပါတယ်။

**မေး ။ ။ ထိုင်းနိုင်ငံက မြန်မာရွှေ့ပြောင်းလုပ်သားတွေနဲ့ ပတ်သက်ပြီး သံအမတ်ကြီးအနေနဲ့ ဘာများပြောချင်ပါသလဲ။**

ဖြေ ။ ။ မကြာသေးခင်က ရွှေ့ပြောင်းလုပ်သားတွေနဲ့ ပတ်သက်ပြီး ပြဿနာတွေ ဖြစ်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် အခုချိန်မှာ ထိုင်းနိုင်ငံအနေနဲ့ ပြဿနာကိုကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားနေပြီး ဒီကိစ္စကို သက်သက်ညှာညှာနဲ့ကိုင်တွယ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပြဿနာကို ဥပဒေနဲ့ကိုင်တွယ်ဖို့ ရည်ရွယ်ချက်မရှိပေမယ့် အမှန်တကယ်တော့ ကျွန်တော်တို့ ဒီပြဿနာကို စနစ်တကျကိုင်တွယ်ဖြေရှင်းချင်လို့ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေအားလုံးအနေနဲ့ တရားဝင်မှတ်ပုံတင်မယ်ဆိုရင် သူတို့ကို ပိုမိုကောင်းမွန်ပြီး အကျိုးဖြစ်ထွန်းတဲ့နည်းလမ်းနဲ့ ကျွန်တော်တို့ စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိရင် သူတို့ကို အကူအညီပေးဖို့ ကျွန်တော်တို့အတွက် အလွန်ကိုခက်ခဲပါတယ်။ တရားဝင်မှတ်ပုံတင်ထားမှသာ ပြဿနာတစ်စုံတစ်ရာဖြစ်ရင် မြန်မာနိုင်ငံရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကသူတို့ကို ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းနိုင်ငံက မြန်မာလုပ်သားတွေရဲ့ ပြဿနာက ထိုင်း-မြန်မာ ဆက်ဆံရေးအတွက် အရေးပါဆုံးကိစ္စရပ်အဖြစ် ထိုင်းအစိုးရနဲ့ဝန်ကြီးချုပ်တို့က ရှုမြင်ထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေ အားလုံးနဲ့ အလုပ်သမား သက်သာချောင်ချိရေးဌာနက ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းအစိုးရရဲ့မူဝါဒကို ကောင်းစွာ သိရှိပါတယ်။ ဒါကြောင့် အရာရာတိုင်းဟာ အဆင်ပြေစေဖို့ သူတို့ ဥပဒေနဲ့အညီ ဆောင်ရွက်တာဖြစ်ပါတယ်။ အရာရာတိုင်းဟာ အဆင်ပြေမယ်ဆိုရင် လူကုန်ကူးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှာဖြစ်ပြီး တရားဝင်မှတ်ပုံတင်ထားခြင်းမရှိရင် အလွယ်တကူပဲ လူကုန်ကူးခံရတဲ့သူတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ မြန်မာမိတ်ဆွေတွေကို ပိုမိုကောင်းမွန်ပြီး အကျိုးဖြစ်ထွန်းတဲ့ နည်းလမ်းနဲ့ ကျွန်တော်တို့စောင့်ရှောက်နိုင်ပါတယ်။ ဒါပေမယ့် စည်းမျဉ်းသစ်နဲ့ ပတ်သက်လို့ မစိုးရိမ်ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာ ပြဿနာတွေကို ဖြေရှင်းပြီးဖြစ်တဲ့အပြင် သက်ညှာမှုပေးဖို့နဲ့ တရားဝင်မှတ်ပုံတင်ဖို့ မြန်မာလုပ်သားတွေအတွက် သင့်လျော်တဲ့အချိန်တစ်ခုပေးဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အဖြေတစ်ခုရှာနေပါတယ်။

**မေး ။ ။ ဒါဆိုရင် မြန်မာရွှေ့ပြောင်းလုပ်သားတွေက အခြေအနေမှန်ကို ပိုမိုသိရှိ နားလည်လာမှာလား။**

ဖြေ ။ ။ ဒီကိစ္စနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အလုပ်သမားဝန်ကြီးဌာနကို ဖုန်းဆက်ခဲ့တဲ့အတွက် ဥပဒေနဲ့စည်းမျဉ်းသစ်ရဲ့ အကျိုးသက်ရောက်မှုခံရတဲ့ ထိုင်းနိုင်ငံက မြန်မာအလုပ်သမားတွေကိုကူညီဖို့ ကျွန်တော်တို့ အဖြေရှာရမှာဖြစ်ပါတယ်။ ။

# ၂၀၁၇ ခုနှစ် ၊ (၂၅)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

*(ယမန်နေ့မှအဆက်)*

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၄)ပါး၊ နှစ်ကျမ်းအောင် (၇)ပါး၊ တစ်ကျမ်းအောင် (၉) ပါးတို့ ဖြစ်ကြသည်။

သံယုတ္တနိကာယ် သုံးကျမ်းအောင်(၁၄)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ခုံအမှတ်၊ စိန်-၅၊ ရှင်ပညာစက္ကာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ-ဦးအောင်မြင့်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။(ပထမ)

(ခ) ခုံအမှတ်၊ စက-၁၊ ဦးဉာဏိကာလင်္ကာရ၊ အသက်(၂၃)နှစ်၊ အဘ-ဦးမောင်ငွေး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ မင်္ဂလာ-၄၊ အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ-ဦးမြင့်ငွေး၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၉၄)ပါး၊ နှစ်ကျမ်းအောင်(၁၀၀)ပါး၊ တစ်ကျမ်းအောင်(၆၀) ပါးတို့ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင်(၁၉၄)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ခုံအမှတ်၊ ဗဟ-၁၄၊ ရှင်ဇဝနတိက္ခာလင်္ကာရ၊ အသက်(၁၈)နှစ်၊ အဘ-ဦးအောင်မြင့်သန်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ မန်း/ခသ-၃၊ ရှင်ဇောတိက၊ အသက် (၁၈) နှစ်၊ အဘ-ဦးစိုးတင့်၊ ဇောတိကာရုံတိုက်ကျောင်း၊ တောင်ပြင်၊ ထီးလင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ-၁၅၊ ရှင်စန္ဒဒီပါလင်္ကာရ၊ အသက် (၁၉) နှစ်၊ အဘ-ဦးကျော်သန်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် တစ်ပါး၊ သုံးကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

၁၀။ အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက)(ပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် (၃၂)ပါး၊ တစ်ကျမ်းအောင်(၃၂)ပါးတို့ဖြစ်ကြသည်။

အဘိဓမ္မပိဋက(အဘိဓမ္မာ ပထမပိုင်း)နှစ်ကျမ်းအောင် (၃၂)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ခုံအမှတ်၊ စိန်-၁၃၊ အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၅)နှစ်၊ အဘ-ဦးမြင့်နွယ်၊ ရွှေပြည်သာပရိယတ္တိကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စိန်-၁၊ ဦးဉာဏိကာလင်္ကာရ၊ အသက်(၂၈)နှစ်၊ အဘ-ဦးထွန်းရီ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ-၁၅၊ အရှင်ဉာဏုတ္တရာလင်္ကာရ၊ အသက်(၂၇နှစ်)၊ အဘ-ဦးမန်းရင်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် (၃)ပါး၊ နှစ်ကျမ်းအောင် (၂)ပါးတို့ ဖြစ်ကြ သည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁) ပါး၊ နှစ်ကျမ်းအောင်(၁) ပါး၊ တစ်ကျမ်းအောင်(၄)ပါးတို့ဖြစ်ကြသည်။

၁၃။ အုပ်စု(၂) ဒီဃနိကာယ (သုတ္တန္တပိဋက) ဒီဃနိကာယ် အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် (၁) ပါးဖြစ်သည်။

၁၄။ အုပ်စု (၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာနှစ်ကျမ်း(မဟာဝိဒူ) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် (၂) ပါးဖြစ်သည်။

၁၅။ (၂၅)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု(၉)ခုနှင့် မဟာဝိဒူတန်း အုပ်စု (၃)ခုတို့၌ ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၃၃၉၁ ပါးတို့ဖြစ်သည်။

၁၆။ ယင်းအောင်စာရင်း အပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက အဖွဲ့ရုံးများ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိရာ မြို့နယ်သံဃနာယက အဖွဲ့များ၌ လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီမြတ်ကြီး၏ ဝါတွင်းကာလဘုရားဖူးလာငါးကြီးများကြိုဆိုပွဲ ဘုရားဖူးများဖြင့်စည်ကား

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ သာသနာ သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီမြတ်ကြီး၏ ဝါတွင်းကာလ နှစ်စဉ်နှစ်တိုင်း ဘုရားဖူးလာငါးကြီးများ ကြိုဆိုပွဲကို နှစ်စဉ် ဝါဆိုလပြည့်နေ့ရောက်တိုင်း ကြိုဆိုလေ့ရှိကြသည်။ ယခုနှစ်တွင်လည်း ဘုရားဖူးငါးကြီးများ ကြိုဆိုပွဲကို ယခင်ကျင်းပမြဲ ဝါဆိုလပြည့်နေ့ကျရောက်သည့် ဇူလိုင် ၈ ၇က်က စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီမြတ်ကြီး၏ သုံးဖာလုံ အကွာရှိ ဝါဏိဇ္ဇဂါမရွာကြီး ငါးကျွေးဆိပ် (ဘူးသည်)၌ ကျင်းပရာ ဘုရားဖူးများနှင့် စည်ကားသိုက်မြိုက်နေသည်ကို တွေ့မြင်ရသည်။



စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီမြတ်ကြီး၏ နှစ်စဉ်နှစ်တိုင်း ဘုရားဖူးလာငါးကြီးများကြိုဆိုပွဲကို ဘုရားဖူးများနှင့် စည်ကား သိုက်မြိုက်နေသည်ကို တွေ့ရစဉ်

### သွားရောက်ကြိုဆို

ဘုရားကြီးဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကြည်စိုးက "ဒီနှစ်မှာ ဘုရားဖူးငါးကြီးတွေကို နှစ်စဉ်နှစ်တိုင်းကလို စည်ကားသိုက်မြိုက်စွာနဲ့ ဘုရားဖူးငါးကြီးတွေ ရောက်ရှိအောင်၊ ဒေသအသီးသီးကနေ ရောက်ရှိလာတဲ့ ဘုရားဖူးဧည့်သည်တွေ ဘုရားဖူးငါးကြီးတွေကို မြင်တွေ့ရအောင် စီမံချက်တွေ ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဖွင့်ပွဲနေ့မတိုင်ခင် ခုနစ်ရက်လောက်အလိုကတည်းက မုန်းချောင်းအတွင်းမှာ သွားရောက်ပြီး ဘုရားဖူးငါးကြီးတွေကို အန္တရာယ်ဖြစ်စေမယ့် ပိုက်တွေ တန်းထားတာတွေ၊ တုတ်တွေတားတာတွေ၊ မြှုံးတွေထောင်ထားတာတွေ၊ ငါးဖမ်းကိရိယာအမျိုးမျိုးနဲ့ ဘုရားဖူးငါးကြီးတွေကို ဖမ်းဆီးသတ်ဖြတ်မှု မပြုလုပ်ရအောင် ဂေါပကအဖွဲ့၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်က ငါးလုပ်ငန်းဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေပူးပေါင်းပြီး စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ အခုလပြည့်နေ့မှာလည်း ဘုရားဖူးငါးကြီးတွေကို ဂေါပကအဖွဲ့၊ သာသနာ့မာမကအဖွဲ့၊ အုပ်ချုပ်ရေးမှူးအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်း တွေ၊ ဓမ္မစကြာဝတ်အသင်းတွေနဲ့ စက်ရေယာဉ်သုံးစင်းနဲ့ ရောဝတီမြစ်ဝအထိ သွားရောက်ကြိုဆိုခဲ့ပါတယ်" ဟုပြောသည်။

ဘုရားဖူးငါးကြီးများမှာ ယခင် ၂၀၁၂ ခုနှစ်ခန့်က နောက်ဆုံးပေါ်ခဲ့ပြီး ယနေ့တိုင် ဘုရားဖူးငါးကြီးများကို ငါးကျွေးလာရောက်နေကြတဲ့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ မြင်တွေ့ခွင့်မရဘဲ ပြန်ခဲ့ကြရသည်ကို မြင်တွေ့နေရကြောင်း ဒေသခံများက ပြောပြသည်။ ထိုသို့ ဘုရားဖူးငါးကြီးများ ယခုနောက်ပိုင်း မလာဖြစ်သည်နှင့်ပတ်သက်ကာ သိရှိလို၍ ဂေါပကအဖွဲ့ဝင် ဦးကြည်စိုးကို ထပ်မံမေးမြန်းခဲ့သည်။

"ဘုရားဖူးငါးကြီးတွေ မပေါ်တော့တာနဲ့ပတ်သက်လို့ ပြောပြရရင်တော့ ဦးတို့က ဒီဒေသသားတွေပါ။ ဒီဒေသသားတွေ ဖြစ်တဲ့အတွက် ဝါတွင်းကာလရောက်ပြီဆိုတာနဲ့ ဒီငါးတွေနဲ့ အမြဲတမ်းပွေ့ဖက်ပြီး နေလာတာပါ။ အခုဆိုရင် အသက်အားဖြင့်တော့ ၆၀ ကျော်ခဲ့ပြီ။ ငါးတွေ နောက်ဆုံးပေါပေါများများ ပေါ်ဖူးတဲ့နှစ်ဆိုရင်လည်း ၂၀၁၁၊ ၂၀၁၂ ခုနှစ်ထိလောက်ကပဲ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ ကြားရက်တွေမှာ ရံဖန်ရံခါပေါ်တာတွေတော့ ရှိပါတယ်။ ဒါပေမယ့် ဘုရားဖူးလာတဲ့ပြည်သူတိုင်း မတွေ့ကြရတော့ပါဘူး။

"အဲဒီအပေါ်မှာ ဦးတို့ရဲ့ ထင်မြင်သုံးသပ်ချက်အရကတော့ ဂေဟစနစ်တွေပြောင်းလဲမှုရှိလာပါတယ်။ ဂေဟစနစ်က ဦးတို့ ငယ်ငယ်တုန်းက မြင်တွေ့နေရတဲ့ မုန်းချောင်းကြီးက မုန်းချောင်းကမ်းလုံးပြည့် ရေရှိပါတယ်။ ဒီမုန်းချောင်းကြီးရဲ့ရေဟာ စေတုတ္တရာဘက်က စီးဆင်းတဲ့ရေပဲဖြစ်ပါတယ်။ အဲဒီဘက်မှာလည်း မုန်းချောင်းရေလှောင်တမံတွေကို ပြည်သူလူထုအတွက် တည်ဆောက်ထားတယ်။ လုပ်ငန်းတစ်ခုမှာ အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်တယ်ဆိုသလိုပဲ၊ ကောင်းတာရှိသလို ဆိုးတာလည်းရှိပါတယ်။ အဲဒီတာတမံတွေ စိုက်ပျိုးရေးအတွက် အဆင်ပြေပေမယ့် တစ်ဖက်ကကြည့်တော့ ဒီမုန်းချောင်းရေတွေကို တားလိုက်တဲ့အတွက် သူ့သဘာဝရေ မဟုတ် တော့ဘဲ ငါးတွေလာမယ့်သဘောကို အဟန့်အတားဖြစ်စေပါ တယ်။ ရေက လိုမှလွှတ်တော့ မုန်းချောင်းထဲမှာ ရေနည်းတဲ့ အတွက်လည်း ငါးတွေလာစေမှာကို အဟန့်အတားဖြစ်စေမယ်လို့ ထင်ပါတယ်။

"နောက်တစ်ခုက အရင်တုန်းကဆို မုန်းချောင်းထဲမှာ ဖွဲနုဆုပ်ပစ်ချလိုက်တယ်ဆိုရင်ပဲ ငါးတွေက အကောင်လေးငါးဆယ် ဝုန်းဆိုပေါ်လာတယ်။ ဒါပေမယ့် အခု ငါးတစ်ကောင်မြင်ရဖို့ဆိုတာကိုပဲ ပြည်သူတွေ အချိန်အတော်ကြာကြာစောင့်ရတယ်။ အဲဒီနေရာမှာလည်း မုန်းချောင်းထဲမှာ သွားလာနေတဲ့ စက်တပ်ယာဉ်တွေ သွားလာနေကြတာနဲ့လည်း ဆိုင်မယ်လို့ထင်ပါတယ်။ စက်တပ်ယာဉ်တွေကနေပြီးတော့ ပန်ကာတွေရဲ့ အန္တရာယ်၊ စက်တွေမှာ အသုံးပြုတဲ့စက်ဆီတွေရဲ့ အန္တရာယ်တွေကြောင့်လည်း ဘုရားဖူးငါးကြီးတွေမှာ အန္တရာယ်ရှိတယ်။ နောက်ထပ်တစ်ခုက ရေလုပ်သားတွေပါ။ ဟိုတုန်းက ရေလုပ်သားတွေရဲ့ ပိုက်ကွန်တွေထဲမှာ ဘုရားဖူးငါးကြီးတွေ မိခဲ့တယ်ဆိုရင်လည်း ရွှေရည် ငွေရည်လောင်းပြီး ပြန်လွှတ်တယ်။ အဲဒါကတကယ်ရှိခဲ့တာပါ။ ဒါကြောင့်မို့ ဒီနားက ပြည်သူတွေက ဘုရားဖူးငါးကြီးတွေထဲမှာ ရွှေလောင်းထားတာပါတယ်။ အဲဒီလိုသိတဲ့အတွက်ကြောင့် အရင်တုန်းက ရေလုပ်သားတွေက ပြန်လွှတ်ခဲ့ပါတယ်။ အခုနောက်ပိုင်းမှာတော့ ရေလုပ်သားတွေကလည်း ဘုရားဖူးငါးကြီးတွေမိလည်း ပြန်မလွှတ်ကြတော့ဘူး။ ပိုပြီးတော့ တောင်လုပ်လာကြသေးတယ်"ဟု ၎င်းက ဘုရားဖူးငါးကြီးများမလာရောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဝါတွင်းကာလရောက်တိုင်း ဘုရားဖူးငါးကြီးများကို လာရောက်အစာကျွေးကြသော ပြည်သူများမှာ နှစ်စဉ်နှစ်တိုင်း စည်ကားလျက်ရှိပြီး ဘုရားဖူးလာပြည်သူများမှာ ယခုနှစ်တွင်လည်း ဘုရားဖူးလာငါးကြီးများကို မြင်ရနိုးနိုးဖြင့် မျှော်လင့်ချက်ကြီးစွာ ကြိုဆိုနေသည်ကိုလည်း ကမ်းလုံးအပြည့် မြင်တွေ့ခဲ့ရသည်။ တချို့မှာမူ ဘုရားဖူးငါးကြီးများကို ကြိုဆိုသွားကြသည့် ကြိုဆိုရေးအဖွဲ့များ ပြန်မရောက်ခင်အချိန်မှာပင် ငါးစာများကျွေးကာ ပြန်သွားသည်ကို တွေ့ရသည်။

### အသိအမှတ်ပြုခြင်းခံရ

အဆိုပါ ဘုရားဖူးငါးကြီးများမှာ ငါးထွေငါးအမျိုးအစားများဖြစ်ပြီး ကျောင်းတော်ရာဘုရားကြီး၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာတွင် ဖြတ်သန်းစီးဆင်းနေသော မုန်းချောင်းအတွင်း နှစ်စဉ်နှစ်တိုင်း ဝါထပ်ရက်ကိုပင် သိတတ်သော ငါးကြီးများ ဘုရားဖူးလာရောက်ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများ အရသိရသည်။ ဘုရားဖူးငါးကြီးများ အစာကျွေးဆိပ်ကမ်းသည် မြတ်စွာဘုရားရှင်လက်ထက်တော်အခါက သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာကြီးနေရာဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများရှာဖွေစိစစ်တွေ့ရှိသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အသိအမှတ်ပြုခြင်းခံရသော နယ်မြေဒေသဖြစ်ကြောင်း သိရသည်။ သာသနာသမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီမြတ်ကြီးကို လာရောက်ဖူးမြော်မည်ဆိုပါက မကွေးမြို့မှ ၂၅ မိုင်ခန့်သာ ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်း ကောင်းမွန်၍ ကား၊ဆိုင်ကယ်များမှာ နာရီဝက်သာသာ မောင်းနှင်ရသဖြင့် ဘုရားဖူးအလည်လာရောက်သူများ လွယ်ကူစွာလာရောက်နိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

## သတင်းထောက်များ၏ အခွင့်အရေးရှင်သန်စေရန် မုံရွာဂျာနယ်လစ်ကွန်ရက်ကိုဖွဲ့စည်း

**မုံရွာ ဇူလိုင် ၉**

မုံရွာဂျာနယ်လစ်ကွန်ရက်ကို ဇူလိုင် ၉ ရက်က မုံရွာဂေဇက်ဂျာနယ်ရုံးခန်းတွင် မုံရွာအခြေစိုက်သတင်းမီဒီယာများက မဲခွဲဆုံးဖြတ်ကာ ရွေးချယ်ဖွဲ့စည်းခဲ့သည်။ သတင်းထောက်များ၏ အခွင့် အရေး ရှင်သန်စေရန်နှင့် သတင်းထောက်များ၏ သာရေးနာရေးကိစ္စရပ်များကို ဝိုင်းဝန်းအဖြေရှာဖြေရှင်းရန်ရည်ရွယ်၍ မုံရွာဂျာနယ်လစ်ကွန်ရက်ကိုဖွဲ့စည်းခြင်းဖြစ်သည်။

မုံရွာအခြေစိုက်သတင်းမီဒီယာများက မဲဖြင့်အဆုံးအဖြတ်ပေးကြရာ မုံရွာဂျာနယ်လစ်ကွန်ရက်၏ အတွင်းရေးမှူးကို မုံရွာအခြေစိုက် DVB သတင်းထောက်အောင်ကိုလတ်၊ အတွင်းရေးမှူး(၁)ကို မုံရွာဂေဇက်ဂျာနယ်တာဝန်ခံ အယ်ဒီတာကိုသက်နှင့် အတွင်းရေးမှူး(၂) ကို ဓာတ်ပုံသတင်းထောက်အောင်နေမျိုးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့နောက်မုံရွာဂျာနယ်လစ်ကွန်ရက်၏ သတင်းကော်မတီတာဝန်ခံအဖြစ် ဒီမိုကရေစီတူဒေးသတင်းထောက် ကိုသစ္စာ၊ လူမှုရေးကော်မတီတာဝန်ခံ 7Days သတင်းထောက်မျိုးမင်းဦးနှင့် ဖွံ့ဖြိုးရေးကော်မတီတာဝန်ခံအား မုံရွာဂေဇက်အယ်ဒီတာချုပ် တည်ကြည်အေးတို့ကို မဲခွဲဆုံးဖြတ်တင်မြှောက်ခဲ့သည်။ လတ်တလောအနေဖြင့် မုံရွာဂျာနယ်လစ်ကွန်ရက်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းထားပြီး မုံရွာမြို့နယ်နှင့် အနီးဝန်းကျင်မှ သတင်းထောက်များကိုလည်း အများ၏ဆန္ဒနှင့်အညီ အသင်းဝင်အဖြစ်အသိအမှတ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# သာခုကျောင်းတိုက်မှ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သာခုပရိယတ္တိစာသင်တိုက်အတွင်းမှ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ယင်းကျောင်းတိုက်အတွင်း ပြုလုပ်ခဲ့သည်။ **(ဃာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်တို့က ကျောင်းတိုက်အတွင်းမှ သကျမုနိ ဆုတောင်းပြည့် ပြည်လုံးချမ်းသာရုပ်ပွား တော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်ကြည်ညိုဖူးမြော်ခဲ့ကြသည်။

ယင်းနောက် အောင်သုခမ္မာရုံကြီးအတွင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး ညှော့ပရိသတ်များက စာသင်တိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာ တရားနာယူခဲ့ကြသည်။ **ဘော်ဂါသွေး**



# 70th Singapore Open Amateur Golf Championship ပြိုင်ပွဲယှဉ်ပြိုင်ရန် ဂေါက်သီးအားကစားသမားများ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၉**

စင်ကာပူနိုင်ငံ Singapore Island Country Club ၌ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 70th Singapore Open Amateur Golf Championship ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးအားကစားများသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကိုကိုအေး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဦးဇော်မိုး (Professional) နှင့် ကစားသမား ၁၆ ဦး လိုက်ပါသွားသည်။

ယင်းပြိုင်ပွဲမှာ အာဆီယံဒေသတွင်း၌ အစဉ်အလာကြီးမားသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး ဂေါက်သီးအားကစားသမားကောင်းများ ထွက်ပေါ်လေ့ရှိသောကြောင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး ပြိုင်ပွဲအကြို လက်ရည်သွေးသည့်အနေဖြင့် လည်းကောင်း၊ ကစားသမားများ၏ စွမ်းဆောင် ရည်နှင့် အာဆီယံနိုင်ငံများ၏ လက်ရည်များအားသိရှိနိုင်ရန် စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# ဖြူးမြို့နယ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**ဖြူး ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ဇူလိုင် ၈ ရက်က ဝါဆိုလပြည့် အဘိဓမ္မာအခါတော်နေ့ကို ပင့်သံဃာကိုးပါးတို့အား ပင်ဆောင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းလွင် ဦးဆောင်ကာ ဝါဆို သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ပရိတ်တရားတော်များနာယူကြကာ ရေစက်ချ အမျှအတန်း ပေးဝေကြသည်။

ထို့အတူ ဖြူးမြို့ပေါ်ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် တောင်ရွှေကျင် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် စာသင်သား သံဃာတော်များနှင့် ရှင်သာမဏေများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ မင်းကျောင်းစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဖြူးမြို့ အုတ်ဖြတ်ရပ်ကွက်၊ ဗိုလ်ချုပ်ရပ်ကွက်သစ်ရှိ အောင်ဇေယျံစာသင်တိုက်ရှိ ပဓာနနာယကဆရာတော်နှင့် စာသင်သား သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဝဲဒေါင့်ရွာရှိ ဥတ္တရာရုံစာသင်တိုက်မှ ပဓာန နာယကဆရာတော်နှင့် စာချ စာသင်သံဃာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။ **ဖြူး-မြင့်ဦး**

# မိုးရာသီသစ်ပင်စိုက်ပွဲ မောင်တောမြို့နယ်အတွင်း သစ်ပင် ၄၀၀၀၀ကျော် စိုက်ပျိုး

**မောင်တော ဇူလိုင် ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ဝေသာလီ-ကျောင်းတောင်ကားလမ်းဘေး ဂေါက်ကွင်းအနီး၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကာ သစ်ပင်စိုက်ပျိုးကြသည်။



"ဒီကနေ့ ပျိုးပင်ပေါင်း ၆၀၀ စိုက်ပျိုးပါတယ်။ ဒါ့အပြင် မောင်တော မြို့နယ်မှာ ဒီနှစ် မိုးရာသီအတွက် လူထုဖြန့်နဲ့ ကျေးလက်အိမ်ရာ ထူထောင်ရေးဆိုပြီး စုစုပေါင်း ပျိုးပင်ပေါင်း ၄၀၀၀၀ စိုက်ပျိုးခဲ့ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမောင်မောင်လွင်က ပြောသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ယူကလစ်၊ မန်ကျန်းရှား၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ အပင်ပေါင်း ၆၀၀ စိုက်ပျိုးခဲ့သည်။

ထို့အပြင် မောင်တောမြို့နယ်အတွင်း ဒေသအစုအဖွဲ့ပိုင် စိုက်ခင်းဧက ၃၀၀ စိုက်ပျိုးရန် လျာထားချက်အနက် ၃၄၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မောင်တောမြို့နယ်အတွင်း ကြိုးဝိုင်းကြိုးပြင် စုစုပေါင်း ဧက ၇၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**



ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တရားရေးဝန်ထမ်းမိသားစုများစုပေါင်း၍ ဇူလိုင် ၉ ရက်က တရားရုံးဝင်းအတွင်းနှင့် အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြစဉ် သန့်စင်(ပဲခူး)

# နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ခန္တီး ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင် ၇ ရက်က အဆိုပါ သင်တန်းကျောင်းတွင် ခန္တီးမြို့နယ် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် ဆေးကုသမှုများဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား ဆေးစစ်ကုသပေးရာတွင် ခန္တီးမြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာညွန့်စိန်နှင့် သွားဆရာဝန်များ၊ မြို့နယ်သူနာပြုဆရာများနှင့် သူနာပြုသားဖွား ဆရာမများက ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခေါင်ရည်ချို(ပြန်/ဆက်)**

# ယာဉ်တိုက်မှုဖြစ်စဉ်များကြောင့် YBS (၅၅) ယာဉ်လိုင်းအား ပြေးဆွဲခွင့်ဖျက်သိမ်း

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်အုပ်စု ထောက်ကြန့်မွေးမြူရေးမှတ်တိုင်အနီး ရွှေညောင်ပင်ဘိုးဘိုးကြီး နတ်နန်းဟောင်းရှေ့၌ ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က YBS ခရီးသည်တင်ယာဉ်လိုင်း ၅၅ နှင့် ၃၇ ယာဉ်လိုင်းမှယာဉ်တစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်စဉ်ကြောင့် မြောက်ပိုင်းခရိုင် တိုက်ကြီးသား အများပိုင် ကုမ္ပဏီမှ YBS (၅၅) ယာဉ်လိုင်းအား ယနေ့မှစ၍ ပြေးဆွဲခွင့်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်သော အစည်းအဝေးတွင် သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့မှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယာဉ်လိုင်းတာဝန်ခံ တစ်ဦးထံမှ သိရသည်။

အဆိုပါယာဉ် YBS (၅၅) ယာဉ်လိုင်းတစ်လိုင်းကို ဖျက်သိမ်းလိုက်ကြောင်း၊ ဥက္ကံနှင့် မော်တင် ပြေးဆွဲနေသော မြို့တွင်းဧရိယာယာဉ်လိုင်းဖြစ်၍ လတ်တလော ထောက်ကြန့်အထိသာ ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ပြေးဆွဲပေးရန် ကျောင်းချိန်နှင့်ကိုက်ညီစေရန် အစီအစဉ်တစ်ခုရေးဆွဲနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အများပိုင်သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယနေ့အထိ သေဆုံးသူ ၁၀ ဦးအနက် မော်ဘီနည်းပညာတက္ကသိုလ်မှ B.Tech ပဉ္စမနှစ်ကျောင်းသူ မခင်ပွင့်ဖြူ (၂၁နှစ်)နှင့် YBS (၅၅) ယာဉ်မောင်း ဦးမောင်မောင်အေး တို့ပါဝင်ကြောင်းသိရပြီး ဒဏ်ရာရရှိသူ ၃၈ ဦးမှာ ဆေးကုသမှုခံယူလျက်ရှိကြောင်း မရမ်းကုန်းမြို့နယ် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းစောင့်ကြည့်ရေးအဖွဲ့မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရွှေကူမြို့နယ်၌ စိုက်ပျိုးစရိတ်ထုတ်ချေး

**ရွှေကူ ဇူလိုင် ၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ လယ်ယာစိုက်ပျိုးတောင်သူများအား စိုက်ပျိုးစရိတ်ငွေများကို အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးနိုင်ရန်အတွက် ဇွန် ၂၆ ရက်မှစပြီး ဇူလိုင် ၇ ရက်အထိ ကျေးရွာအုပ်စုလိုက်ကိုခေါ်ယူပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးမြို့နယ်ဘဏ်ခွဲမှ တောင်သူလယ်သမားများကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းထားဖြင့် ထုတ်ချေးပေးလျက်ရှိပြီး တောင်သူဦးကြီးများက မိမိလယ်စိုက်ပျိုးစရိတ်ငွေများကို ထုတ်ယူလျက်ရှိကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**

# ဂျီ- ၂၀ အစည်းအဝေး၌ ရာသီဥတုကိစ္စဆွေးနွေးရာတွင် ထရန့်နှင့် ကမ္ဘာ့ခေါင်းဆောင်များသဘောထားကွဲလွဲ

**ဟမ်းဘတ် ဇူလိုင် ၉**

စနေနေ့က ဟမ်းဘတ်တွင် ပြုလုပ်သည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးပွဲ၌ ရာသီဥတုဆိုင်ရာမူဝါဒနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကမ္ဘာ့ခေါင်းဆောင်များနှင့် သဘောထားညီညွတ်မှုမရှိဘဲ သီးခြားဖြစ်နေခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အစည်းအဝေး ကျင်းပသူများအကြားဖြစ်ခဲ့သည့် ယင်းသဘောထားကွဲလွဲမှုက လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများစွာကို ရိုက်ခတ်မှုဖြစ်စေခဲ့သည်။ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် ဂျာမနီရွေးကောက်ပွဲမတိုင်မီ နှစ်လအလိုတွင် ၎င်း၏ကြားဝင်စေ့စပ်ညှိနှိုင်းမှုအရည်အသွေးကို ပြသရန် စိတ်အားထက်သန်ခဲ့ပြီး ကုန်သွယ်ရေး၊ဘဏ္ဍာရေး၊ စွမ်းအင်နှင့် အာဖရိကအရေးကိစ္စများနှင့် ပတ်သက်၍ တရားဝင်သတင်းထုတ်ပြန်မှုတစ်ရပ်ကို ၎င်း၏အဖွဲ့ဝင်ဖြစ်သည့် ခေါင်းဆောင်များကထောက်ခံလာအောင် စည်းရုံးသိမ်းသွင်းနိုင်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော် အမေရိကန်ပြည်ထောင်စုအရေးကိုသာ ရှေ့တန်းတင်မည်ဟု အလေးအနက်ကတိပေးအပ်ကာ သမ္မတနေရာရရှိလာခဲ့သည့် ဒေါ်နယ်ထရန့်နှင့် ဆွေးနွေးမှုတွင် ဂျီ၂၀အဖွဲ့ဝင်ဖြစ်သည့် ဂျပန်၊ ဆော်ဒီအာရေဗျ၊ အာဂျင်တီးနားနိုင်ငံများအပါအဝင်အဖွဲ့ဝင်နိုင်ငံ ၁၉ နိုင်ငံတို့သည် သဘောထားတိုက်ဆိုင်မှုလုံးဝမရှိဘဲ သိသိသာသာကွဲလွဲခဲ့ကြသည်။

ပြီးခဲ့သည့်လက ဒေါ်နယ်ထရန့်သည် လွန်ခဲ့သော နှစ်နှစ်အကြာကပါရီ၌ နိုင်ငံတကာ သဘောတူညီမှုပြုလုပ်ခဲ့သည့် ရာသီဥတု သဘောတူစာချုပ်မှ အမေရိကန်ကို ဖယ်ထုတ်လိုက်သည်။

အဆုံးသတ်၌ ရာသီဥတုအရေးညှိနှိုင်း ဆွေးနွေးမှုပြုလုပ်ခဲ့ရာတွင် တက်ရောက်လာသည့် နိုင်ငံများအားလုံးက အမေရိကန်ကို ကန့်ကွက်ခဲ့ကြကြောင်း ဝန်ကြီးချုပ် အန်ဂျလာမာကယ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ထို့အပြင် အားလုံးနှင့် သီးခြားဆန့်ကျင်ဘက်သတ်ဖြစ်နေသည့် ထရန့်၏ သဘောထားကြောင့်ပင် ကုန်သွယ်ရေးကိစ္စရပ်ကိုလည်း သာမန်ထက်ခဲခဲယဉ်းယဉ်းညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့ရကြောင်း မာကယ်ကဆိုသည်။

အပြင်းအထန် ကန့်ကွက်ဆန္ဒပြမှုများဖြင့်စတင်ခဲ့ရသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကာလတွင် ဟမ်းဘတ်မြို့တွင်းရှိ လမ်းများပေါ်တွင် မီးလောင်နေသည့်ကားများနှင့် အစိတ်စိတ်အမြွှာမြွှာကွဲကြေပျက်စီးလျက်ရှိသည့် ဈေးဆိုင်ပြတင်းမှန်များဖြင့် ကြည့်မကောင်းအောင်ဖြစ်နေခဲ့ပြီး တစ်ချိန်တည်းမှာပင် သဘောထားကွဲလွဲမှုများ ရောပြွမ်းနေသည့်ခေါင်းဆောင်များအား ကမ္ဘာ့ပထဝီနိုင်ငံရေး အခင်းအကျင်း၏ အကြီးဆုံး အပြောင်းအလဲတစ်ခုဆီသို့ ခေါ်ဆောင်လာခဲ့သည်။ ထရန့်အစိုးရအဖွဲ့သည်မြောက်ကိုရီးယားအရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံကို ဖိအားပေးရန်ကြိုးပမ်းလျက်ရှိသည်ဖြစ်ရာ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား တင်းမာမှုကလည်းဂျီ-၂၀ထိပ်သီးအစည်းအဝေးကို လွှမ်းမိုးလျက်ရှိကြောင်း သိရသည်။ **(ရိုက်တာ)**




# ဆီးရီးယားအနောက်တောင်ပိုင်းတွင် အမေရိကန်-ရုရှား အပစ်ရပ်စဲမှုစတင်သက်ရောက်



**အလက်ပို ဇူလိုင် ၉**

ဆီးရီးယားတွင် ခြောက်နှစ်ကြာအောင်ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်မီးငြိမ်းစေရန် နိုင်ငံတကာကနောက်ဆုံးကြိုးစားသည့်အနေဖြင့်ဆီးရီးယားအနောက် တောင်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်နှင့်ရုရှားတို့ ကြားဝင်စေ့စပ်ညှိနှိုင်းကာ အာမခံခဲ့သည့်အပစ်အခတ်ရပ်စဲရေးစာချုပ်သည် တနင်္ဂနွေနေ့ည ၉ နာရီတွင် စတင်သက်ရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့်ဂျော်ဒန်သည် ပိုမိုရှည်ကြာခိုင်မာသော စစ်ပြေငြိမ်းမှုအတွက် နယ်စပ်တွင်လမ်းခင်းရန်ရည်ရွယ်လျက် ယခုရက်သတ္တပတ်တွင် အပစ်အခတ်ရပ်စဲရန်နှင့် စစ်ပွဲအရှိန်ကိုလျှော့ချရန် သဘောတူညီခဲ့ကြသည်။

အပစ်အခတ်ရပ်စဲမှုစတင်ကြောင်းကြေညာချက်သည် ဂျာမနီနိုင်ငံ၌ အဓိကစီးပွားရေးကိစ္စရပ်များဆွေးနွေးရန် ကျင်းပသည့် ဂျီ- ၂၀ ထိပ်သီးအစည်းအဝေး၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ နှစ်ဦးတွေ့ဆုံမှုအပြီးတွင် ဝင်ရောက်လာခဲ့သည်။

ဆီးရီးယားပဋိပက္ခအတွင်းလက်မှတ်ရေးထိုးခဲ့သည့် အပစ်ရပ်သဘောတူညီမှုများမှာ မကြာခဏပျက်ပြားခဲ့ပြီး လက်ရှိတွင်ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်အင်အားစုများနှင့် နိုင်ငံအနောက်တောင်ပိုင်းရှိသူပုန်တို့သည် ယခုသဘောတူညီထားသည့် အပစ်ရပ်စာချုပ်ကို မည်မျှအတိုင်းအတာအထိ လိုက်နာနိုင်မည်ဆိုသည်ကို စောင့်ကြည့်ရလျက်ရှိသည်။ **(ရိုက်တာ)**

# ရေလွှမ်းမိုးမှုဖြစ်ပွားနေသည့် ဂျပန်အနောက်တောင်ပိုင်းတွင် ရှာဖွေကယ်ဆယ်ရေးဆက်လက်ဆောင်ရွက်

**တိုကျို ဇူလိုင် ၉**

ရေကြီးမှုနှင့် မြေပြိုမှုများ အကြီးအကျယ်ဖြစ်ပွားလျက်ရှိသည့် ဂျပန်အနောက်တောင်ပိုင်းတွင် လူ ၁၈ ဦးမကသေဆုံးသွားခဲ့ပြီဖြစ်ပြီး လူရာနှင့်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးလျက်ရှိရာ ကယ်ဆယ်ရေးအဖွဲ့သားများသည် ရှာဖွေကယ်ဆယ်မှုများကို အဆက်မပြတ်လုပ်ဆောင်နေရကြောင်း အင်န်အိတ်ခ်ျကေ သတင်းတစ်ရပ်က တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

ရဲနှင့် စစ်သည် ၁၉၀၀ ခန့်တို့သည် နေအိမ်များနှင့် လမ်းများကို ဖုံးလွှမ်းပျက်စီးစေခဲ့သည့် ရွံ့ညွှန်အတုံးအခဲများနှင့် သစ်သားများကို ဆယ်ယူဖယ်ရှားမှုများပြုလုပ်ရန် စက်ယန္တရားကြီးများကို အသုံးပြုခဲ့ရသည်။

ရေကြီးမှုဖြစ်ပွားသည့် နေရာများတွင် နောက်ထပ်မိုးပိုသည်းလာနိုင်ပြီး မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ရေလွှမ်းမိုးမှုဒဏ်ကိုအများဆုံးခံခဲ့ရသည့် ဖူကူအိုကာနှင့် အိုအီတာတို့တွင် လူသေဆုံးမှုမှာ ၁၈ဦးအထိရှိခဲ့ပြီဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိထားသူ ၁၄ဦးရှိသည်။လူ ၅၇၀ ကျော်တို့မှာ နေအိမ်စွန့်ခွာရှောင်တိမ်းခဲ့ရပြီး လူ၂၀ ကျော်ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

တနင်္လာနေ့ ညနေပိုင်းတွင် မြောက်ပိုင်းကျူရှူးဒေသ၌ မိုးရေချိန် ၁၂၀ မီလီမီတာနှင့် အိမ်နီးချင်း ချူဂိုကူဒေသတွင်မိုးရေချိန် ၁၀၀ မီလီမီတာရွာသွန်းနိုင်မည်ဟု မိုးလေဝသ အေဂျင်စီက ခန့်မှန်းခဲ့သည်။

**(အင်န်အိတ်ခ်ျကေ)**



## တရုတ်နှင့် ဥဇဘက်ကစ္စတန်ကို ချိတ်ဆက်ထားသည့် ကုန်ရထားပြေးဆွဲမှုစတင်

**နန်ချန်း ဇူလိုင် ၉**

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်ဇီပြည်နယ်နှင့် ဥဇဘက်ကစ္စတန်တို့ကို ဆက်သွယ်ထားသည့် တရုတ်-ဥရောပကုန်ရထားတစ်စင်း စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းတန်ဖိုးရှိသည့် သံမဏိခွေများ၊ အဝတ်အစားအသုံးအဆောင်များနှင့် နေ့စဉ်သုံးပစ္စည်းများ တင်ဆောင်ထားသည့် ကုန်ရထားသည် သောကြာနေ့တွင် ဂန်ကျို့မြို့မှ စတင်ထွက်ခွာလာခဲ့ပြီး ရှင်းကျန်အီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဟော်ဂိုစ်ကိုဖြတ်ကျော်၍ တရုတ်နိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီး ၁၂ ရက်အကြာတွင် တပ်ရှကင့်သို့ ဆိုက်ရောက်မည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းလုပ်ငန်းဆောင်ရွက်မှုအားဖြင့် ၂၀၁၁ ခုနှစ်ဩဂုတ်လမှစတင်ကာ ချုံကျင်း- ဒစ်စဘတ် ရထားလမ်းကြောင်း ဖွင့်လှစ်ခဲ့ခြင်းနှင့်အတူ တရုတ်၊ ဥရောပနှင့် အာရှအလယ်ပိုင်းဒေသများသို့ ကုန်ရထားခရီးစဉ် လေးထောင်ကျော်ပြေးဆွဲခဲ့ပြီဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံရှိ မြို့ကြီး ၂၈ မြို့နှင့် ဥရောပနိုင်ငံ ၁၁ခုတို့ရှိ မြို့ကြီး ၂၉ မြို့သို့ ရထားများပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကျွန်တော်နဲ့ ဈေးကွက်စီးပွားရေးစနစ်



**ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်**

ကျွန်တော်တို့နိုင်ငံမှာ ဝေါဟာရအသုံးအနှုန်းကို ခပ်လွယ်လွယ်၊ ခပ်ပေါ့ပေါ့ သုံးစွဲလေ့ရှိတယ်။ နားလည်မှုပြည့်ပြည့်စုံစုံမရှိဘဲ အလွယ်တကူ လုပ်ကြတယ်။ ဥပမာတစ်ခုက ဈေးကွက်စီးပွားရေးစနစ်။ ဒီအသုံးအနှုန်းကို တပ်မတော်အစိုးရလက်ထက်မှ စတင် သုံးစွဲလာတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ခဲ့တဲ့ မဆလအစိုးရစီးပွားရေးအကျပ်အတည်းတွေရင်ဆိုင်ရပြီး နောက်ဆုံး ၈၈ အရေးအခင်းနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။ ၁၉၈၇ ခုနှစ်မှာ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်ဖြစ်ခဲ့တယ်။ တစ်ခုတော့ရှိတယ်။ နှစ်ပေါင်း ၂၆ နှစ်လောက် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးလာခဲ့တော့ ဆိုရှယ်လစ်စနစ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အရင်းရှင်စီးပွားရေးစနစ်ကို အန္တရာယ်အနေနဲ့ သတ်မှတ်ကြတယ်။ ကုပ်သွေးစုပ်တဲ့စနစ်၊ အရင်းရှင်တွေဟာ အရင်းမဲ့တွေကို အခွင့်အရေးယူကြတယ်။ အမြတ်ထုတ်ကြတယ်ဆိုပြီး နိုင်ငံရေးအရဝါဒဖြန့်ခဲ့တယ်။ ဒါကြောင့်လည်း ပုဂ္ဂလိကစီးပွားရေးအဆောက်အအုံတွေကို ရိုက်ချိုးခဲ့တယ်။ စီးပွားရေးလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းပိုက်ခဲ့တယ်။ ဒီလိုလုပ်တာဟာ အမှန်တရားအဖြစ် နိုင်ငံရေးမှိုင်းတိုက်ခဲ့ကြတယ်။ ဒါကြောင့်လည်း အရင်းရှင်စနစ်ဆိုရင် မုန်းတီးခဲ့ကြတယ်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့နိုင်ငံတွေဟာ အရင်းရှင်စီးပွားရေးစနစ်ဖြစ်တယ်။ အရင်းရှင်တွေ ရှင်သန်မှ စီးပွားရေးဖွံ့ဖြိုးမယ်လို့ လက်ခံကြတယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံရဲ့စီးပွားရေးကို ပြုပြင်ရာမှာ ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ဖော်ထုတ်ဖို့ ကြိုးစားခဲ့တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ စီးပွားရေးပိတ်ဆို့မှုတွေ၊ နိုင်ငံရေးပိတ်ဆို့မှုတွေခံခဲ့ရတယ်။ တိုင်းပြည်မှာ ဘဏ္ဍာရေးချို့တဲ့ခဲ့တာမို့ သဘာဝသယံဇာတတွေကို ရောင်းချခဲ့ရတယ်။ စီးပွားရေးဖွံ့ဖြိုးဖို့ ကိုယ်ယုံကြည်ရတဲ့သူတစ်ခုကို အားကိုးပြီး စီးပွားရေးယန္တရားကို လှုပ်ရှားခဲ့တယ်။ ဒါကြောင့်လည်း အများသိတဲ့ 'ခရိုနီ' စီးပွားရေးစနစ် ပေါ်ခဲ့တာ။ အမှန်တော့ ခရိုနီဆိုတဲ့စကားက ရင်းနှီးတဲ့အပေါင်းအသင်းကို ရည်ညွှန်းတယ်။ ဒါကြောင့် ပတ်သက်ရာပတ်သက်ကြောင်း ရင်းနှီးသူတွေကိုပြုစုပျိုးထောင်ခဲ့တယ်။ အထူးအခွင့်ရေးပေးခဲ့ကြတယ်။ ဒါကြောင့်လည်း စီးပွားရေးဟာ အတော်အသင့် တိုးတက်လာခဲ့တယ်။ နိုင်ငံခြားရင်းနှီးမှုနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးအခြေအနေကို မျက်စိမှိတ်နိုင်တဲ့နိုင်ငံတွေက ရယူခဲ့ရတယ်။ ဓာတ်ငွေ့တွေ တွေ့ခဲ့ပြီး စီးပွားဖြစ်လုပ်နိုင်ခဲ့တယ်။ သစ်တောတွေ၊ ကျောက်မျက်ရတနာတွေထုတ်ပြီး ရောင်းချခဲ့တယ်။ အပစ်ရပ်ရေး သဘောတူမှုတွေရအောင် ကြိုးစားပြီး နယ်စပ်ဒေသတွေမှာ သယံဇာတပစ္စည်းတွေထုတ်လုပ်နိုင်ခဲ့တယ်။

တစ်ဖက်ကတော့ စီးပွားရေးကို လုံးဝဖွင့်တာမျိုးမဟုတ်ဘဲ လက်ဝါးကြီးအုပ်အခွင့်ထူးခံအဖွဲ့အစည်းတွေကို ကုန်သွယ်မှုအခွင့်အလမ်းတွေ ပေးခဲ့ကြတယ်။ အခုလို ဆောင်ရွက်တာက မြန်မာတစ်နိုင်ငံတည်းမဟုတ်ပါဘူး။ ရုရှားမှာရော၊ အရှေ့ဥရောပနိုင်ငံတွေမှာ ဒီပုံစံအတိုင်း လုပ်ခဲ့ကြတယ်။ တရုတ်ပြည်၊ ဗီယက်နမ်မှာဒီပုံစံပဲ။ တန်ဖိုးကြီးလှတဲ့ပြည်သူပိုင်ပစ္စည်းတွေ ဈေးပေါပေါနဲ့ ရောင်းချပေးခဲ့တာမို့ (oligarch)လို့ ခေါ်တဲ့ အခွင့်ထူးခံစီးပွားရေးအလွှာတစ်ခုကို ဖန်တီးခဲ့ကြတယ်။ နိုင်ငံရေးအာဏာကို အခွင့်အရေးယူပြီး စီးပွားရေး အကျိုးအမြတ်ရအောင်လုပ်ခဲ့တာ။ ဒါပေမယ့် ဒီစနစ်ကို ဈေးကွက်စီးပွားရေးစနစ်လို့ သတ်မှတ်ခဲ့တယ်။

အမှန်တော့ ဈေးကွက်စီးပွားရေးစနစ်လို့ ပြောရင် ဈေးကွက်ကို ယုံကြည်တဲ့စနစ်ဖြစ်တယ်။ ဈေးကွက်ဆိုတာကလည်း ရောင်းလိုအားနဲ့ ဝယ်လိုအားရဲ့အားပြိုင်မှုကို လက်ခံတာဖြစ်တယ်။ ဈေးတက်ဈေးကျတဲ့ကိစ္စကို ရောင်းလိုအားနဲ့ ဝယ်လိုအားကို အားကိုးပြီး ဖြေရှင်းတယ်။ ဒီလိုဆောင်ရွက်တာကို ခေတ်မီစီးပွားရေး ပညာရှင်ဖြစ်တဲ့ အဲတမ်စမစ်က "မမြင်နိုင်တဲ့လက်ဝါး" လို့ ကင်ပွန်းတပ်ခဲ့တယ်။ ပစ္စည်းတစ်ခု ဝန်ဆောင်မှုတစ်ရပ်ရဲ့ ဈေးနှုန်းဟာ ဝယ်လိုအားနဲ့ရောင်းလိုအားတို့ရဲ့အားပြိုင်မှုကြောင့်ဖြစ်တယ်။ ဝယ်လိုအားနည်းပြီး ရောင်းလိုအားများရင် ဈေးနှုန်းတွေကျမှာပဲ၊ ဝယ်လိုအားများပြီး ရောင်းလိုအားနည်းရင် ဈေးကအလိုလိုတက်မှာပဲ။ ဒါဟာ ဈေးကွက်ရဲ့သဘာဝဖြစ်တယ်။ ဈေးကွက်ဟာ လွတ်လပ်စွာ ရှင်သန်ခွင့်ရှိရမယ်။ ဈေးကွက်ရဲ့ လွတ်လပ်ခွင့်ကို အနှောင့်အယှက်ပေးတာက နိုင်ငံတော်ရဲ့ စွက်ဖက်ခြင်းပဲ၊ ဈေးနှုန်းအတက်အကျကို ကိုယ်လိုချင်သလို ဝင်ပြီး ထိန်းချုပ် ချင်ရင် ဈေးကွက်ယန္တရားပျက်ပြားသွားနိုင်တယ်။ ဈေးကွက်ကို အနှောင့်အယှက်ပေးတာက ဈေးနှုန်းထိန်းချုပ်မှုဖြစ်တယ်။ တစ်ချိန်က ဓာတ်ဆီဈေးနှုန်းကို နိုင်ငံတော်က သတ်မှတ်ခဲ့တယ်။ သတ်မှတ်ပြီးတဲ့ အချိန်မှာ မှောင်ခိုဈေးတွက်ပြီး ပေါ်လာတာပဲ။ နေရာတိုင်းမှာ ဒီလိုပဲဖြစ်ခဲ့တယ်။

ဈေးကွက်စီးပွားရေးရဲ့အခြေခံက ယှဉ်ပြိုင်မှုဖြစ်တယ်။ ယှဉ်ပြိုင်ရာမှာလည်း တရားတဲ့ယှဉ်ပြိုင်မှုဖြစ်တယ်။ တစ်နည်းပြောရရင် "မြေညီကွင်း"ဖြစ်အောင် နိုင်ငံတော်က အာမခံရမယ်။ ဘက်လိုက်မှု၊ မျက်နှာသာပေးမှုတွေ ရှောင်ရမယ်။ တလောက ကျွန်တော် ဖော်ပြခဲ့သလို (rent-seeking) အပြုအမူကို ရှောင်ရမယ်။ ရထားတဲ့အခွင့်အရေးကို အလွဲသုံးစားလုပ်ပြီး အမြတ်ထုတ်ခွင့်မပေးရဘူး။ ကိုယ်တစ်ဦးတည်းတင်သွင်းခွင့်ရတဲ့အတွက် ကိုယ်နှစ်သက်ရာဈေးနှုန်းသတ်မှတ်ခွင့်ပြုတာမျိုးဟာ ဈေးကွက်စီးပွားရေးစနစ်မဟုတ်ဘူး။ ဈေးကွက်နဲ့ ပတ်သက်တဲ့သတင်းအချက်အလက်တွေကို ပွင့်လင်းမြင်သာစွာရှိအောင် ကြိုးစားရမယ့်တာဝန် အစိုးရမှာရှိတယ်။ ဈေးကွက်စီးပွားရေးစနစ်ရှင်သန်ဖို့ စာရင်းအင်းထားသိုမှုဟာ ဥပဒေအတိုင်းညီညွတ်ဖို့လိုအပ်တယ်။ ဈေးကွက်စီးပွားရေးစနစ်နဲ့ ပါမစ်ထုတ်ပေးတဲ့စနစ်ဟာ ဆန့်ကျင်ဘက်ဖြစ်တယ်။ စီးပွားရေးလှုပ်ရှားမှုတွေကို ရှင်သန်အောင်ကြိုးစားရမယ်။

ဈေးကွက်စီပွားရေးစနစ်မှာ အားနည်းချက်တွေရှိတယ်။ ခြောက်ပြစ်ကင်းမဟုတ်ဘူး။ ဈေးကွက်ရဲ့ ဆုံးရှုံးမှု (market for lose)အခုလိုဖြစ်ရင် နိုင်ငံတော်အနေနဲ့ ဝင်ရောက်ထိန်းချုပ်ရမှာသာဖြစ်တယ်။ လက်ပိုက်ကြည့်နေလို့ မဖြစ်နိုင်ဘူး။ အမေရိကန်ပြည်ထောင်စုမှာ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာမို့ ချမ်းသာတဲ့သူတွေမှာ ကမ္ဘာ့အဆင့်မီကျန်းမာရေးစောင့်ရှောက်မှုတွေရပေမယ့် ဆင်းရဲသူတွေအတွက်တော့ အကျိုးခံစားခွင့်မရခဲ့ဘူး။ ဒါကို တစ်ချိန်က သမ္မတအိုဘားမားလုပ်ခဲ့တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို တက်လာတဲ့အစိုးရအသစ်က ဖျက်ဆီးဖို့ ကြိုးစားနေတယ်။ ပညာရေးစနစ်မှာလည်း အခုလိုပဲရင်ဆိုင်နေရတယ်။ ငွေကြေးတတ်နိုင်တဲ့ ကလေးတွေကျောင်းကောင်းတွေမှာ ပညာသင်ခွင့်ရပေမယ့် ငွေကြေးမတတ်နိုင်တဲ့ကလေးတွေ အတွက်ပညာရေးအခွင့်အရေးတွေ ဆုံးရှုံးခဲ့တယ်။

ဒါကြောင့်လည်း အနောက်ဥရောပနိုင်ငံတွေမှာ ဈေးကွက်စနစ်ကို မူရင်းပုံစံအတိုင်းမသုံးဘဲ လူမှုရေးလိုအပ်ချက်တွေဖြည့်ဆည်းနိုင် အောင်ကြိုးစားလာကြတယ်။ ဒါကြောင့်လည်း Social Economy လူမှုရေးကို ရှေးရှုတဲ့စီးပွားရေးစနစ်တစ်ရပ်ဖော်ထုတ်နိုင်အောင် ကြိုးစားနေကြတယ်။

ဈေးကွက်စီးပွားရေးစနစ်ဟာ အရင်းရှင်စီးပွားရေးစနစ်ဖြစ်တာကို လက်ခံသဘောပေါက်ရမယ်။ အရင်းရှင်ဆိုတဲ့ အသုံးအနှုန်းကို ကြောက်လို့မဖြစ်ဘူး။ အရင်းရှိမှလည်း အရင်းအနှီးတွေလုပ်နိုင်မှာ အရင်းရှင်တွေဟာ စွန့်စားကြတယ်။ တီထွင်မှုတွေလုပ်ကြတယ်။ သူတို့အမြတ်အစွန်းရတာကို မတရားသဖြင့်ရှာဖွေတာလို့မမြင်ဘဲ သူထည့်စိုက်ထုတ်တဲ့ အရင်းအနှီးကြောင့်အကျိုးအမြတ် ပြန်လည်ယူခြင်းဖြစ်တယ်လို့ လက်ခံရမယ်။

ဈေးကွက်စီးပွားရေးစနစ်ကို ရှင်သန်အောင်အစိုးရရဲ့တာဝန်က တရားဥပဒေစိုးမိုးရေးနဲ့ ပိုင်ဆိုင်မှုအခွင့်ရေးတွေကိုစောင့်ရှောက်ပေးခြင်းဖြစ်တယ်။ ပုဂ္ဂလိကလုပ်ငန်းတွေကိုပြည်သူပိုင်သိမ်းခွင့်မရှိဘူး။ ငွေစက္ကူတွေကို တရားမဝင်ကြေညာခွင့်မရှိဘူး။ ဈေးကွက် စီးပွားရေးရှင်သန်ဖို့ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့ သူတွေကို ပြုစုအားပေးရမယ်။ ဒီနေရာမှာအခွန်စည်းကြပ်မှုဟာအရေးပါလာတယ်။ အစိုးရအတွက် ဝင်ငွေဖြစ်သလို အလုပ်လုပ်တဲ့သူတွေအတွက် မက်လုံးဖြစ်တယ်။ လုပ်ချင်ကိုင်ချင်စိတ်ရှိအောင်ဖန်တီးရမှာသာ ဖြစ်တယ်။

ကျွန်တော်တစ်ဦးချင်းဆန္ဒကတော့ social market economy တစ်ရပ်ဖော်ထုတ်သင့်တယ်လို့ ယုံကြည်မိတယ်။ တစ်ဖက်ကဈေးကွက်ကို အသိအမှတ်ပြုလေးစားသလို တစ်ဖက်ကလည်းလူမှုရေးလိုအပ်ချက်တွေကို စဉ်းစားဖို့လိုအပ်တယ်။ လူမှုရေးနဲ့စီးပွားရေး လိုအပ်ချက်တွေကို ဟန်ချက်ညီညီဖြည့်ဆည်းနိုင်အောင် ရင်ဆိုင်ရမယ်။

နိုင်ငံတော်အစိုးရရဲ့တာဝန်က ဈေးကွက်စီးပွားရေးစနစ်ဟာ တရားမျှတတဲ့ ရှင်သန်တဲ့၊ ပွင့်လင်းတဲ့၊ စနစ်တစ်ရပ်ဖြစ်အောင်လုပ်ရမယ်၊ ဆောင်ရွက်ရမယ်။ စီးပွားရေးလုပ်တဲ့ သူတွေကို အားပေးရမယ်။ လုပ်ချင်စိတ်တိုးအောင် လိုအပ်တာတွေဖြည့်ဆည်းရမယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံရေးအခင်းအကျင်း အသစ်မှာအခွင့်လမ်းအသစ်တွေပေါက်နေခဲ့ပြီး နိုင်ငံရဲ့စီးပွားရေးစနစ်ကို ပြည်သူတွေအတွက် အကျိုးရှိဆုံး ပုံစံဖြစ်အောင် လုပ်နိုင်မှာဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို စနစ်တကျဖန်တီးပြီးပြည်သူတွေ တမ်းတတဲ့ ဘဝသစ်ရောက်အောင် လုပ်ရမှာသာဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံဟာ ပုံစံအမျိုးမျိုးနဲ့ နောက်ကျကျန်ခဲ့တယ်။ ဒါပေမယ့် ဒီလိုဖြစ်တာဟာ အားငယ်စရာမဟုတ်ဘဲ ကိုယ်အရှေ့ရောက်နေတဲ့ နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို သင်ခန်းစာအဖြစ် ယူနိုင်စွမ်းရှိရမယ်။ သူတို့လုပ်ခဲ့တဲ့၊ တွေ့ခဲ့ရတဲ့အမှားတွေ ကိုယ့်အလှည့်မှာ မမှားဖို့လိုတယ်။ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ထုံးစံ၊ ကိုယ့်သဘာဝနဲ့ ကိုက်ညီမယ့် ဈေးကွက်စီးပွားရေးစနစ်အသစ်ကို ဖန်တီးကြပါစို့။

**အမှန်တော့ ဈေးကွက်စီးပွားရေး စနစ်လို့ပြောရင် ဈေးကွက်ကို ယုံကြည်တဲ့ စနစ်ဖြစ်တယ်။ ဈေးကွက်ဆိုတာကလည်း ရောင်းလိုအားနဲ့ ဝယ်လိုအားရဲ့ အားပြိုင်မှုကို လက်ခံတာဖြစ်တယ်။ ဈေးတက်ဈေးကျတဲ့ ကိစ္စကို ရောင်းလိုအားနဲ့ ဝယ်လိုအားကို အားကိုးပြီးဖြေရှင်း**

## မံစီကြီးအထက်တန်းကျောင်း၌ ဆရာဆရာမများ လိုအပ်နေ

**ဖန်းမောက် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ဖန်းမောက်မြို့နယ် မံစီကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ဆရာဆရာမများ လိုအပ်လျက်ရှိသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်းတွင်အထက်တန်းဆင့်၌ ဆရာဆရာမ ခုနစ်ဦးရှိ၍ လုံလောက်မှုရှိသော်လည်း အလယ်တန်းဆင့်တွင် ဆရာဆရာမ လေးဦးသာရှိ၍ ဆရာဆရာမလေးဦးလိုအပ်နေပြီး မူလတန်းဆင့်တွင်လည်းဆရာဆရာမ တစ်ဦးလိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အထက်တန်းကျောင်းမှာအထက်တန်းဆင့်မှာ ဆရာဆရာမအလုံအလောက်တော့ရှိပါတယ်။ ဒါပေမယ့်အလယ်တန်းဆင့်မှာတော့ ဆရာဆရာမ လုံလောက်မှုမရှိဘူးဖြစ်နေတယ်။ ဒီတော့ပြင်ပက ဆရာဆရာမတွေကိုငှားပြီး သင်နေရပါတယ်။ မူလတန်းမှာလည်း တစ်ယောက်တော့လစ်လပ်နေပါတယ်။ ဒါကြောင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဆရာဆရာမအလုံအလောက်ချပေးစေချင်ပါတယ်" ဟု မံစီကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။

မံစီကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ ကျောင်းသားကျောင်းသူပေါင်း ၆၇၈ ဦးပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**နီတိုး**

## တနင်္သာရီမြို့နယ်-မောတောင်နယ်စပ်ဂိတ်မှ ထိုင်းရောက်မြန်မာလုပ်သားများပြန်လည်ဝင်ရောက်လျက်ရှိ

**တနင်္သာရီ ဇူလိုင် ၉**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် နေထိုင်ခွင့်အထောက်အထား ပါမစ်မရှိသည့် မြန်မာလုပ်သားများ ထိုင်းနိုင်ငံ၊ ဘန်စင်ခွန်းယာယီနယ်စပ်ဖြတ်သန်းဂိတ်မှတစ်ဆင့် တနင်္သာရီမြို့နယ်- မောတောင်နယ်စပ်စစ်ဆေးရေးဂိတ်သို့ ဇူလိုင် ၈ ရက် နံနက် ၆နာရီမှစ၍ ညနေ ၆ နာရီအချိန်အထိ အမျိုးသား ၇၅ ဦးနှင့် အမျိုးသမီး၇၂ ဦးစုစုပေါင်း ၁၄၇ ဦးတို့ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။



နေရပ်ပြန်လာသည့်မြန်မာအလုပ်သမားများအား နယ်မြေခံတပ်မှ ဒုဗိုလ်မှူးကြီး စိုးမင်းအောင်နှင့် အရာရှိစစ်သည်များ၊ တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး ထွန်းလှိုင်၊ မောတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဝန်ထမ်းများ၊ မောတောင်နယ်စပ်ကုန်သွယ်ရေး စခန်းမှ ရဲအုပ်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသည့် အထောက်အထားမဲ့မြန်မာလုပ်သားများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နေရပ်များသို့ပြန်လည်စေလွှတ်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ ဇူလိုင် ၁ ရက်မှ ၈ရက်အထိ ထိုင်းနိုင်ငံ၌ နေထိုင်ခွင့် အထောက်အထားWork ပါမစ်မရှိ၍ မောတောင် နယ်စပ်စစ်ဆေးရေးဂိတ်သို့ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် စသည့်ဒေသများမှ ပြန်လည်ရောက်ရှိလာသော မြန်မာလုပ်သားများ စုစုပေါင်း ၈၀၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင် အကြမ်းဖက်သမားများ တိုက်ခိုက်၊ အလောင်း နှစ်လောင်း၊ အရှင်တစ်ဦးနှင့် နှောင့်ယှက်သူ တစ်ဦး ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၉**

ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာ၌ လက်နက်ကိုင် အကြမ်းဖက်သမားများက လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်၍ မိုင်းခွဲတိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်သမား အလောင်းနှစ်လောင်း၊ အရှင်တစ်ဦးနှင့် နှောင့်ယှက်ဟန့်တားသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာအုပ်စုနှင့် အနီးတစ်ဝိုက် လှည့်ကင်းဆောင်ရွက်စဉ် နံနက် ၁၁ နာရီခန့်တွင် တင်းမေကျေးရွာရှိ ဖွေယော့အစ္စလာမ်၏ နေအိမ်အတွင်းမှ လက်နက်ငယ်ဖြင့် အတွဲလိုက် အချက် ၂၀ ခန့်ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့၍ လက်နက်ငယ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် နေအိမ်အတွင်းရှိ အကြမ်းဖက်သမားများက မိုင်းတစ်လုံးဖောက်ခွဲ၍ ထပ်မံတိုက်ခိုက်သဖြင့် နေအိမ်အားရှင်းလင်းရာ နေအိမ်အတွင်းမှ ပြေးထွက်လာသည့် လက်နက်ကိုင်အကြမ်းဖက်သမား သုံးဦးအား ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လက်နက်ကိုင်အကြမ်းဖက်သမား အလောင်းနှစ်လောင်းရရှိပြီး အကြမ်းဖက်သမား ဖွေယော့အစ္စလာမ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ဟန့်တားသူ ဇာဘဲရ်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ နေအိမ်အား ဆက်လက်ရှင်းလင်းရာ မီးလောင်ကျွမ်းထားသော ဘီအေ ၉၄ တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ဘီအေ ၉၄ ကျည်ခွံ ခြောက်တောင့်၊ လုပ်သေနတ်တစ်လက်၊ အသက်သွင်းထားသည့် ရီမုမိုင်းတစ်လုံး၊ လက်လုပ်မိုင်းပြုလုပ်ရန် ပြင်ဆင်ထားသည့် အချင်း လေးလက်မ၊ အလျား ရှစ်လက်မ တစ်ဖက်ပိတ် ကားပစ်စတင်(Piston) တစ်ခု၊ အချင်း ငါးလက်မ၊ အလျား ရှစ်လက်မရှိ တစ်ဖက်ပိတ် ကားပစ်စတင် တစ်ခု၊ ဒီတိုနေတာ(Detonator) ရှစ်ခု၊ သေဆုံးသူ၏ ခါးပတ် ပိုက်ဆံအိတ်အတွင်းမှ ဘင်္ဂလားဒေ့ရှ်တာကာငွေ ၁၀၀၀ တန် တစ်ရွက်၊ ၁၀ တန် ငါးရွက်၊ ၂၀ တန် ခုနစ်ရွက်၊ Symphony ဖုန်း တစ်လုံး၊ မီးလောင်ကျွမ်းထားသည့် စကားပြောစက် လေးလုံး၊ အားသွင်းခုံကြိုး၊ ဘက်ထရီ သုံးမရ သုံးခု၊ ဓာတ်ခဲခြောက် လေးခု၊ ဓားရှည် ခြောက်ချောင်း၊ မောင်းချဓား လေးချောင်း၊ ဓားမ တစ်လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရရှိသည့် ဘီအေ ၉၄ သေနတ်တစ်လက်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျီးကန်ပြင် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါသွားသည့် လက်နက်ဖြစ်ကြောင်း သိရသည်။



ဖွေယော့အစ္စလာမ်၏ နေအိမ်အတွင်းမှတွေ့ရသည့် သက်သေခံပစ္စည်းများအား တွေ့ရစဉ်

ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တင်းမေကျေးရွာနှင့် ပတ်ဝန်းကျင်တစ်လျှောက် နယ်မြေဆက်လက်ရှင်းလင်းလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၉**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**



မစ္စယန်ဟီလီ၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံသို့ ဆဋ္ဌမအကြိမ် လာရောက်ခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း(လားရှိုးမြို့)၊ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ စစ်တွေမြို့များသို့ သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်နှင့်ပတ်သက်၍ ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ မသင်္ကာသူ ၁၀ ဦးဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နိုရုလ္လာကျေးရွာ၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက မသင်္ကာသူ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဇူလိုင် ၈ရက် နံနက် ၄ နာရီခွဲခန့်တွင် တပ်ဦးချောင်းကျေးရွာအုပ်စု နိုရုလ္လာကျေးရွာအား ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်သူ ရွာအာလောင်အပါအဝင် မသင်္ကာသူ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဇွန် ၂၄ ရက်က ခေါင်းတကာရွာ ရာအိမ်မှူး အသတ်ခံရသည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ခေါင်းတကာရွာနေ မာမတ်အိနုနှင့် နိုရုလ္လာကျေးရွာ၌ တရားမဝင်နေထိုင်သူ ရာရာခန်း ( လက်ရှိဆော်ဒီ နိုင်ငံနေသူ )တို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇရပ်နီကျေးရွာ၌ ကမ်းပြို၍ နေအိမ်များပြောင်းရွှေ့ထားရ

**ရေစကြို ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာ၌ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် လူနေအိမ်များ ပြောင်းရွှေ့ထားရကြောင်း သိရှိရသည်။

“ကျွန်တော်တို့ ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာမှာ ချင်းတွင်းမြစ်ရေတိုက်စားလို့ ကမ်းပြိုနေတဲ့အတွက် ဇူလိုင် ၆ ရက်ကစပြီး စိုးရိမ်ရတဲ့ အိမ်တွေကို ရွှေ့ပြောင်းခဲ့ရတာ ဇူလိုင် ၇ ရက်ထိ နေအိမ်ခြောက်လုံး ရွှေ့ပြောင်းထားရပါတယ်။ ကမ်းကလည်း ဆက်ပြိုနေတော့ နေအိမ်တွေလည်းဆက်ပြီး ရွှေ့ပြောင်းရမယ့် အနေအထားရှိပါတယ်။ ဒီနှစ်ရေတက်တာက စောတယ်။ ယမန်နှစ်က ဇူလိုင် ၁၁ ရက် မှာ ရေရောက်တယ်။ ဒီနှစ် ဇူလိုင် ၃ ရက်ကတည်းက ရေရောက်နေတာ၊ လောလောဆယ်တော့ ရွှေ့ပြောင်းအိမ်ထောင်စုတွေကိုနီးစပ်ရာဆွေမျိုးသားချင်းအိမ်တွေမှာ နေရာချပေးထားပါတယ်။ ယမန်နှစ်က ရွှေ့ပြောင်းခဲ့ရတဲ့ အိမ်တွေလည်း အခုထိ အိမ်ဝိုင်းမြေနေရာမရသေးတဲ့လူတွေ ရှိနေသေးတယ်။ ခက်တာက အိမ်ဝိုင်းမြေနေရာ ဈေးတွေက ပုံမှန်ဈေးထက်မြင့်နေတော့ လူတိုင်းဝယ်ပြီး မနေနိုင်ကြဘူး။ ဝယ်ပြီးနေနိုင်သူတွေသာနေရာရပြီး မဝယ်နိုင်တဲ့သူတွေက အခုထိဒုက္ခရောက်နေကြတုန်းပဲ။ ကျွန်တော်တို့လည်း အိမ်ဝိုင်းမြေနေရာမရသေးတဲ့ လူတွေအတွက် နေရာချထားပေးနိုင်ဖို့ မြို့နယ်နဲ့ညှိနှိုင်းပြီး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်”ဟု ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်ကပြောသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**ပခုက္ကူ ဇူလိုင် ၉**

ပခုက္ကူမြို့နယ် ဆိက္ခဝကျေးရွာအုပ်စု အနောက်သီရိကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုဘေးဖြစ်ပွားခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီက ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပေးအပ်သည်။

မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ် ဆိက္ခဝကျေးရွာအုပ်စု အနောက်သီရိကျေးရွာ၌ ဇူလိုင် ၅ ရက်က ကမ်းပြိုဘေးဖြစ်ပွားခဲ့သော အိမ်ခြေ လေးလုံး၊ အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၃ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် လေးသိန်း၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၂၇၃၀၀၊ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးတို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့်အတူ ဆိက္ခဝကျေးရွာအုပ်စု အနောက်သီရိကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇော် (ဓာတု)**

# စိုးရိမ်ရေမှတ်အထက်ရောက်နေသော ချင်းတွင်းမြစ်ကမ်းဘေးရွာများ ရေဝင်၊ စိုက်ခင်းများပျက်

**ကနီ ဇူလိုင် ၉**

ချင်းတွင်းမြစ်ရေသည် ကမ်းပါးတစ်လျှောက် မြို့များ၊ ကျေးရွာများ၏ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေပြီဖြစ်ရာ ကျေးရွာတချို့ ရေဝင်ရောက်မှုများရှိနေရာ ကနီမြို့နယ် သရက်ပင်ကျေးရွာ ပဲစိုက်ခင်းများအတွင်း ရေဝင်ရောက်နစ်မြုပ်ကာ ပျက်စီးမှုများရှိနေကြောင်း သိရသည်။



ကနီမြို့နယ် ကမ်းဒေါင့်ကျေးရွာတွင်လည်း ကမ်းပါးပြိုကျမှုများ ရှိသောကြောင့် ကမ်းပါးတွင်နေသူများ ရွှေ့ပြောင်းမှုများ ရှိနေပြီဖြစ်သလို အိမ်ခြေ ၁၁၇ အိမ်ရှိ ကနီမြို့နယ် ယင်းကျေးရွာတွင် ဇူလိုင် ၅ ရက်က စတင်၍ ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့မှုများ ရှိနေပြီဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၄ စီး၊ သွင်းကုန် ၅၇၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

# မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျားသေသယ်ဆောင်လာသူများအား ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက ကျားသေတစ်ကောင် သယ်ဆောင်လာသူများအား ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက ဒုအကောက်ခွန်မှူး ဦးရန်နောင်ဌေး ဦးစီးအဖွဲ့ဝင်များ၊ ရဲအုပ်တင်လင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး အောင်မိုး၊ တောအုပ် ဦးစိုးမင်းညွန့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကုန်စည်များ အခွန်ဆောင်ဖြတ်သန်းသွားလာမှု၊ တရားမဝင်ဖြတ်သန်းသွားမှုတို့ကို စစ်ဆေးဆောင်ရွက်နေစဉ် တာချီလိတ်မြို့မှ ကျိုင်းတုံမြို့ဘက်သို့ ယာဉ်မောင်း ဦးစိုင်းနွဲ့ (၅၉ နှစ်) မောင်းနှင်ပြီး ကားနောက်ခန်းတွင် ဦးငြိမ်းချမ်း (၂၇ နှစ်) တို့လိုက်ပါလာသည့် ပရိဘောက်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ရေခဲများစိမ်၍ သယ်ဆောင်လာသော ကျားသေတစ်ကောင်အား ရှာဖွေတွေ့ရှိခဲ့သည်။

ဖမ်းဆီးရမိသော ကျားသေအား စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်၍ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ အလေး ချိန် ၁၂၅ ကီလို၊ လုံးပတ် ၃ ပေ ၁၀ လက်မ၊ အမြင့်ပျမ်းမျှ ၂ ပေ ၄ လက်မ၊ ခေါင်းမှ အမြီးထိ ရှစ်ပေ ရှစ်လက်မခန့်နှင့် ဝမ်းဗိုက်အတွင်း ကလီစာများထုတ်ထားသည့် ကျားအထီးတစ်ကောင်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ကျားသေအား သယ်ဆောင်လာသူ ပိုင်ရှင် ဦးငြိမ်းချမ်း (၂၇ နှစ်) စိုက်ပျိုးရေးရွာ နောင့်ကုံးအုပ်စု ကျိုင်းတုံမြို့နေသူ နှင့် ယာဉ်မောင်း ဦးစိုင်းနွဲ့ (၅၉ နှစ်) ကတ်တောင်ရပ် ကျိုင်းတုံမြို့နေသူ နှစ်ဦးအား ဥပဒေအရအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ထန်းတပင်ဘူတာနှင့် ညောင်ဇင်ဘူတာအကြား ရထားလမ်းချော်မှုဖြစ်ပွား

**ကန့်ဘလူ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ဇူလိုင် ၈ ရက်က ထန်းတပင်ဘူတာမှ ညနေ ၅ နာရီ ၅၄ မိနစ်တွင် ထွက်ခွာလာသော စက်ခေါင်းအမှတ် DF 2051 စက်ခေါင်းမောင်း ဦးခင်မောင်ကြည်၊ ရထားထိန်း ဦးဝင်းဗိုလ်မောင်းနှင်လာသည့် အမှတ်(၉၃၇)အဆန် ကုန်အမြန်ရထားသည် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ထန်းတပင်ဘူတာနှင့် ညောင်ဇင်ဘူတာအကြား မိုင်တိုင်အမှတ် ၄၇၂/၁၁-၁၆ အရောက်ရထားလမ်းချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ အမှတ် (၉၃၇)အဆန် မြို့ဟောင်း-မြစ်ကြီးနား ကုန်အမြန်ရထား၏ တွဲဆိုင်းပါ စက်ခေါင်း နောက်ခုနစ်တွဲမြောက် GBHAH-40881 (ကုန်စုံ) တွဲသည် မန္တလေး ဘက်ဘိုဂီမှ အမှတ်စဉ်(၃)အတွင်း၊ အမှတ်စဉ်(၆)အပြင် တစ်ပေခန့်ကွာ၍ လမ်းချော်ကျမှု ဖြစ်ပွားခဲ့သည်။

ယင်းလမ်းချော်ကျမှုအား ပြန်လည်ပြုပြင်ရန်နှင့် လမ်းပိုင်းအမြန်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထားနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရထားလမ်းပိုင်း အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရထားလမ်းချော်မှုကြောင့် ထန်းတပင်ဘူတာ၌ အမှတ်(၅၃)အဆန်နှင့်(၅၅)အဆန်၊ ခင်ဦးဘူတာ၌ အမှတ်(၄၁)အဆန်နှင့် အမှတ်(၅၆) အစုန်အား ထန်းကုန်းဘူတာတို့တွင် ရပ်တန့်ထားခဲ့ရပြီး ဇူလိုင် ၉ ရက် နံနက် ၀၀ း ၄၀ နာရီတွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မီးရထားတာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများကို လိမ်လည်သူနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး

**မြဝတီ ဇူလိုင် ၉**

ကရင်ပြည်နယ် မြဝတီမြို့တွင် ထိုင်းနိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးအား အမည်မသိ အမျိုးသားနှစ်ဦးမှ မြဝတီဘက်ကမ်းတွင် စစ်တပ်က ဖုန်းတွေသိမ်းနေတယ်ဟုပြောကာ ဖုန်းနှင့်ပါလာသော ငွေတို့အားလိမ်လည်၍ ယူဆောင်သွားခဲ့မှုကို မြဝတီလူမှုကွန်ရက်အဖွဲ့နှင့် တံတားလုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင်များ ပူးပေါင်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် ညနေ ၅ နာရီက ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်လာသော ချစ်ဝင်းဇော်(၂၃နှစ်) မင်းကတုံးကျေးရွာ ဒိုက်ဦးမြို့နယ် ပဲခူးတိုင်းဒေသကြီး နေသူသည် သူငယ်ချင်းများနှင့်အတူ ပြန်လာစဉ် ချစ်ကြည်ရေးတံတား (ထိုင်းဘက်ခြမ်း)တွင် အမည်မသိ အသက် ၂၀ ခန့် လူငယ်နှစ်ဦးက မြဝတီဘက်ကမ်းသို့ လိုက်မလား၊ ပို့ပေးမည်ဟုပြော၍ လိုက်ပါလာစဉ် မြဝတီဘက်ခြမ်း၌ စစ်တပ်မှ ဖုန်းတွေသိမ်းနေသဖြင့် ယူထားပေးမည်ဟု ဆိုကာ ချစ်ဝင်းဇော်ပါလာသော SAMSUNG J7 အမျိုးအစား ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၁၀၀၀ တို့အား ယူပေးထားခဲ့ပြီး မြဝတီဘက်ကမ်းသို့ ရောက်ရှိပြီး ခဏအကြာတွင် အဆိုပါ လူငယ်နှစ်ဦးမှာ မရှိတော့ဘဲ ဖုန်းနှင့်ငွေတို့အား လိမ်လည်သွားသဖြင့် မြဝတီ လူမှုကွန်ရက်အဖွဲ့သို့ အကူအညီ တောင်းခံခဲ့သည်။

မြဝတီလူမှုကွန်ရက်အဖွဲ့မှ တံတားတာဝန်ကျတပ်ဖွဲ့ဝင်များထံ ဆက်လက်အကြောင်းကြား၍ ပူးပေါင်းစုံစမ်းခဲ့ရာ ဖုန်းနှင့်ငွေများ လိမ်လည်သွားသူမှာ အောင်တိုး(၂၇နှစ်) (၁)ဂိတ် အမှတ်(၃) ရပ်ကွက် မြဝတီမြို့နေသူနှင့် ရဲကိုကို(ခ) ပန့်ဂတုံး (၂၃နှစ်)မိုးကုတ် အမှတ်(၃) ရပ်ကွက် မြဝတီမြို့နေသူတို့ နှစ်ဦးဖြစ်ကြောင်းစုံစမ်းသိရှိခဲ့ရသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ လိမ်လည်ယူသွားသော ဖုန်း၊ ငွေများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်တိုးနှင့် ရဲကိုကိုတို့နှစ်ဦးအား မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး (ဘားအံ)**

# နမ့်ခမ်းမြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နမ့်ခမ်း ဇူလိုင် ၉**

နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၉ နာရီခွဲက နမ့်ခမ်းမြို့ အမှတ်(၁၄) ရပ်ကွက် အောင်မေတ္တာရပ် အမှတ်(၇၅/၂၅၃) နေ ရန်အန်းချင့်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၀၃ ဒသမ ၅ ဂရမ် ၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ နှင့် မြန်မာငွေကျပ် ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဖဲလောင်းကစားပြုလုပ်နေသူများအား အရေးယူထား

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၆)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် နံနက် ၂ နာရီခွဲက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက် ၂၉ လမ်း ၈၆×၈၇ လမ်းကြား အကွက် (၂၅၁)ရှိ ထမင်းဆိုင်နေအိမ်အပေါ်ထပ်၌ ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ ဖဲလောင်းကစားပြုလုပ်နေသည့် ချမ်းအေးသာစံမြို့နယ်နေ မိုးဆန်း (၄၂ နှစ်)ပါ ကိုးဦးအား ဖဲလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၀၀၆၉၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် မိုးဆန်းပါ ကိုးဦးအား အမှတ်(၆)နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေးမြို့နယ်၌ လက်နက်ပြခြိမ်းခြောက်လုယက်မှုဖြစ်ပွား

**ရေး ဇူလိုင် ၉**

မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု အဘော်ကျေးရွာနှင့် ရွှေပြည်သာကျေးရွာအကြား ဖားဂလဲ့ကွင်း ရော်ဘာခြံ၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီ မိနစ် ၅၀ က လုယက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။**(အောက်ဝဲပုံ)**



ဖြစ်စဉ်မှာ ဇူလိုင် ၉ရက် နံနက်၂နာရီခွဲခန့်က ခြံရှင်ဦးရဲညွန့်မောင် ရော်ဘာခြံ၌ ခြံစောင့်ဖြစ်သူ ဦးမောင်ထူးသည် မိသားစုများနှင့်အတူ အိပ်ပျော်နေစဉ် သေနတ်တိုကိုင်ဆောင်လာသည့် အမည်မသိလူ နှစ်ဦးအနက် တစ်ဦးက ပြောက်ကျားဝတ်စုံဝတ်ဆင်ထားပြီး မျက်နှာအားပုဆိုးဖုံးကွယ်ကာ လက်နက်ပြခြိမ်းခြောက်၍ ငွေကျပ်တစ်သိန်း ခြောက်သောင်းနှင့် ဖုန်းတစ်လုံးပါယူဆောင်သွားခဲ့ကြောင်း သိရသည်။

ရော်ဘာခြံစောင့် ဦးမောင်ထူးက တရားလိုပြုလုပ်ကာ ရေးမြို့မရဲစခန်းမှ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဇူလိုင် ၉ရက် နံနက်က အမှုဖွင့်အရေးယူထားရှိပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လ ပထမပတ်အတွင်းတွင် အမည်မသိလူနှစ်ဦးလက်နက်ပြ ငွေခြိမ်းခြောက်တောင်းမှုမှာ ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု ဝဲရက်ကွင်းရော်ဘာခြံအတွင်း၌ နှစ်ကြိမ်ဆက်တိုက် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားနံရံပြိုကျ

**ကျိုက်ထို ဇူလိုင် ၉**

ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာ ရန်ကုန် - မော်လမြိုင်ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၉၀/၃)နှင့်(၉၀/၄)ကြား ကျိုက်ထို-သိမ်ဇရပ်သွားကားလမ်း၏ ယာဘက်ခြမ်းရှိ မြေသားနံရံမှာ ဇူလိုင် ၆ ရက် ည ၁၀ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အလျားပေ ၂၀ ၊ အနံ ၁၅ ပေခန့် မြေသားများပြိုကျမှုဖြစ်ခဲ့သည်။

မြေသားများပြိုကျမှုကြောင့် ကျိုက်ထို-သိမ်ဇရပ်သွားကားလမ်းမ၏ ထက်ဝက်ကျော်ခန့်မှာ မြေသားများဖုံးလွှမ်းခဲ့သော်လည်း လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လူနှင့်ယာဉ်များမှာ သွားလာလျက်ရှိသည်။ ဒေသခံများပြောဆိုချက်အရ အဆိုပါမြေသားနံရံများသည် နှစ်စဉ် တစ်နေရာမဟုတ်တစ်နေရာ ပြိုကျမှုဖြစ်ပေါ်လျက်ရှိပြီး ရထားနှင့်ကားလမ်းများ ပိတ်ဆို့မှုဖြစ်ပေါ်ပါက တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖယ်ရှားပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း ပိတောက်ခွဲသားများနှင့်အတူ နွားအရှင်း ၂၀နှင့် ပြစ်မှုကျူးလွန်သူ ၂၁ ဦး ဖမ်းဆီးရမိ

**ယင်းမာပင် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဝန်ထမ်းများနှင့် ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ် တင်မောင်လတ် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေးရာ ဇူလိုင် ၈ ရက် နံနက် ၂ နာရီခွဲက ဥယျာဉ် ဧရိယာအတွင်း ပိတောက်ခွဲသား အချောင်း၂၀ (၃ဒသမ ၁၆၂၄တန်) နှင့် တရားမဝင် သစ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ နွားအရှင်း ၂၀နှင့် သစ်ဆွဲရာတွင် အသုံးပြုသည့် ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါဖမ်းဆီးရမိသော တရားမဝင် ပိတောက်ခွဲသား အချောင်း ၂၀ (၃ ဒသမ ၁၆၂၄တန်)ကို ဥယျာဉ်အတွင်းရှိ ကိုးမိုင်ထိန်းသိမ်းရေးစခန်း၌ ထိန်းသိမ်းလက်ခံထားရှိပြီး တရားမဝင်သစ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၂၁ ဦး၊ နွားအရှင်း ၂၀နှင့် ဆက်စပ်ပစ္စည်းများကို ကနီမြို့မရဲစခန်းသို့ တာဝန်ရှိသူတို့က ကားများဖြင့် သယ်ယူကာ မြို့နယ်သစ်တောဦးစီးဌာနနှင့်ဆက်သွယ်ပြီး အပ်နှံပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# မသင်္ကာဖွယ်တွေ့ရှိသူအား ခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

**နေပြည်တော် ဇူလိုင် ၉**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် ည ၈နာရီက ဗန်းမော်မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဗန်းမော်မြို့ (၃)မိုင် ရွှေပြည်သာရပ်ကွက် မြို့ရှောင်လမ်းမပေါ်၌ CZI-125 ဆိုင်ကယ်နှင့် မသင်္ကာဖွယ်သူ တစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့ရာ ယင်းရပ်ကွက်နေ မောင်မောင်ရွှေ(ခ)မောင်မောင် (၂၅ နှစ်)ဖြစ်ပြီး အဆိုပါဆိုင်ကယ်ကို ဗန်းမော်မြို့နယ် ခိုကျင်ကျေးရွာရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်ကိုသိမ်းဆည်းပြီး ၎င်းအား ဗန်းမော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသမီးတွဲဆိုင်းများ ယှဉ်ပြိုင်ထိုးသတ်

**ရန်ကုန် ဇူလိုင် ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကကြီးမှူးပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကာ ဂျပန်နိုင်ငံ Manda အားဖြည့်အစားအစာကုမ္ပဏီ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပလျက်ရှိသော (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက သတ္တမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပရာ အမျိုးသမီးတွဲဆိုင်းငါးဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမျိုးသမီး ၅၄ ကီလိုတန်း၌ ကေသွယ်ငြိမ်း(တနင်္သာရီ)က နီလာ(ကချင်)ကို အမှတ်ဖြင့် အနိုင်ယူယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

၅၄ ကီလိုတန်းမှ ကေသွယ်ငြိမ်း(တနင်္သာရီ)နှင့် နီလာ(ကချင်)တို့ပွဲတွင် ကေသွယ်ငြိမ်းက နီလာကို အတင်းဝင်၊ အတင်းထွက် တံတောင်ရိုက်ချက်များဖြင့် ပထမအချီ ကတည်းကပင် ပါဝါသုံးယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် နီလာ(ကချင်)မှာ ကြိုးဝိုင်းကြမ်းပြင်သို့ အကြိမ်ကြိမ်လဲကျခဲ့သော်လည်း ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရင်း သုံးချီပြည့်ပြီးဆုံးခဲ့သည်။ အမှတ်ဖြင့် ဆုံးဖြတ်ရာ၌ ကေသွယ်ငြိမ်း(တနင်္သာရီ) အနိုင်ရရှိသွားသည်။

အလားတူ အမျိုးသမီးတွဲဆိုင်းပွဲစဉ်များဖြစ်သည့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် လင်းယုန်မေ(မန္တလေး)နှင့် မိုးအိဖြူ(တနင်္သာရီ)တို့ပွဲ၌ ပထမအချီ ၂ မိနစ် ဝ၄ စက္ကန့်မှာပင် လင်းယုန်မေက ပင့်၊ ထောက်လက်သီးတွဲလုံးများနှင့် ခြေကန်ချက်တို့ဖြင့် ပညာစုံသုံးယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် မိုးအိဖြူ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိတော့ဘဲ အရှုံးပေးလိုက်ရသည်။ အမျိုးသမီး ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မြသီတာ(ကချင်)နှင့် နော်ဖောလော်အဲ (ကရင်) တို့ပွဲ၌ နော်ဖောလော်အဲက ဒုတိယအချီ ၂ မိနစ် ၄၈ စက္ကန့်တွင် ဘယ်ခြေကန်ချက်ဖြင့် အလဲထိုးပွဲသိမ်း အနိုင်ယူခဲ့ပြီး အလားတူ မြင့်မြတ်သူ(တနင်္သာရီ)နှင့် ရွှေကိုလေး(ပဲခူး)တို့ပွဲတွင် အလဲထိုးဖြင့် ရွှေကိုလေး အနိုင်ရခဲ့သည်။ တစ်ဖန် အမျိုးသမီး ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ရွှေရည်မိုး(တနင်္သာရီ)က ပင့်၊ ဝိုက်လက်သီးတွဲလုံးများကို အသုံးပြုကာ အေးအေးခိုင်(ကချင်)ကို ပထမအချီမှာပင် အမှတ်စဉ်သုံးခါ ရေတွက်ခိုင်းစေပြီး အနိုင်ယူခဲ့သည်။

အမျိုးသား (ဂ) အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် မင်းထက်လွင်(ဧရာဝတီ)က စောသဲမိုး(ကယား)ကို ပထမအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ဘိုဘိုအောင်(ကချင်)နှင့် အောင်ပြည့်ဦး (ခ) ကျားဆိုး(ကရင်)တို့ပွဲတွင် သုံးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အနိုင်အရှုံးမပေါ်ခဲ့သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ အောင်ပြည့်ဦးက အနိုင်ရခဲ့သည်။ (ခ)အဆင့် ၅၄ ကီလိုတန်းပြိုင်ပွဲ၌ အောင်ရဲထွဋ်(ကရင်)နှင့် သီဟအောင်(မကွေး)တို့ ယှဉ်ပြိုင်ရာတွင် ပထမအချီ ၁၂ စက္ကန့်မှာပင် သီဟအောင် အလဲထိုးခံလိုက်ရပြီး ထူးနေသူ(ခ) တင်စိုး (ကရင်)နှင့် ရှမ်းကြီး (မန္တလေး) တို့ပွဲတွင် တက်သစ်လူငယ်များပီပီ မာန်ဟုန်အပြည့်ဖြင့် ပညာစုံသုံးကာ နှစ်ဖက်ယှဉ်ပြိုင် ထိုးသတ်ကြသော်လည်း အနိုင်အရှုံးမပေါ်ခဲ့၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ထူးနေသူ အနိုင်ရခဲ့သည်။ ထို့အပြင် (ခ) အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ရဲဝင်း(ကရင်)က ကိုကိုအောင်(ပဲခူး)ကို ပထမအချီ ၂ မိနစ် စက္ကန့် ၅၀ မှာပင် ဘယ်ဒူးတိုက်ချက်ဖြင့် အလဲထိုးအနိုင်ယူခဲ့ပြီး တာရာအောင်(မန္တလေး)နှင့် စိုးမိုးနိုင်(စစ်ကိုင်း)တို့ပွဲတွင် ပထမအချီ ၁ မိနစ် ၂၇ စက္ကန့်မှာပင် စိုးမိုးနိုင်က အလဲထိုးဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

❖ မန်ယူတိုက်စစ်မှူး ဝိန်းရွန်းနေသည် မားဆေးဆိုက်ကလပ်နှင့် ၁၃ နှစ်ကြာဝေးကွာပြီးနောက် ယခုအခါ အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် အဲဗာတန်အသင်းထံသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ရွန်းနေ(၃၁ နှစ်)သည် မန်ယူအသင်းအတွက် ၅၅၉ ပွဲ ကစားပေးထားရာတွင် ၂၅၃ ဂိုးသွင်းယူပေးထားကြောင်း သိရသည်။ ၎င်းသည် ၂၀၀၄ ခုနှစ်တွင် အဲဗာတန်မှ မန်ယူသို့ ပေါင် ၂၇ သန်းဖြင့် ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

❖ အာဆင်နယ်သည် မိုနာကိုတောင်ပံကစားသမား သောမက်စ်လီမာ (၂၁ နှစ်)အတွက် ပေါင် ၃၅ သန်း ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် ပေါင်သန်း ၄၀ သို့ တိုးမြင့်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

**ဇော်ဇော်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

ကြေးမုံ

မျိုးဆက်သစ်ရင်ပြင်

ဝတ္ထုတိုပေါင်းချုပ်

ထွက်ပြီ

ကြေးမုံသတင်းစာ မျိုးဆက်သစ်ရင်ပြင်ကဏ္ဍတွင် ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်လူရွယ်များ ခံစားရေးဖွဲ့ခဲ့သော ရသစာပေဝတ္ထုတိုများ။ မျိုးဆက်သစ်များ၏ သွက်လက်ထက်မြက်သော အတွေး၊ အရေး၊ ရသစုံ ဘဝသရုပ်ဖော်စိတ်ကူးများကို စုစည်းထားသည်။

ဖြန့်ချိရေး

မေတ္တာမွန်စာပေ၊ ဖုန်း - ၀၉ ၇၃၁၀၂၁၁၃၊ အမှတ် (၇၇)၊ (၅၂) လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၀၀၀၂၁၀၂၂။
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။



စာပေ မြင့်မှ လူမျိုး တင့်မည်

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 JULY 10 TO 16 - MONDAY | 1134 |

အတွေးအမြင် ဆောင်းပါးအမြစ်

စစ်အေးတိုက်ပွဲအသစ်၌ အနိုင်ရနေသော ပူတင်

ဘာကြောင့် အိန္ဒိယနိုင်ငံအတွက် အစ္စရေး အရေးပါနေသလဲ

သဘောထားအမြင် တင်ပြလျှင် ဆင်ခြင်ဂရုပြု

အာဆတ်အလွန် ဆီးရီးယား ဘာဖြစ်နိုင်သလဲ

ယခုနှစ်အတွင်း ဥရောပသို့ရွှေ့ပြောင်းနေထိုင်သူ တစ်သိန်းကျော်ရှိပြီ

ပါကစ္စတန်၌ အိုင်အက်စ်တို့ ခြေကုပ်ရနေပြီလား

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေးကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊
မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual) နှစ်မျိုးလုံး သင်ကြားပေးသည်။

ဩဂုတ်လ ပုံမှန်သင်တန်း ၁-၈-၂၀၁၇ရက် ဖွင့်မည်။

ဩဂုတ်လ အထူးသင်တန်း ၅-၈-၂၀၁၇ရက် ဖွင့်မည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၃၁၅၆၆၇၂၅၊ ၀၉-၇၉၅၆၃၀၉၇၀၊ Ocean Super Market မဟာဗန္ဓုလတံတားအနီး

(လူဦးရေကန့်သတ်ထားသည်)

ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ အဆောက်အဦများ ဆောက်လုပ်ရန်

## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ အဆောက်အဦဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးသို့အပ်နှံသည့်ကျောင်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် (မြန်မာကျပ်ငွေဖြင့်) အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းနိုင်ပါသည်။

၁။ **တင်ဒါအဆိုပြုလွှာရယူနိုင်သည့်ရက်** - ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း

၂။ **တင်ဒါအဆိုပြုလွှာရယူနိုင်သည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့

၃။ **တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်/အချိန်**
- **ကုမ္ပဏီဆိုင်ရာအချက်အလက်များ** - ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀နာရီ
- **စံချိန်စံညွှန်းများအဆိုပြုလွှာ**
- **အဆောက်အဦလုပ်ငန်းတန်ဖိုးအဆိုပြုလွှာ**

၄။ **တင်ဒါဖွင့်သည့်ရက်/အချိန်** - ၁၈-၈-၂၀၁၇ရက်၊(သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

၅။ **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့

**မှတ်ချက်** - အသေးစိတ်သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး၊ လမ်း/ အဆောက်အဦဦးစီးဌာန၊ ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၀၅၂-၂၂၂၁၅၂၃တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ အဆောက်အဦဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၀၇၈ BE 4DR 117519 (ပြာ+မီးခိုး)ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းအောင် ၇/ပခန(နိုင်)၀၇၀၀၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ဖခင် အမည်မှန်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၀)၊ အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၇-၂၀၁၈ပညာသင်နှစ် နဝမတန်း(က)မှ မသီရိဂျူးဂျူး၏ ဖခင်အမည်မှန်မှာ ဦးဆေး ဖြစ်ပါကြောင်း။

**ဦးဆေး ၉/ပသက(နိုင်)၁၄၅၀၃၁**

**အမည် မှန်**

မတ္တရာမြို့၊ အထကစလွန်ဖြူ တက္ကသိုလ်ဝင်တန်း(A)မှ (ဘ)ဦးသန့်ဇင်ထွန်း ၉/ခမစ(နိုင်)၀၅၉၈၅၈၏သား မောင်ပြည့်ဖြိုးထွန်း၏ အမည်မှန်မှာ မောင်ပြည့်ဖြိုးအောင် ဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးအောင်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)တိုးချဲ့ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၅၀/က)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၂)တိုးချဲ့၊ မြေကွက်အမှတ်-၅၀၊ (အလျား၄၀ပေ× အနံ၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်၏ခေါင်းရင်းခြမ်း တစ်ဝက်တိတိဖြစ်သော(အလျား၂၀ပေ×အနံ ၆၀ပေ)၊ စတုရန်းပေ (၁၂၀၀) အကျယ်အဝန်းရှိ ဒေါ်မေရီညွန့် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ပပမြင့် ၉/မမန(နိုင်)၀၀၃၆၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ယုယုအောင် LL.B, B.A(Business Law), D.B.L, DL-101(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၃၃)**

**အမှတ်-၆၂၊ ပထမထပ်၊ အခန်း(၁၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၈၆၆၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်-RA-IV/ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်-၄၉-ဈ-၂၊ မြေယာအမှတ်-52/295-A-1ဟုသတ်မှတ်သည့်ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးပိုင်ခွဲ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ နေအိမ်အဆောက်အအုံအား ဂရန်အမှုတွဲအမှတ်-၈၄၇/၁၉၉၇-၁၉၉၈အရ ဂရန်အမည်ပေါက်သူ ဦးသိန်းဝင်း (ကွယ်လွန်)၏ သားသမီးများဖြစ်ကြသည့် (၁) ဒေါ်မျိုးမျိုးဝင်း ၉/မမန(နိုင်)၀၂၀၀၉၉၊ (၂)ဦးမျိုးမင်း ၉/ပဥလ(နိုင်)၀၂၈၀၄၆၊ (၃) ဦးဇော်မင်းထွန်း ၉/ပဥလ(နိုင်)၀၄၁၆၄၅တို့ မောင်နှမသုံးဦးက မြေဂရန်မူရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် တာဝန်ခံမိတ္တူများဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ကာ စီမံခန့်ခွဲရောင်းချပိုင်ခွင့်အာဏာ လုံလောက်စွာရှိပါကြောင်း တာဝန်ယူ ကတိပြုကာ ရောင်းချရန် ကမ်းလှမ်းခဲ့ရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူခိုင် ၁၃/ကမန (နိုင်)၀၆၃၄၆၄က လက်ခံသဘောတူညီခဲ့သည့်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး အရောင်းအဝယ်အား တရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ဂရန်မြေနေအိမ်အဆောက်အအုံအား အရောင်းအဝယ်ပြုမည့်ကိစ္စနှင့်စပ်လျဉ်း၍ ထိုနေအိမ်မြေနှင့်ပတ်သက်ပြီး အကျိုးခံစားခွင့်ရှိကြောင်း အရေးဆိုနိုင်သည့် မည်သူမဆိုသည် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် နည်းလမ်းတကျ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက် ကျော်လွန်ခဲ့ပါလျှင် အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူခိုင် ၁၃/ကမန(နိုင်)၀၆၃၄၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးပပဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂)**

**ရုံးခန်းအမှတ်(၁၉)၊ အထက(၂) တိုက်ခန်း၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊**

**ဖုန်း-၀၉-၂၀၅၀၁၂၈၊ ၀၉-၇၉၂၀၅၀၁၂၈၊ ၀၉-၉၆၂၀၅၀၁၂၈**

## အများသိစေရန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ အကွက်အမှတ် စ-၂/ပဒေသာ၊ ဦးပိုင်အမှတ် ၉၂၊ မြေကွက်အမှတ် ၉၂၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဂရန်မြေနှင့်နေအိမ်အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမိုင်ဘုတ်ခန်း(ခ)ဦးမင်းခိုင် ၉/မမန(နိုင်)၀၀၂၈၅၁က ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် ၃၁၉/၂၀၁၂ အရ ဝယ်ယူခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် ၃၄၅/၂၀၁၃-၂၀၁၄ အရ ဂရန်အမည်ပေါက်ရရှိကာ ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်သည့် နေအိမ်မြေဖြစ်ပါသည်။ အဆိုပါ နေအိမ်မြေနှင့်တကွ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအား ကျွန်ုပ်၏မိတ်ဆွေက ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း/ပေးကမ်း/ရောင်းချထားခြင်း အလျှင်းမရှိပါဘဲ ကျွန်ုပ်မိတ်ဆွေ လက်ရှိထားသိမ်းဆည်းထားသည့် ထိုနေအိမ်မြေဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်းများနှင့် ဆက်စပ်စာချုပ်စာတမ်းမူရင်း စသည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများမှာ ပျောက်ဆုံးလျက်ရှိနေပါကြောင်းနှင့် တရားဝင်ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်မိတ်ဆွေအား အသိပေးခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ ထိုစာချုပ်စာတမ်းမူရင်းများအား မရိုးမသား လက်ဝယ်ထားရှိသူ၊ လွှဲပြောင်းရောင်းချသူ၊ ပေးကမ်းသူ/လက်ခံရယူသူ မည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမိုင်ဘုတ်ခန်း(ခ)ဦးမင်းခိုင် ၉/မမန(နိုင်)၀၀၂၈၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးပပဝင်း LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၈၂/၂၀၁၂)**

**ရုံးခန်းအမှတ်(၁၉)၊ အထက(၂) တိုက်ခန်း၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**

**ဖုန်း-၀၉-၂၀၅၀၁၂၈၊ ၀၉-၇၉၂၀၅၀၁၂၈၊ ၀၉-၉၆၂၀၅၀၁၂၈**

## အမည်မှန်

ရမည်းသင်းမြို့၊ အထက(ခွဲ) အဌမတန်း(A)မှ (ဘ)ဦးကျော်ထင်ဦး၏သား အမည်မှန်မှာ မောင်ရဲသီဟ ဖြစ်ပါကြောင်း။

## တိုက်ခန်း အမြန်ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ပွဲစားမလို

**ဖုန်း-၀၉-၄၅၃၁၂၂၉၀၆**

**၀၉-၄၅၃၁၂၂၉၀၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/2346 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ်(၉၈၄/ခ)အမည်ပေါက် ဦးမင်းနိုင် ၁၂/ဒဂတ(နိုင်)၀၁၈၂၅၇ (ဘ)ဦးလှရွှေ မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ အမည်ပေါက် ဦးလှရွှေ KTN-၀၅၂၇၂၅ (ဘ)ဦးမောင်တင် မြေငှားစာချုပ်မူရင်းနှင့် လဲလှယ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးတင့်ဆွေမှ မြေချပါမစ်မူရင်း၊ ဘဏ်ငွေသွင်းချလန်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲမန်နေဂျာ၏ ငွေအကျေပေးဆပ်ပြီးကြောင်းထောက်ခံစာ၊ အရောင်းအဝယ်စာချုပ်များတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်းလဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

**အခန်း (၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည်-

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၄) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် ဝန်ကြီးက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) အစိုးရက သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

**အခန်း (၄)**

**သဘာဝနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း**

၇။ သဘာဝနယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သိပ္ပံကြိုးဝိုင်း၊

(ခ) အမျိုးသားဥယျာဉ်၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်၊

(ဃ) သဘာဝကြိုးဝိုင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊

(စ) ဘူမိရုပထူးခြားသည့်ကြိုးဝိုင်း။

၈။ ဝန်ကြီးသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍

(၁) သဘာဝနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်၊

(၂) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်း တစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဃ) မည်သည့် နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်၊

(င) ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏ္ဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၀။ ဝန်ကြီးသည် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထားသောဒေသမှအပ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) သဘာဝနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နိုင်ငံခြားတိုင်းပြည်များနှင့် အလဲအလှယ်ပြုလုပ်နိုင်သည်၊

(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝနယ်မြေများ၏ အတွင်းတွင်လည်းကောင်း၊ နယ်နိမိတ်အစပ်တွင် လည်းကောင်း ကြားခံနယ်မြေ သတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြု ခရီးသွားလုပ်ငန်းနှင့်ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာဖြင့် စီမံအုပ်ချုပ်ခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ ခွင့်ပြုပေးနိုင်သည်၊

(င) သဘာဝနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(စ) သဘာဝနယ်မြေများအတွင်း ထိန်းသိမ်းကာကွယ်ထားသော ဂေဟစနစ်များမှ ရရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်း စနစ်ကို သတ်မှတ်နိုင်သည်၊

(ဆ) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူပူးပေါင်းပါဝင်သည့် သဘာဝနယ်မြေ စီမံအုပ်ချုပ်မှုကို ကျင့်သုံးရန် ခွင့်ပြုနိုင်သည်၊

(ဇ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)အရ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များကို ခွင့်ပြုသည့်အခါ သစ်တောဦးစီးဌာနသည် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဈ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)အရ ငြင်းပယ်သည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ အရှည်တည်တံ့နေစေရေး အတွက် ဦးရေအမျိုးအစားမျှတစေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပြီး အများပြည်သူသိရှိရန် ကြေညာထားရမည်။

၁၄။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သဘာဝနယ်မြေအမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာဖြစ်စဉ် ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများ၊ ယင်းတို့၏ နေရင်းဒေသများဖြစ်သော သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များနှင့် ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ၊ ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော ဂေဟစနစ်များ အရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသောငှက်များ ရောက်ရှိ ရပ်နားရာဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရုပထူးခြားသည့်ကြိုးဝိုင်းအတွင်း ထူးခြားလှပသည့်သဘာဝအနေအထားများနှင့် ရိုးရာဓလေ့များဖြင့် ထင်ရှားသည့်ဒေသများကို ထိန်းသိမ်းခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝနယ်မြေများကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

**အခန်း (၅)**

**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**

၁၅။ သစ်တောဦးစီးဌာနသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့်-

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ အောက်ပါ အမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -

(၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ

(၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ

(ခ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရန်အလို့ငှာ အမျိုးအစားခွဲခြားပြီး သတ်မှတ်ကြေညာရမည်၊

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(င) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရန်သတ်မှတ်မည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေပါက သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်-

(၁) ညွှန်ကြားရေးမှူးချုပ်အား မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နိုင်ရန် သတ်မှတ်ပေးရမည်၊

(၂) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နိုင်ရန် သင့်လျော်သူ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ သတ်မှတ်တာဝန်ပေးရမည်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝအပင်များ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်များအနက် သတ်မှတ်သည့် အမျိုးအစားတွင်ပါဝင်သော တိရစ္ဆာန်ကိုဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့်ပြုနိုင်သည်၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်ကို သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်းပြုနိုင်ရန် ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စိုက်ခင်းများအတွင်း ပေါင်းမြက်များပေါက်ရောက်ခြင်းကြောင့် သီးနှံ၏အရည်အသွေးကျဆင်းစေနိုင်

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ



ယခုအခါ တောင်သူဦးကြီးများ အများဆုံးရင်ဆိုင်ကြုံတွေ့နေသည်မှာ စိုက်ခင်းများအတွင်း ပေါင်းမြက်များ ပေါက်နေခြင်းပင်ဖြစ်သည်။ ပေါင်းမြက်ဆိုသည်မှာ ဆိုးကျိုးသာပေးသည်မဟုတ်ဘဲ ကောင်းကျိုးလည်း အတိုင်းအတာတစ်ခုအထိပေးသည်။ သို့သော် ပေါင်းမြက်သည် ကောင်းကျိုးထက် ဆိုးကျိုးကပိုများသည်။ တောင်သူများ၏ သီးနှံစိုက်ခင်းများရှိ လယ်ယာမြေများတွင် အများဆုံး အနှောင့်အယှက်ပေးနေသည်ကတော့ ပေါင်းပင်များဖြစ်ပါသည်။ ပေါင်းပင်များ ရှင်းလင်းရန်အတွက် တောင်သူများမှာ လုပ်သားများငှား၍ ရှင်းလင်းရသည့်အတွက် ငွေကုန်ကြေးကျလည်း ပိုများလာသည်ကို တွေ့မြင်ရသည်။

ပေါင်းပင်များသည် စပါးပင်များဖြစ်ထွန်းစားသုံးရမည့် ရေနှင့်အလင်းရောင်၊ အာဟာရဓာတ်မြေသြဇာ မြေဆီအာဟာရများကို အဓိကလုယူစားသုံးပြီး ရှင်သန်ပေါက်ပွားကြီးထွားလာကြပြီး သီးနှံဖြစ်ထွန်းမှုကို အများဆုံးအနှောင့်အယှက်ဖြစ်စေသည်။ ပေါင်း၏ဆိုးကျိုးအဖြစ် သီးနှံအထွက်နှုန်း ၆၀ ရာခိုင်နှုန်းထိခိုက် ဆုံးရှုံးနိုင်ကြောင်း သိရသည်။

“ပေါင်းမြက်ကြောင့် သီးနှံရဲ့အရည်အသွေးကိုလည်း ကျဆင်းစေပါတယ်။ သီးနှံစိုက်ပျိုးခြင်းနဲ့ ရိတ်သိမ်းခြင်းတို့မှာလည်း အထူးအနှောင့်အယှက်ပေးနိုင်သလို ရေသွင်းရေထုတ်လုပ်ငန်းတွေမှာလည်း ပေါင်းပင်တွေဟာ အဟန့်အတားဖြစ်စေပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်ရေးမှာ ပေါင်းကြောင့်ထုတ်လုပ်မှု တန်ဖိုး ၁၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျနိုင်ပါတယ်” ဟု စိုက်ပျိုးရေးပညာရှင်အချို့က သုံးသပ်ပြောကြားမှုများ ရှိသည်။

စပါးခင်းများတွင် ပေါင်းများကျသည့် ပေါင်းပင်အမျိုးအစားမျိုးစိတ်ပေါင်း သုံးသောင်းကျော်ရှိကြောင်း သိရသည်။ ပေါင်းကိုဘက်စုံ ပေါင်းကာကွယ်နှိမ်နင်းခြင်း၊ ပေါင်းသတ်ဆေးသုံး၍ ကာကွယ်နှိမ်နင်းခြင်းနည်းများကို သုံး၍ နှိမ်နင်းနိုင်ပါသည်။ ဘက်စုံပေါင်းကာကွယ်နှိမ်နင်းရာတွင် သီးနှံစိုက်ခင်းများအတွင်း ပေါင်းပင်များကျရောက်ပြီဆိုလျှင် တောင်သူများအနေဖြင့် သီးနှံပင်ရဲ့သုံးပုံတစ်ပုံကာလမှာ လူအင်အားသုံးပြီးဖြေရှင်းပေးနိုင်သည်။ နောက်တစ်နည်းအနေဖြင့် ဓာတုဆေးသုံးပြီးနှိမ်နင်း၍လည်း ရနိုင်သည်။ ဓာတုဆေးဝါးသုံးစွဲပြီး နှိမ်နင်းခြင်းဟာ လက်ပေါင်းစရိတ်ထက် ကုန်ကျစရိတ်သုံးဆနီးပါးသက်သာစေပြီး လုပ်သားရှားပါးမှုပြဿနာကိုလည်း ဖြေရှင်းရာရောက်သည်။ သို့သော် ဓာတုပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲပါကလည်း သီးနှံများကို ထိခိုက်နိုင်သကဲ့သို့ မြေဆီလွှာကိုလည်း ပျက်သုဉ်းစေသည်။

လယ်မြေများတွင် စပါးစိုက်ပြီးတစ်လအတွင်း ပေါင်းမြက်များကို သေချာမထိန်းချုပ်နိုင်ဘူးဆိုပါက စပါးအထွက်နှုန်းထိခိုက်နိုင်ကြောင်း၊ တောင်သူများအနေဖြင့် ပေါင်းသတ်ဆေးအသုံးပြုပါက အပင်မပေါက်ခင် အသုံးပြုသည့်ဆေး၊ အပင်ပေါက်ပြီးဖျန်းသည့်ဆေးများကို ခွဲခြားသိရှိရန်လိုအပ်ကြောင်း သိရသည်။

“အကြမ်းဖျင်းကတော့ ပေါင်းရှင်းလေကောင်းလေပါပဲ။ မစိုက်ပျိုးခင်မှာ ထယ်ရေး၊ ထွန်ရေးကိုကောင်းအောင်လုပ်ထားမယ်။ ပေါင်းမြက်ရှင်းအောင်လုပ်ထားမယ်ဆိုရင် စိုက်တဲ့အချိန်မှာ ပေါင်းကချက်ချင်းမပေါက်နိုင်ဘူး။ အဲဒီအခါမှာစိုက်တဲ့သီးနှံကို အသာစီးရအောင်ဖန်တီးပေးနိုင်ပါတယ်။ ဒါကတော့ ပေါင်းသတ်ဆေး သုံးစရာမလိုဘဲနဲ့ ထယ်၊ ထွန်နဲ့ ကောင်းကောင်းပြုလုပ်မယ်ဆိုရင် ပေါင်းရှင်းပြီးသားရပါမယ်။ ဒီနည်းစနစ်တွေကိုလည်း ကျင့်သုံးဖို့လိုပါတယ်။ သီးနှံတွေက စိုက်ပြီးသွားတဲ့အချိန်တစ်လအတွင်းမှာ ပေါင်းရှင်းဖို့လိုပါတယ်။ ဘယ်သီးနှံမဆို အကြမ်းဖျင်းတစ်လအတွင်းမှာ ပေါင်းရှင်းဖို့လိုပါတယ်။ တစ်လအတွင်းမှာ ပေါင်းမရှင်းနိုင်ဘူးဆိုရင် ပေါင်းနဲ့စိုက်ပျိုးထားတဲ့သီးနှံက အပြိုင်လုပြီး အစာစားသုံးတာ၊ နေရာယူတာကအစရှိလာမယ်။ ဒီနေရာမှာ လက်နဲ့ပဲ ပေါင်းရှင်းမလား၊ ဆေးသုံးပြီးရှင်းမလား ဆိုတာကို ပေါင်းစပ်ပြီးစဉ်းစားရပါမယ်။ တစ်နည်းပြောရရင် ပေါင်းသတ်ဆေးက သုံးတိုင်းတော့မကောင်းပါဘူး။ ပေါင်းသတ်ဆေးတွေသုံးပြီဆိုရင် သီးနှံပင်ကို ထိခိုက်စေရုံမကဘူး သုံးနေတဲ့ မြေကြီးရဲ့ စွမ်းအင်တွေ၊ ဓာတုဖွဲ့စည်းမှုတွေကိုပါ ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် ပေါင်းသတ်ဆေးသုံးတဲ့အခါ သတိထားပြီးသုံးရမယ့်အညွှန်း၊ သုံးစွဲရမယ့်အချိန်အတိုင်း သုံးဖို့ကို အကြံပြုလိုပါတယ်” ဟု လယ်ယာသီးနှံစိုက်ပျိုးရေး ပညာဌာနမှ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပေါင်းပင်အများစုတွင် တစ်ပင်ကို မျိုးစေ့သန်းနဲ့ချီထုတ်လုပ်နိုင်ပြီး အစေ့မှတစ်ဆင့် မျိုးပွားနိုင်ကာ မြေကြီးထဲတွင် နှစ်ပေါင်းရှည်ကြာ ရှင်သန်ပေါက်ပွားနိုင်သည့်အချက်များကြောင့် တောင်သူများအတွက် အလွန်အန္တရာယ်ရှိပါသည်။ ထို့ကြောင့် မိမိစိုက်ခင်းတွင် ပေါင်းလုံးဝမကျန်စေရန် ကာကွယ်နိုင်ရန်မှာ တောင်သူဦးကြီးများအတွက် အရေးကြီးသည့်အချက်ပင်ဖြစ်သည်။ ပေါင်းပင်များကျရောက်သည့်အခါ အခက်တွေ့ကြုံမည်သာဖြစ်သည်။

ပေါင်းကာကွယ်နှိမ်နင်းရာတွင် ပေါင်းသတ်ဆေးများကိုအသုံးပြုခြင်းသည် ဆိုးကျိုးနှင့် ကောင်းကျိုးဒွန်တွဲ၍ ရှိနေသဖြင့် ပေါင်းသတ်ဆေးတစ်မျိုးထဲသုံးခြင်းဖြင့် ပေါင်းများကိုကာကွယ်နှိမ်နင်းနိုင်မည်မဟုတ်ကြောင်း၊ ပေါင်းသတ်ဆေးများကို အသုံးပြုရာတွင် ဆေးဘူး၏ အညွှန်းများကို သေချာလေ့လာပြီးမှ အသုံးပြုသင့်ကြောင်း၊ မိမိအသုံးပြုသော ပေါင်းသတ်ဆေးအမျိုးအစားမှာ ကျရောက်သောပေါင်းပင်များကို ကာကွယ်ရန် အသုံးပြုနိုင်သည့်ဆေးဟုတ် မဟုတ် အသုံးပြုသူကို မည်သို့အဆိပ်သင့်စေနိုင်သည်ကို လေ့လာရန်လိုအပ်ကြောင်း၊ ပေါင်းမြက်ရှင်းလင်းရာတွင် ဘက်စုံပေါင်းကာကွယ်နှိမ်နင်းနည်းများသည် ရေရှည်တည်တံ့သော ပေါင်းကာကွယ်နှိမ်နင်းနည်းဖြစ်ကြောင်း သိရသည်။

# အိန္ဒိယသို့ သီဟိုဠ်စေ့ ၁၅ တန်ခန့် စမ်းသပ် တင်ပို့သွားမည်

ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- လင်းလင်း (AMIA)

မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အိန္ဒိယသို့ သီဟိုဠ်စေ့ ၁၅ တန်နီးပါးစမ်းသပ် တင်ပို့သွားမည်ဖြစ်ကြောင်း သီဟိုဠ်စေ့ ကုန်သည်တွေထံမှ သိရသည်။

ရိဒ်ကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းများမှ တစ်တန်ကို ကန်ဒေါ်လာ ၅၀၀ကျော်နှင့် ကုန်ကြမ်းတိုင်းသာ ပို့မည်ဖြစ်ကြောင်းသိရသည်။

“ဟိုအရင်က အိန္ဒိယဘက်ကို ပို့ဖူးတယ်။ ဈေးကလည်းမကောင်းတာရယ်၊ အမှာမရှိ တော့တာရယ်ကြောင့် ဆက်မပို့နိုင်ခဲ့ဘူး။ သူတို့(အိန္ဒိယ) ကုန်သည်တွေဘက်က ပြန်ဝယ်ချင်တယ်လို့ ဆွေးနွေးလာလို့ မကြာခင်ကုန်သွယ်ရေးစခန်းတွေက တာဝန်ရှိသူတွေနဲ့ ဆွေးနွေးပြီးတော့ ပို့ကြည့်မှာ ဖြစ်ပါတယ်”ဟု သီဟိုဠ်စေ့ကုန်သည်ဦးခင်အောင်ချင်းကပြောသည်။

လက်ရှိတွင် သီဟိုဠ်စေ့များကို အခြောက်ခံစက်ဖြင့် အခြောက်လှန်းပြီး ပလတ်စတစ်ပုံးများနှင့် ထုပ်ပိုးသွားမည်ဖြစ်ပြီး အမှာရှိသည့်အပေါ်လိုက်ပြီး ဈေးကောင်းရောင်းချမယ်လို့ ပြောပါသည်။ သီဟိုဠ် တစ်တန်လျှင် နယ်စပ်စခန်းတွေအရောက်တင်ပို့ခက ရှစ်သောင်းဝန်းကျင် ရှိနေတယ်လို့ သိရသည်။ ရောဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်၊ ကော့သောင်း၊ မြိတ်တို့ရှိ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာ စိုက်ပျိုးသည်။



# ပဲလွန်းဖြူကို ပြည်ပနိုင်ငံများမှ ဝယ်ယူမှုများ

ဇာလင်းသူ(AMIA)

ယခုနှစ်အတွင်းမှာ နိုင်ငံအတော်များများက ထူးထူးခြားခြားအနေနဲ့ ပဲလွမ်းဖြူပဲကို ပိုပြီးအကြိုက်တွေ့ဝယ်ယူလာတယ်လို့ ပဲမျိုးစုံကုန်သည်တွေက ပြောပါတယ်။အမှာများလာတဲ့ နိုင်ငံတွေကတော့ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ဆွီဒင်နဲ့ ဗီယက်နမ်တွေဖြစ်ပြီးတော့ နိုင်ငံတကာဈေးကွက်မှာလည်းတစ်တန်ကိုကန်ဒေါ်လာ ၂၀ကျော် ဈေးပိုရနေတယ်လို့ သိရပါတယ်။

“အရင်နှစ်ကထက် ပဲလွန်းဖြူ အမှာရှိလာတဲ့ နိုင်ငံတွေများလာတဲ့အပြင် ပေါက်ဈေးထက်ပေးဝယ်တာတွေ ရှိလာတယ်။ အစိုဓာတ်နည်းပြီးတော့ ဓာတ်ကြွင်းမရှိတဲ့ ပဲအမျိုးအစားထဲပါတော့ ပိုကြိုက်လာတာဖြစ်ပါတယ်။ အရင်နှစ်ထက် ဒီနှစ်ပိုပြီးပို့နိုင်ဖို့ လုပ်နေပါတယ်”ဟု ရန်ကုန် ပဲမျိုးစုံကုန်သည် ဦးကျော်ကိုက ပြောပါတယ်။

ပဲလွမ်းဖြူမှာရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မကွေးနဲ့ပဲခူးတိုင်းတွေမှာအများဆုံးစိုက်ပါတယ်။ တစ်နှစ် ပြည်ပတင်ပို့မှုက တန်ချိန်သုံးသိန်းနီးပါးရှိနေပါတယ်။ တစ်တန်ကိုကန်ဒေါ်လာ ၁၄၃၀- ၁၄၅၀ကြား ရှိနေပါတယ်။

# ဆန်နဲ့ဆန်ကွဲတန်ချိန် လေးသိန်းကျော် ပိုမိုတင်ပို့ထားနိုင်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးလတာအတွင်းမှာ ဆန်နဲ့ဆန်ကွဲတန်ချိန် ယခင် ဘဏ္ဍာနှစ် ကာလတူထက်တန်ချိန်လေးသိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။

သုံးလတာအတွင်းမှာဆန်နဲ့ ဆန်ကွဲတန်ချိန် ၆၃၀၀၀၀ ကျော် တင်ပို့နိုင်ပြီးတော့အဲဒီထဲကနေ ပင်လယ်ရေကြောင်းကုန်သွယ်မှုကတန်ချိန် ၂၇၀၀၀၀နဲ့ နယ်စပ်ကနေ တန်ချိန် ၃၆၀၀၀၀ တင်ပို့နိုင်ခဲ့လို့ အရင်နှစ်ကာလထက် ပိုမိုတင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။

“ပင်လယ်ရေကြောင်းက ၄၃ ရာခိုင်နှုန်းနဲ့ နယ်စပ်ကနေ ၅၇ရာခိုင်နှုန်းရထားတယ်။ ဒီနှစ် ထူးခြားချက်ကတော့ ပင်လယ်ရေကြောင်းကနေ တိုးတက်လာတယ် လျာထားချက်အပေါ်မှာ ပြည့်မီနိုင်တဲ့အပြင် ဈေးကွက်သစ်အနေနဲ့ လတ်တလောမှာ နိုင်ငံသုံးခုလောက်ရထားတယ်” ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါတယ်။

ဈေးကွက်သစ် ရရှိထားတဲ့ နိုင်ငံတွေက အရင်ပုံမှန်ပို့နေတဲ့ နိုင်ငံတွေထက် အမှာပိုများပြီးတော့ ညှိနှိုင်းမှုအပ်စုဝင်တွေ ပိုကြိုက်လာတယ်လို့ သိရပါတယ်။

ဇာလင်းသူ (AMIA)

# ရပ်စောက်မြို့နယ်မှ သရက်စိုက်တောင်သူတွေ တစ်ဧက ၁၀တန်နှုန်းထွက်အောင် ဆောင်ရွက်နေ

ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- လင်းလင်း (AMIA)

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်ထွက် သရက်စိုက်ပျိုးမှုကနေ ၂၀၁၉ ခုနှစ်မှာတစ်ဧကကို ၁၀ တန်နှုန်းထွက်ရှိအောင် ရည်မှန်းထားဆောင်ရွက်နေတယ်လို့ သရက်စိုက်ပျိုးထုတ်လုပ်သူတွေကပြောပါတယ်။

ရပ်စောက်မြို့မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေ သရက်ဇုန်အနေနဲ့ ငါးနှစ်စီမံကိန်းချ ဆောင်ရွက်နေတာဖြစ်လို့ အထွက်နှုန်းတိုးတက်လာဖို့နဲ့ ဝယ်ယူတဲ့နိုင်ငံတောင်းဆိုတဲ့ အရည်အသွေးတိုင်းပို့နိုင်ဖို့ ဂျာမနီအဖွဲ့အစည်းတစ်ခု၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ အသင်းနဲ့သရက်စိုက်တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

“၂၀၁၅ ခုနှစ် ကစပြီးတော့ သရက် တစ်ဧကကို နှစ်တန် ကျော်လောက်ပဲထွက်ခဲ့တယ်။ သရက် စိုက်ပျိုးတောင်သူတွေကိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းတွေပို့ချပေးထားပါတယ်။ သင်တန်းတွေ ထဲမှာလည်း သရက်အိတ်စွပ်နည်းတွေ၊ အသီးပိုသီးအောင် စိုက်ပျိုးနည်းတွေပါ သင်ကြားပေးနေလို့ ၂၀၁၉မှာ တစ်ဧက ၁၀တန်နှုန်းထွက်ရှိလာအောင်လုပ်နိုင်တော့မှာ ဖြစ်ပါတယ်” ဟု ရပ်စောက်ရှိ သရက်စိုက်ပျိုးထုတ်လုပ်သူ ဦးစိုင်းထွန်းလင်းက ပြောပါတယ်။

ဒီလိုသင်တန်းတွေ ပို့ချပေးရာမှာ အပင်သစ်၊ ခြံသစ်တွေ ထူထောင်ပါကစနစ်တကျ စိုက်ပျိုးနိုင်ဖို့ Good Agricultural Practices - GAP နည်းစနစ်တွေ၊ စိုက်ပျိုးပြီး အပင်ကြီးတွေကို အပင်သစ်ဖြစ်အောင် ပြုပြင်နည်းတွေ၊ ကိုင်းခုတ်ခြင်း၊ ကိုင်းချိုင်ခြင်း (Pruning) နည်းပညာတွေ၊ မျိုးပြောင်းလိုပါက လက်ရှိအပင်ကြီးတွေပေါ်မှာ မိမိပြောင်းလိုတဲ့မျိုးကို ခေတ်မီကိုင်းဆက်နည်းတွေသုံးပြီးမျိုးပြောင်းနည်း၊ အသီးတင်အောင် အပင်တွေကိုပြုပြင်နည်း၊ စိန်တစ်လုံးသရက်နဲ့ တွဲစိုက်သင့်တဲ့ သရက်မျိုးတွေရဲ့ အကြောင်းပါ သင်ကြားပို့ချတာတွေ ဆက်တိုက်ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။



ရပ်စောက်ထွက် သရက်ကို ၂၀၁၇ ဇွန်လကစပြီးတော့ တရုတ်ပြည်ဘက်ကို ဦးတည်ထားပို့လာနိုင်တယ်လို့ သိရပါတယ်။

တခြား တိုင်းဒေသကြီးနဲ့ပြည်နယ်တိုင်းအချို့မှာတော့ သရက် တစ်ဧကကို ၁၀ တန်ခွဲနှုန်းထွက်ရှိတယ်လို့ သိရပါသည်။

# မိတ္ထီလာကန်တော်ကြီး မတိမ်ကောရေး ကန်ပတ်လည်တွင် ကန်ပေါင်မြှင့်၍ ရေလှိုင်းကာကျောက်ရိုးများစီထား

**မြန်မာနိုင်ငံတွင် မိတ္ထီလာကန်တော်ကြီးသည် သမိုင်းဝင်ထင်ရှားကျော်ကြားသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာ ကန်တော်ကြီးကို ရှေးမြန်မာမင်းအဆက်ဆက် ပြုပြင်ဆည်ဖို့ခဲ့သော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးမှာ ရေကြီးခြင်း၊ ရေပြည့်ရေလျှံခြင်း၊ ကန်ပေါင်ကျိုးခြင်းများ ကြုံတွေ့ခဲ့ရသည်။ မိတ္ထီလာကန်တော်ကြီးမှာ ၁၉၃၅ ခုနှစ်က ရေဝင်များသဖြင့် ကန်ပေါင်ကျိုးပေါက်ကာ ကန်အောက်ကျေးရွာများရေမြုပ်ခြင်း လယ်များပျက်စီးခြင်း၊ လူများသေဆုံးခြင်း၊ ကျွဲ၊ နွားများသေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့သည်။**



မိတ္ထီလာကန်တော်ကြီးကို အင်္ဂလိပ်အစိုးရက ၁၉၃၅ ခုနှစ်က မကြာခဏ ကျိုးပေါက်ခဲ့သဖြင့် ငွေကျပ်သိန်း ၂၀ အကုန်အကျခံ၍ လူအင်အား ၃၀၀ ကျော်၊ လှည်းအရှည်း ၁၀၀ ကျော်ဖြင့် ရေကျော်ခုနစ်ပေါက် ရေလွှတ်ပြွန်တံခါး တပ်ဆင်ခဲ့သည်။ ထို့အပြင် ရွှေမြင်တင်စေတီတော်ကြီး၏ အောက်ဘက်တွင်လည်း အကျယ်လေးပေရှိ ရေပြွန်ကြီးကို မြှုပ်၍ ရေလွှတ်တံခါးတစ်ခု တည်ဆောက်ထားခဲ့သည်။ မိတ္ထီလာကန်တွင် ရေဝင်အင်အားကြီးပါက ရေကျော်ခုနစ်ပေါက်နှင့် ရွှေမြင်တင်ဘုရား ရေလွှတ်ပြွန်တို့က တစ်ပြိုင်နက် ရေလွှတ်ပေးမှုကြောင့် ထိုနှစ်မှစ၍ မိတ္ထီလာကန်ကျိုးပေါက်ခြင်း မရှိတော့ဟု သိရသည်။

အင်္ဂလိပ်အစိုးရသည် ဆည်မြောင်းတာတမံတည်ဆောက်ခြင်းကို ကျွမ်းကျင်သဖြင့် မိတ္ထီလာကန်တော်ကြီးအား ကျောက်ရိုးစီခြင်း၊ ကန်ရိုးတွင်ပေါက်နေသော သစ်ပင်များ သုတ်သင်ရှင်းလင်းခြင်း၊ ကန်ရိုးကို မြှင့်သင့်ကမြှင့်၍ ဖွင့်သင့်ကဖွင့်ခြင်း၊ ကန်နယ်နိမိတ်အတွင်း ကျူးကျော်အိမ်များ ဖယ်ရှားခြင်းများကို ပြုလုပ်ခဲ့သည်။

မိတ္ထီလာကန်တော်ကြီးမှာ တောင်ကန်နှင့်မြောက်ကန်ဟူ၍ ကန်ကြီးနှစ်ကန် ပေါင်းစပ်ဖွဲ့စည်းထားသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်၏ အဓိကရေဝင်ချောင်းမှာ မုန်တိုင်ချောင်းဖြစ်သည်။ မိတ္ထီလာကန်အတွင်းချောင်းများမှ နုန်းစည်နုန်းများ စီးဝင်လာသဖြင့် မိတ္ထီလာကန်ကြီးမှာ တဖြည်းဖြည်း တိမ်ကောလာခဲ့သည်။ မိတ္ထီလာကန်အတွင်း ချောင်းများမှ သဲနုန်းပို့ချမှုသည် နှစ်စဉ် နုန်းမြေပမာဏ ကုဗပေရှစ်သန်းခန့်ရှိကြောင်း သိရသည်။

ထို့ကြောင့် မိတ္ထီလာကန်တော်ကြီးမှာ နုန်းပို့ချမှုများလာပြီး နုန်းမြေများ သယ် ထုတ်ခြင်းမရှိပါက နောင်နှစ်ပေါင်း ၄၀ ကျော်အကြာ၌ မိတ္ထီလာကန်တော်ကြီးသည် တိမ်ကောသွားမည်ကို ဆည်မြောင်းကျွမ်းကျင်သူ ဌာနဆိုင်ရာ ပုဂ္ဂိုလ်တို့က အစီရင်ခံစာတင်ပို့ခဲ့သည်။ ထိုအစီရင်ခံစာအရ မိတ္ထီလာကန်တော်ကြီး မတိမ်ကောစေရန် နည်းလမ်းရှာကြရာ မိတ္ထီလာကန်အတွင်းသို့ အဓိက စီးဝင်နေသည့် ချောင်းမအထက်တွင် ဆည်တစ်ခုတည်ဆောက်ရန် အကြံပြုတင်ခဲ့သည်။ ထိုအကြံပြုချက်အရ မိတ္ထီလာကန်တော်ကြီး မတိမ်ကောစေရန်အတွက် ကျောက်ပန်းတောင်းကားလမ်းမကြီးအနီး မုန်တိုင်ချောင်းကို ၁၉၆၃ ခုနှစ်က ငွေကျပ်သိန်း ၉၀ အကုန်အကျခံ၍ မုန်တိုင်ဆည်ရေစစ်ကန်တည်ဆောက်ခြင်းအားဖြင့် မိတ္ထီလာကန်တွင် နုန်းအဝင်သက်သာသွားသောကြောင့် ကန်ကောမှုနည်းပါး၍ ကန်သက်တမ်းမှာ နှစ်ပေါင်းများစွာ တည်တံ့သွားမည်ဖြစ်သည်။ ထို့အပြင် မုန်တိုင်ဆည်အထက်တွင်လည်း ရှမ်းမငယ်နုန်းတားဆည်ထပ်မံတည်ဆောက်ထားသဖြင့် မိတ္ထီလာကန်မှာ နုန်းအဝင်သက်သာပြီး ကန်ကောမှုများကို ထိန်းသိမ်းနိုင်ခဲ့သည်။

သို့သော် မိတ္ထီလာကန် နုန်းဝင်မှုများ ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်က မိတ္ထီလာ (မြောက်)ကန်တော်ကြီးကို သဲနုန်း ၉၇၂၅၀၀ ကျင်းတူးဖော်ခြင်း၊ ရေစုကန်များတူးဖော်ခြင်း၊ ကန်ပေါင်အလျားတိုးချဲ့ခြင်း၊ ကန်ပေါင်ထိပ်အကျယ်တိုးချဲ့ခြင်း၊ ရေလှောင်ပမာဏ တိုးချဲ့ခြင်း၊ ရေထုတ်ပြွန်အရှည်တိုးမြှင့်ခြင်းနှင့် ရေတံခါးများ ပြုပြင်ခြင်း၊ ကန်ပေါင်ပိုးခြင်းနှင့် ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ရေထိမ်းတံခါးနှင့်ကန်ခြားရေတံခါးများပြုပြင်ခြင်း၊ ကန်အတွင်းအပြင် ဆင်ခြေလျှောကာခြင်း၊ ကန်အတွင်းဘက်အလျောကျောက်စီခြင်း၊ ကန်အပြင်ဘက်အလျောမြက်စိုက်ခြင်း၊ ကန်ပေါင်ထိပ်ပြင်ကန့်ကားခင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာကန်ရေဖြင့် ရှေးပဒေသရာဇ်လက်ထက်ကတည်းက စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးခဲ့ကြသည်။ သို့သော် ခေတ်စနစ်နှင့်အညီ မိတ္ထီလာကန်ဆည်ရေသောက်ဖြင့် တောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးအပြင် စက်မှုကုန်ကြမ်း သီးနှံဖြစ်သော ဝါကိုလည်း စိုက်ပျိုးလာကြသည်။ ထို့ပြင် ပဲမျိုးစုံနှင့်နှမ်း၊ ပြောင်း၊ ပြောင်းဖူးများကိုလည်း စိုက်ပျိုးကြသည်။ ယခုအခါ ကန်ရေဖြင့် ငရုတ်၊ ကြက်သွန်၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ချဉ်ပေါင်၊ ဘူးသီး၊ ခရမ်းသီး၊ စပျစ်စသည့် ဟင်းသီးဟင်းရွက်များပါ တိုးချဲ့စိုက်ပျိုးလာကြသည်။

မိတ္ထီလာကန်တော်ကြီးမှာ ရေဆင်းဧရိယာ ၉၀ စတုရန်းမိုင်ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအလျားပေမှာ ၄၅၀၀ ဖြစ်သည်။ တမံအမြင့်ဆုံး အပိုင်းမှာ ၄၆ ပေဖြစ်သည်။ တမံထိပ်အကျယ်မှာပေ ၅၀ ဖြစ်သည်။ ရေပြည့်ရေလှောင်ပမာဏ ၂၄၈၄၆ ဧကပေ၊ ရေပြည့်ရေပြင် အကျယ်ဧရိယာ ၂၉၈၉ ဧက(တောင်တန်း ၁၄၀၄ ဧက)၊ မြောက်ကန် ၁၅၈၅ ဧက ရေသေအမှတ်နှင့် အနက် ၇၅၈ ပေ၊ ၂၈ ပေ၊ ရေသေရေလှောင်ပမာဏ ၇၆၃၇ ဧကပေ၊ အသုံးပြုနိုင်သော ရေပမာဏ ၁၇၂၀ ဧကပေ၊ ဆည်ရေသောက်ဧရိယာ ၂၆၂၉၇ ဧကဖြစ်သည်။

သမိုင်းဝင်မိတ္ထီလာကန်တော်ကြီးကို မတိမ်ကောရေး၊ သာယာလှပရေး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို မိတ္ထီလာဆည်မြောင်းထိန်းသိမ်းရေးဌာနက မိတ္ထီလာကန်ပတ်လမ်းအား ပေါင်ဖို့မြှင့်တင်ခြင်း ရေလှိုင်းကာကျောက်ရိုးစီခြင်း၊ ရေဆိုးစုကန်နှင့် မိတ္ထီလာတောင်ကန်ကြားရှိ နိမ့်ကျနေသော ကန်ကြားလမ်းအား ပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသဖြင့် ပေါက်ချောင်းရပ်ကွက်အတွင်း ကန်ရေဝင်မှုကာကွယ်နိုင်ခြင်း၊ မိုးတွင်းကာလလူသွား လမ်းပေါ်မှ ကန်အတွင်း ရေဆိုးများကျော်ကျစီးဆင်းခြင်းမှ ကာကွယ်နိုင်ခြင်း၊ ကန်ပေါင်သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်ပေးနေသည်။

မိတ္ထီလာသမိုင်းဝင် ကန်တော်ကြီးသည် မြို့လူထုအတွက် သောက်သုံးရေပေးဝေနေခြင်း၊ တောင်သူလယ်သမားများအတွက် ပဒေသရာဇ်စနစ်မှ ယနေ့အထိ စိုက်ပျိုးရေ ပေးဝေနေသဖြင့် တောင်သူလယ်သမားများကို အကျိုးပြုနေသော ကန်တော်ကြီးဖြစ်သည်။ တောင်သူလယ်သမားများအတွက် ယခုလည်း စိုက်ပျိုးရေပေးဝေနေသည်။ နောင်နှစ်ပေါင်းများစွာလည်း တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေပေးဝေ နေမည့် သမိုင်းဝင်ကန်တော်ကြီးဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

# တစ်ပတ်အတွင်း ဈေးကွက်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် လယ်ယာထွက်ကုန် သီးနှံဈေးနှုန်းများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ကေဇူး (AMIA)**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ကအကျဈေးနဲ့ပဲဈေးငြိမ်နေပါတယ်။ ဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပါတယ်။အာလူးကတော့ လက်ရှိမှာ ဈေးကျဆင်းနေပြီး ကြက်သွန်ဖြူ (ကြူကုတ်)ကတော့ တဖြည်းဖြည်းဈေးပြန်တက်လာနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံအကျဈေးနဲ့ ဈေးငြိမ်**

ဇွန်လနောက်ဆုံးအပတ်မှာ ဈေးအနည်းငယ်ပြန်တက်လာခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ အပြောင်းအလဲသိပ်မရှိပဲဈေးကွက်အတွင်း ဈေးအေးနေပါတယ်။

တချို့တောင်သူတွေက လက်ရှိအချိန်ထိ ပဲတွေကိုထုတ်ရောင်းမှုမရှိသေးတာကြောင့် အရောင်းအဝယ်မှာလည်း ရက်ခြားသာဖြစ်နေပါတယ်။

အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတာ ဖြစ်တဲ့အတွက် လက်ရှိအိန္ဒိယမှာလည်း မတ်ပဲအဝင်တွေများနေပြီး မတ်ပဲက ဆက်လက်ဈေးအေးနိုင်တယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံဈေးကလည်း မတ်ပဲဈေးနည်း တူပါပဲ။ ဇွန်လလဆန်းအပတ်မှာ တစ်တန်ကို ခြောက်သိန်းအောက်ထိ ရောက်သွားခဲ့ပေမယ့် ဇွန်လနောက်ဆုံးအပတ်မှာ အနည်းငယ် ဈေးပြန်တက်လာခဲ့ပါတယ်။

ပြည်တွင်းမှာလည်း လက်ကျန်အရောင်းအဝယ်နည်းပါးနေတာဖြစ်တဲ့အတွက် ရက်ခြားသာ အရောင်းအဝယ်ရှိနေပြီးဈေးက ငြိမ်နေတာပါ။

အိန္ဒိယနိုင်ငံမှာလည်းပဲစင်းငုံက လတ်တလောဈေးတွေ ကျဆင်းနေပြီး နှစ်ရာခိုင်နှုန်းခန့်ဈေးက ကျဆင်းသွားပါတယ်။

**ကြက်သွန်ဖြူ (ကြူကုတ်)ဈေးပြန်တက်**

မေလနဲ့ ဇွန်လတစ်လလုံးဈေးကျဆင်းခဲ့တဲ့ ကြက်သွန်ဖြူ (ကြူကုတ်)က ဒီတစ်ပတ်မှာတော့ ဈေးပြန်တက်လာတာကိုတွေ့ရပါတယ်။ အရောင်းအဝယ်များနေတဲ့အတွက် ဈေးအနည်းငယ်တက်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။လက်ရှိပေါက်ဈေးက တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ဖြစ်ပါတယ်။

**အာလူးဈေးကျ**

အာလူးဈေးကမေလနောက်ဆုံးအပတ်မှာ ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ဇွန်လပထမအပတ်ကနေစပြီး ဈေးက တဖြည်းဖြည်းကျဆင်းလာပါတယ်။လက်ရှိမှာ မိုးတွေရွာနေတဲ့အတွက် အာလူးအရည်အသွေးပိုင်းမှာ အားနည်းနေလို့ အခုလိုဈေးတွေကျဆင်းနေတာဖြစ်တယ်လို့သိရပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်ပိဿာကိုငွေကျပ် ၁၈၀ ကနေ ၄၅၀ ရှိနေပါတယ်။

**နှမ်းမျိုးစုံအချို့ဈေးတက်**

နှမ်းမျိုးစုံထဲကမှ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူနဲ့ ပန်းနှမ်းတို့က ဒီတစ်ပတ်မှာဈေးအနည်းငယ်တက်လာပါတယ်။

**နှမ်းနက်**

ဈေးကွက်အတွင်းဈေးအေးနေတဲ့ နှမ်းနက်ကတော့ ဒီတစ်ပတ်မှာတစ်အိတ်ကိုငွေကျပ် ၅၀၀၀ လောက်ထိဈေးနှုန်းက မြင့်တက်ခဲ့ပါတယ်။ လက်ရှိပေါက်ဈေးက တစ်အိတ်ကို ငွေကျပ် ၉၀၀၀၀ ကနေ ၉၅၀၀၀ ရှိပါတယ်။

**နှမ်းညို**

နှမ်းညိုအဟောင်းကနေ ဈေးအတက်အကျ အပြောင်းအလဲ သိပ်မရှိပေမယ့် အသစ်ကတော့ ဈေးအနည်းငယ်တက်လာတယ်လို့ ပြောလို့ရပါတယ်။ နှမ်းညိုအသစ်က လက်ရှိမှာ တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ ကနေ ၈၆၀၀၀ ပေါက်ဈေးရှိနေပြီး မနှစ်ကထက် ယှဉ်လိုက်ရင် ဈေးကောင်းရတယ်လို့ သိရပါတယ်။

**နှမ်းဖြူ**

နှမ်းဖြူကတော့ ဈေးတက်လာတယ်ဆိုပေမယ့် လက်ရှိအချိန်ထိ တစ်သိန်းပတ်ချာလည်မှာပဲ ရှိပါသေးတယ်။ အတက်အကျ အနည်းငယ်သာပြောင်းလဲပြီး အတက်ဈေးနဲ့ ဈေးငြိမ်နေပါတယ်။ ဒီတစ်ပတ်မှာတော့ နှမ်းဖြူက တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ပန်းနှမ်း**

ရက်သတ္တပတ် တော်တော်ကြာကြာအကျဈေးနဲ့ ဈေးငြိမ်နေခဲ့တဲ့ ပန်းနှမ်းကဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ် ပြန်တက်လာပါတယ်။ တစ်အိတ်ကို ငွေကျပ် ၇၀၀၀၀ အထိ ပေါက် ဈေးရှိနေပါတယ်။

**နွေဆန် နဲ့ နွေသီးထပ်ဆန်တို့ ဈေးတက်**

ဒီတစ်ပတ်မှာလည်း နွေသီးထပ်ဆန်က တစ်အိတ်ကို ငွေကျပ် ၅၀၀ မြင့်တက်လာပြီးတော့ တစ်အိတ်ကို ငွေကျပ် ၁၈၅၀၀ ကနေ ၁၉၅၀၀ ပေါက်ဈေးရှိနေပါတယ်။ နွေဆန်ကလည်း တစ်အိတ်ကို ငွေကျပ် ၅၀၀ မြင့်တက်လာပြီးတော့ ငွေကျပ် ၂၁၅၀၀ ပေါက်ဈေးရှိနေပါတယ်။



# မိုးစပါးဆင်းသုခမျိုး စိုက်ပျိုးနည်း သရုပ်ပြပွဲကျင်းပ

**ဖြူး ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးမြို့အမှတ် (၈၇) ထွန်စက်စခန်း ၊ ညောင်ပင်သာဒေသ၊ ကျီးမနိုးကွင်းအမှတ် (၂)တွင် မိုးစပါးဆင်းသုခမျိုး စိုက်ပျိုးနည်း သရုပ်ပြပွဲကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် ကောက်စိုက်စက် SRT စနစ်ဖြင့် စိုက်ပျိုးပြသခြင်း၊ YANMAR စက်ဖြင့် စိုက်ပျိုးပြသခြင်းနှင့် KUBOTA စက်ဖြင့် စိုက်ပျိုးပြသခြင်းများဖြင့် သရုပ်ပြသပြီး အဆိုပါ ဆင်းသုခစပါးမျိုးမှာ စတင်စိုက်ပျိုးချိန်မှစ၍ ရက်ပေါင်း ၁၃၅ ရက်တွင် ရိတ်သိမ်းနိုင်ကာအထွက်တိုး စပါးမျိုးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနဝန်ကြီး ဦးအောင်ဇော်ဦးက တောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး စက်မှု လယ်ယာညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးတင်ပြခြင်းနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဖြူး-မြင့်ဦး**

# လျှော်ဖြူစေးမှာ ဈေးကွက်လိုအပ်ချက်၏ အနည်းငယ်သာ ထုတ်လုပ်နိုင်သဖြင့် ဈေးကွက်အလားအလာကောင်းများရှိ

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားရှိ တောင်သူများသည် သမားရိုးကျ ဒေသထွက်သီးနှံများအပြင် အပိုဝင်ငွေရရှိစေရေးနှင့် စီးပွားဖြစ် လျှော်ဖြူစိုက်ခင်းများ ထူထောင်စိုက်ပျိုးနေကြပြီဖြစ်သည်။ သို့သော်လည်း အဓိကစက်မှု ကုန်ကြမ်းသီးနှံ ဈေးကွက်ဖြစ်လာသည့် လျှော်ဖြူစေးမှာ ဈေးကွက်လိုအပ်ချက်၏ အနည်းငယ်သာ ထုတ်လုပ်နိုင်သေး၍ ဈေးကွက်လိုအပ်ချက်ကို ဖြည့်တင်းထုတ်လုပ်နိုင်ပါက အလားအလာကောင်းများ ရှိလာမည်ဖြစ်သည်။ လျှော်ဖြူ ဧက ၁၀၀ စိုက်ပျိုး ရောင်းချသူ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ ကိုရွှေဖြူဝင်းကပြောသည်။

ယခုလက်ရှိတွင် လျှော်ဖြူတစ်ပိဿာ၏ ပေါက်ဈေးနှုန်းမှာ ထိပ်စ အကြည်အသန့် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၀ မှ ၆၅၀၀၀၊ ဝါကြည် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ အထိ ဈေးပေါက်လျက်ရှိပြီး တရုတ်နှင့် ထိုင်းနိုင်ငံဈေးကွက်များသို့ အဓိကတင်ပို့ နေရကြောင်းသိရသည်။

"အခုလက်ရှိမှာက ထိပ်စကြာဆံ တစ်ပိဿာကို ငွေကျပ် ၆၅၀၀၀ အထိရနေတယ်။ အရင်တုန်းက ဈေးကွက်နဲ့မချိတ်မိခင်မှာ သုံးသောင်းဈေး လောက်ပဲရတယ်။ နောက်ပိုင်းကျမှ ကိုယ်တိုင်လည်းစိုက်တယ်၊ လက်ကားလည်းပြန်ဝယ်နေတဲ့ ကုန်သည်တစ်ယောက်နဲ့ ချိတ်မိပြီးမှ ဈေးကောင်းရတယ်။ တကယ်တမ်း တရုတ်ဘက်မှ ဝယ်လက်တွေက တစ်လကို ဘယ်နှတန်ပေးနိုင်မလဲဆိုတာမျိုး တောင်းတာ။ ရသလောက်ဝယ်မယ်လို့ပြောတယ်။ တရုတ်ပြည်မကြီးထဲမှာဆိုရင် တစ်ပိဿာကို ငွေနှစ်သိန်း၊ နှစ်သိန်းခွဲလောက်အထိ ဈေးပေါက်တယ်လို့သိရတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီက လိုချင်တာက တန်နဲ့ချီ၊ ပေးနိုင်တာက အနည်းအကျဉ်းသာဖြစ်နေတော့ ဝယ်လိုအားနဲ့ ရောင်းလိုအားမမျှဘူးဖြစ်နေတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စိုက်လာနိုင်ပြီဆိုရင် ဝယ်လိုအား၊ရောင်းလိုအားလည်းမျှတလာမယ်။ တစ်အိမ်ထောင် တစ်ဧကနှုန်းလောက် စိုက်နိုင်မယ်ဆိုရင်တောင် တစ်မိသားစုတော့ ချောင်ချောင်လည်လည် နေနိုင်စားနိုင်ဖြစ်လာနိုင်တယ်" ဟု ကိုရွှေဖြူဝင်း ကပြောသည်။

ရုက္ခဗေဒအမည်အရ Stertulia Versicolor Wall ဟုခေါ်သည့် အဆိုပါ ဆေးကုလားမခေါ် လျှော်ဖြူပင်သည် ကမ္ဘာ့အပူပိုင်းဒေသတွင်ပေါက်ရောက်ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်း၊ အနောက်ပိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အဓိကမူရင်းဒေသအဖြစ်ပေါက်ရောက်ကြောင်း၊ စတင်စိုက်ပျိုးသည့်အချိန်မှ လေးနှစ်သားမှ ခြောက်နှစ်သားအရွယ်မှသာ စတင်အစေးထုတ်နိုင်ကြောင်း၊ ထိုသို့အစေးထုတ်ယူနိုင်ရန်အတွက် စတင်စိုက်ပျိုးချိန်မှစတင်ပြီး အပင်များအား ဂရုစိုက်ပျိုးထောင်ရန် လိုအပ်ပြီး အနည်းလိုအများလို အာဟာရဓာတ်များဖြစ်သည့် NPK ကွန်ပေါင်းဓာတ် မြေသြဇာ၊ အရွက်ဟိုမုန်းဆေး၊ အပင်ဟိုမုန်းဆေးများကိုလည်း စတင်စိုက်ပျိုးချိန်တွင် ထည့်သွင်းပေးရကြောင်း၊ ထို့အပြင် သဘာဝအော်ဂဲနစ်မြေသြဇာများဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ မုန်ညင်းဖတ်များကို ထည့်သွင်းပေးရသည့်အပြင် ဖော်ကာရှီဟုခေါ်သည့် သဘာဝမြေသြဇာကိုယ်တိုင်ပြုလုပ်ကျွေးမွေးခြင်းသည် လေးနှစ်အတွင်းအစေးထုတ် နိုင်ခဲ့သည့် စိုက်ပျိုးမှုနည်းစနစ်တစ်ခုဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ဖော်ကာရှီလုပ်ဖို့အတွက်ဆိုရင် စိုက်ပျိုးရေးက ထုတ်ပေးတဲ့ အီးအမ်လို့ခေါ်တဲ့ ဆေးရည် တစ်ဆ၊ တင်လဲရည် လေးဆနဲ့ ရေ ၉၅ ဆကို ရောစပ်ပြီး မနက်တစ်ခါ ညတစ်ခါ ဘူးကိုလှုပ်ပေးရတယ်။ တစ်ပတ်ရှိတာနဲ့ သုံးလို့ရပါတယ်။ ဆေးရည်ကိုတော့ နေပူတဲ့နေရာမှာထားလို့မရဘူး။ ဆေးရည်ကို အပင်နဲ့သုံးပေအကွာ ကျင်းတူးပြီးတော့ လိုက်ထည့်ပေးရတယ်။ နောက်ပြီးတော့ ငါးအမိုင်နိုအက်စစ်လို့ခေါ်တဲ့ ဈေးချိုတဲ့ ငါးပိလုပ်တဲ့ငါးတွေ၊ ငါးဈေးတန်းထဲက စွန့်ပစ်ပစ္စည်းတွေကိုလည်း ယူပြီးတော့ အပင်တွေကို ကျွေးပါတယ်။ ဒီဆေးဝါးတွေကနေပြီး အကျိုးပြု ဗက်တီးရီးယားတွေ ပေါက်ပွားပြီးတော့ မြေအောက် အနက် ပေ ၂၀ အထိ အကျိုးသက်ရောက်ပြီး အပင်တွေကို ပိုပြီးတော့ အာဟာရဖြစ်စေတယ်။ သာမန် ဆိုရင်တော့ လျှော်ဖြူပင်တွေဟာ ခြောက်နှစ်မှ အစေးထုတ်လို့ရပေမယ့် ကျွန်တော့် ရွှေဖြူဝင်းခြံက လျှော်ဖြူပင်တွေဟာ သုံးနှစ်သားမှာ စကျင့်ပြီးတော့ လေးနှစ်မှာ စီးပွားဖြစ်အစေးထုတ်လို့ရတဲ့အထိ အောင်မြင်ခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အပင်စတင်စိုက်ပျိုးချိန်မှ လေးနှစ်သားအရွယ်အထိ ငွေကျပ်သိန်း ၆၀၀ ခန့် အရင်းအနှီးစိုက်ထုတ်ခဲ့ရသော်လည်း ယခုအချိန်တွင် ၎င်း၏ ဧက ၁၀၀ လျှော်ဖြူစိုက်ပျိုးရေးခြံမှ တစ်လလျှင်ငွေကျပ်သိန်း ၁၅၀ မှ ၂၀၀ အထိ ဝင်ငွေရရှိနေပြီဖြစ်ကြောင်းသိရသည်။လျှော်ဖြူစိုက်ပျိုးလိုပါက ကို ဇော်လင်းထွဋ် ခိုင်နှံ့သာခြံ ပခုက္ကူမြို့၊ ဖုန်း -၀၉၇၇၇၇၆၀၂၄၀ သို့ မျိုးစေ့နှင့်အပင်ပေါက်များ မှာယူနိုင်ပြီး၊ လျှော်ဖြူစေးရောင်းချလိုပါက မဝတ်မှုန် ဖုန်း- ၀၉၉၆၃၈၃၇၀၀ သို့ ဆက်သွယ်ရောင်းချနိုင်ကြောင်း သိရသည်။



ယခုအခါလျှော်ဖြူဈေးကွက်မှာ ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်းနိုင်ငံများ၏ ဈေးကွက် လိုအပ်ချက်ကိုပင် ပြည့်မီနိုင်စွမ်းမရှိသေးသော်လည်း ကမ္ဘာ့ဈေးကွက်၏ အဆင့်မြင့်စက်မှု ကုန်ကြမ်း သီးနှံဖြစ်လာသည့် လျှော်ဖြူဈေးကွက်ကို ဂျပန်၊ အမေရိကန်စသည့် နိုင်ငံများအထိ တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## မြေနေရာကျဉ်းကျဉ်းတွင် ကောက်ရိုးမှိုစီးပွားဖြစ် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေနှစ်ဆရရှိ

**နေပြည်တော် ဇူလိုင် ၉**

မြေနေရာအနည်းငယ် ရှိရုံဖြင့် ကောက်ရိုးမှိုစီးပွားဖြစ် စိုက်ပျိုးနိုင်ကြောင်း စီးပွားဖြစ်မှိုစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် စိုက်ပျိုးရေးမှို တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၆၀၀၀ ခန့်အထိဈေးပေါက်နေပြီးစီးပွား ဖြစ် မှိုစိုက်ပျိုးသူများအများအပြားရှိလာနေပြီ ဖြစ်သည်။

ထို့ကြောင့် မြေနေရာကျဉ်းကျဉ်းတွင် တဲထိုး၍ စီးပွားဖြစ်မှိုစိုက်ပျိုးသူ စလင်းမြို့နယ်မှ တောင်သူတစ်ဦးက ကောက်ရိုးမှိုစိုက်ပျိုးနည်းနှင့် ပတ်သက်၍ ရှင်းပြရာ ကောက်ရိုးမှိုစိုက်ပျိုးနိုင်ရန် အတွက် မှိုမျိုးတစ်ထုပ်လျှင် ငွေ ကျပ် ၂၅၀ ခန့်သာကုန်ကျပြီး မှိုတဲအားသစ်ဝါးဖြင့် ဆောက်လုပ်သဖြင့် မှိုတဲတစ်လုံးသည် တစ်သိန်းခွဲခန့်၊ နွားချေးတစ်တင်းခွဲ တစ်အိတ်လျှင် ငွေကျပ် ၅၀၀၊ ဂျပ်စက္ကူ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ ကုန်ကျကြောင်းသိရသည်။

"ကောက်ရိုးမှိုစိုက်မယ်ဆိုရင် မှိုတဲအတိုင်းအတာက အလျား ၁၆ ပေ၊ ရှစ်ပေနှစ်ခန်းဖွဲ့ပြီး အလယ်မှာ တာပေါ်လင်စကာရံပါတယ်။ အနံ ၁၂ ပေမှာစင်တစ်ခုကိုအနံ ၃ပေ၊ အလျား ၁၂ ပေ မျက်နှာချင်းဆိုင် စင်နှစ်ခုစင်နှစ်ခုကြားအလယ် လျှောက်လမ်းနှစ်ပေ စုစုပေါင်းရှစ်ပေ၊ စင်တစ်ခုမှာအထပ်လေးထပ် ရှစ်ပေ တစ်ခန်းမှာ လေးထပ်ပါ စင်နှစ်ခု ၁၆ ပေ မှိုတဲဖြစ်တဲ့အတွက် စင်ပေါင်းလေးခုနဲ့ အထပ်ပေါင်း ၁၆ ထပ်ရှိကာအမြင့် ကိုးပေခွဲအောက်ခြေမြေပြင်ကနေ ပထမအထပ် အကွာအဝေးနှစ်ပေထားပြီး လိုအပ်ရင်ခြောက်လက်မထုသဲ။ ဖွဲခင်းလို့ရပါတယ်။ အထပ်လိုက်အကွာအဝေးကို တစ်ပေခွဲထားပြီးအပေါ်ဆုံးအထပ်နဲ့ မျက်နှာကြက်တစ်ပေနှင့် ခေါင်မိုးတစ်ပေ ထားရပါတယ်" ဟု မှိုစိုက်တောင်သူ တစ်ဦးကပြောသည်။

မှိုစိုက်ရန်အတွက် အလျား ၁၂ ပေ၊ အနံ ၃ ပေစင်တစ်ခုအတွက် နွားချေး သုံးတင်းခွဲ ဖြန့်ခင်းပြီး ဂျပ်စက္ကူခုနစ်ပိဿာ၊ ဒေသမှိုမျိုးငါးထုပ်အားဖွဲနုနို့ဆီဘူးငါးလုံးရောမွှေဖြူးပြီး နွားချေးတစ်တင်းခွဲကိုအပေါ်မှထပ် ဖြူးရကြောင်း၊ ရုံတွင်းအပူချိန် 30˚ c ဝန်းကျင်နှင့် စိုထိုင်းဆ (၇၀-၈၀)ကြား ထားရှိကာ ငါးအမိုင်နိုလီတာတစ်ဝက်အား ရေလေးဂါလန်ရောဖျန်းထားပြီး ဆယ်ရက်အကြာတွင် မှိုနုတ်၍ရကာ အထွက်နှုန်းစင်တစ်စင်လျှင် ပျမ်းမျှငါးပိဿာနှုန်းထွက်ရှိကြောင်း၊ ထို့ကြောင့် ဆယ်ရက်အတွင်းငွေ တစ်သိန်းခွဲခန့် အရင်းအနှီးစိုက်ထုတ်စိုက်ပျိုးပါက နှစ်ဆအမြတ်ရရှိနိုင်ကြောင်းမှိုစိုက်တောင်သူတစ်ဦးက ပြောသည်။

**သတင်း - ဝေသူနွယ်၊ ဓာတ်ပုံ- ဇင်နွယ်**



## ဒူးရင်းသီးနှင့် ရာသီပေါ်သီးနှံများ အထွက်နည်းသော်လည်း ဈေးကောင်းရ



**သုဝဏ္ဏဝတီ ဇူလိုင် ၉**

ယခုနှစ်တွင် မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့အနီး၌ နာမည်ကျော် ရာသီပေါ်သီးနှံများ ဖြစ်သည့် ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ကျွဲကောသီး၊ နာနတ်သီး၊ ကြက်မောက်သီး၊ ပိန္နဲ(စုံပတတ်)သီး အစရှိသည့် ဒေသတွင်းထွက်ကုန်သီးနှံများသည် အထွက်နည်းသော်လည်း ယခုအချိန်အထိ ဈေးကောင်းရရှိနေသောကြောင့် ရောင်းဝယ်သူများ အဆင်ပြေနေကြောင်း သိရသည်။

"ဒူးရင်းသီးစပေါ်ချိန်က လက်ဦးသီး တစ်လုံးကို ငွေကျပ် ၅၀၀၀ ရတယ်။ အခုအသီးတွေ ကုန်ခါနီးအချိန်အထိ ဒူးရင်းသီးခြင်းဝင် (ဒေသအခေါ်) တစ်လုံးကို ငွေကျပ် ၁၈၀၀ ရသေးတယ်။ ပုံမှန်တစ်လုံးကို ခြင်းဝင်တစ်လုံးခေါ်ပြီး သေးရင် နှစ်လုံးကို ခြင်းဝင်တစ်လုံး၊ သုံးလုံးကို ခြင်းဝင်တစ်လုံးဆိုပြီး အိမ်မှာလာဝယ်တဲ့သူတွေကအသီးကို ကြည့်ပြီး ဈေးဖြတ်ပေးကြတယ်" ဟု ဝင်းပကျေးရွာမှ ဒူးရင်းခြံရှင်တစ်ဦးဖြစ်သူ နော်လုရီကပြောသည် ။

"ဒူးရင်းသီးရာသီပေါ်ကတည်းက ခြံရှိတဲ့ အိမ်တွေမှာ လိုက်ဝယ်တယ်။ ဒူးရင်းသီးက အရင်လိုမပေါတော့ ဒူးရင်းသီး အရနည်းရင် ဈေးပိုပေးတယ်။ ဒီနှစ်ဈေးဝယ်ရတာ ကောင်းတယ်။ နည်းနည်းနဲ့ ပုံမှန်ကြွေနေတော့ ဈေးက မကျဘူး။ ဆိုင်ကယ်မှာ ခြင်းတပ်ပြီး ရွာအနှံ့ လျှောက်ဝယ်တယ်။ ဆိုင်ကိုပို့ရင် ပို့ မပို့ရင်လည်း တွေ့တဲ့သူကို ကြိုက်ဈေးနဲ့ ရောင်း ရတော့ အရင်နှစ်တွေထက် ပိုပြီး အဆင်ပြေတယ်" ဟု ဒူးရင်းသီးဝယ်ရောင်းလုပ်နေသူ သိမ်ဆိပ် အောင်သိဒ္ဓိပိုင်းမှ ဦးဖိုးနီက ပြောသည်။

"မနှစ်ကထက်စာရင် ဒီနှစ် သီးနှံတွေ ဝယ်ရောင်း လုပ်ရတာ ပိုအဆင်ပြေပါတယ်။ ရွာတွေက လာပို့တဲ့အသီးတွေကို ဝယ်ပြီး ဆိုင်ပေါ်တင် အာမခံနဲ့ရောင်းပါတယ်။ ဒူးရင်းသီးဆို အရွယ်အစားအလိုက် တစ်လုံးကိုငွေကျပ် ၁၅၀၀ ကနေ ၃၅၀၀ အထိ၊ မင်းကွတ်သီးတစ်လုံးကို ငွေကျပ် ၆၀ ကနေ ၁၂၀ အထိ ၊ ကျွဲကောသီးက တစ်လုံး ငွေကျပ် ၂၅၀၀၊ ကြက်မောက်သီး တစ်တွဲ (အလုံး ၅၀ခန့်)ငွေကျပ် ၂၅၀၀၊ သူကတော့ ဒီမှာအထွက်နည်းလို့ ဘီးလင်းဘက်က မှာယူရတယ်။ နာနတ်သီးတစ်လုံးငွေကျပ် ၁၅၀၀၊ ပိန္နဲ(စုံပတတ်)သီး တစ်လုံးငွေကျပ် ၂၅၀၀၊ အသီးအားလုံး အကြီးအသေးပေါ်မူတည်ပြီး ဈေးနည်းနည်းကွာပါတယ်။ ဒီအချိန်မှာ ရောင်းရကောင်းပြီး အသီးအဝင်လည်း နည်းပါတယ်" ဟု သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် သစ်သီးအရောင်းဆိုင်တန်းမှ မပိုက် သစ်သီးမျိုးစုံ ရောင်းဝယ်ရေးဆိုင်မှ ဆိုင်ရှင်က ပြောသည်။

**ခွန်(ဝင်းပ)**

## အခြေခံမွေးမြူရေးနှင့် ကူးစက်ရောဂါ ကာကွယ်ရေး သင်တန်းဖွင့်

**ဘီးလင်း ဇူလိုင် ၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ သထုံခရိုင်ဦးစီးမှူးတို့၏ ညွှန်ကြားမှုဖြင့် အခြေခံပညာမွေးမြူရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးသင်တန်းကို ဇူလိုင် ၆ ရက်က ဝင်းသောင်ကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာဥမ္မာနှင်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဝန်ထမ်းများက အခြေခံမွေးမြူရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချပေးကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားစုစုပေါင်း ၂၇ ဦးတက်ရောက်ပြီးနှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# တင်းနစ်မယ်ရှာရာပိုဗာ Stanford ပြိုင်ပွဲ နွှဲမည်

ယခု ဇူလိုင်လကုန်တွင် ကျင်းပမည့် Stanford Classic တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာကျော်တင်းနစ်မယ် ရှာရာပိုဗာ ပါဝင်ယှဉ်ပြိုင်မယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။ တင်းနစ်အလုပ်ဘုရင်မဖြစ်တဲ့ ရှာရာပိုဗာကို အဲဒီပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲစေဖို့အတွက် ကျင်းပရေးကော်မတီ အထူးဖိတ်ကြားခဲ့တာဖြစ်ပြီး ဒဏ်ရာက သက်သာနေပြီဖြစ်တဲ့ ရှာရာပိုဗာကလည်း ပါဝင်ဆင်နွှဲဖို့ အကြောင်းပြန်ခဲ့တယ်လို့ အားကစားမီဒီယာတွေက ဖော်ပြထားပါတယ်။ ရှာရာပိုဗာဟာ အဓိက ပြိုင်ပွဲတွေဖြစ်တဲ့ ပြင်သစ်အိုးပင်းပြိုင်ပွဲမှာ အထူးဖိတ်ကြားခြင်းခံရတဲ့ wild card မရရှိဘဲ အခုပြိုင်ပွဲမှာသာ wild card ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာတော့ လက်ရည်စစ်ပွဲ ဝင်ဖို့ ပြင်ဆင်ခဲ့ပြီးမှ ကြွက်သားဒဏ်ရာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသူဖြစ်ပါတယ်။

ဇူလိုင် နောက်ဆုံးသီတင်းပတ်တွင် ဆင်နွှဲရမယ့် Stanford classic ပြိုင်ပွဲမှာတော့ နာမည်ကြီး တင်းနစ်မယ် အဇာရန်ကာလည်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့် ပြိုင်ပွဲလည်း ဖြစ်လာမှာ သေချာပါတယ်။

# ပေါ်တူဂီရဲ့ လူငယ်ကြယ်ပွင့် ဗီဒရို

ဥရောပ ထိပ်တန်းကလပ်တွေဟာ ခြေစွမ်းထက်မြက်တဲ့ လူငယ်ဘောလုံးသမားတွေကို ခေါ်ယူဖို့ လက်မနှေးကြသလို ခြေသွက်လက်သွက်လည်း ရှိကြပါတယ်။ အထူးသဖြင့် ယူအီးအက်ဖ်အေ ယူ-၁၇၊ ယူ-၁၈၊ ယူ-၁၉ ပွဲတွေကနေပြီး ခြေစွမ်းပြနိုင်တဲ့ လူငယ်ကစားသမားတွေကို သူတို့ရဲ့ကင်းထောက်တွေကတစ်ဆင့် စောင့်ကြည့်ထောက်လှမ်းနေတတ်ကြပြီး ရအောင်လည်း ခေါ်ယူနိုင်တာမို့ လူငယ်ဘောလုံးသမားတွေအတွက်ကတော့ ဥရောပ ထိပ်တန်းကလပ်တွေကို တက်လှမ်းနိုင်ရေး အခွင့်အရေးတွေက လက်တစ်ကမ်းမှာ ရှိနေပါတယ်။



အခု ဂျော်ဂျီယာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ခြေစွမ်းထက်မြက်ပြီး ထင်ရှားလာတဲ့ လူငယ်တိုက်စစ်မှူး ဗီဒရိုကို ဥရောပထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီအသင်းတွေက စိတ်ဝင်စားမှုတွေရှိနေပြီး ခေါ်ယူဖို့ စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။

ပေါ်တူရီ ယူ-၁၉ အသင်းမှာ ပါဝင်ကစားနေတဲ့ ဗီဒရိုရဲ့နာမည်အပြည့်အစုံကတော့ ရှိုင်ဗီဒရို ဆေးလ်ဗားအီးဆူဆာဖြစ်ပြီး အများကတော့ ဗီဒရိုလို့ပဲ ခေါ်ဝေါ်ကြပါတယ်။ ဗီဒရိုဟာ ငယ်စဉ်ကတည်းက ဘောလုံးပါရမီ ထူးချွန်ခဲ့သူဖြစ်လို့ အသက် ၁၀ နှစ်အရွယ်မှာပဲ စပို့တင်းဟိုင်ဗင်ဆီအသင်းမှာ ပါဝင်လေ့ကျင့်ကစားခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာတော့ ပေါ်တို(B)အသင်းမှာ ကစားခဲ့ပြီး ၂၀၁၅ ခုနှစ်အထိ ပေါ်တို(B)အသင်းအတွက် ၂၁ ပွဲကစားပေးခဲ့ရာမှာ ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ပေါ်တိုအသင်းကြီးကို ရောက်ရှိလာခဲ့ပြီး အခုအချိန်အထိ စုစုပေါင်း ကိုးပွဲ ပါဝင်ကစားခဲ့ရာမှာ နှစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့ပါတယ်။

ဗီဒရိုဟာ ပေါ်တိုအသင်းအတွက် ပထမဆုံး ပါဝင်ကစားခဲ့တဲ့ ပွဲစဉ်ကတော့ အိမ်ကွင်းမှာ အက်စ်ဝီဘရာဂါအသင်းနဲ့ ယှဉ်ပြိုင်ရတဲ့ ပွဲဖြစ်ပြီး ပွဲပြီးခါနီး ၁၅ မိနစ်အလိုမှာ အိုလီဗာတောရက်စ်ရဲ့ နေရာကို အစားထိုးဝင်ရောက်ကစားရခြင်းဖြစ်ပါတယ်။ ဗီဒရိုဟာ အဲဒီပွဲရဲ့ နာကျင်အချိန်ပိုအတွင်းမှာ အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပေါ်တိုအသင်းလည်း အဲဒီတစ်ဂိုးတည်းနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဗီဒရိုဟာ ပေါ်တူဂီ လက်ရွေးစင်အဖြစ် ပေါ်တူဂီ ယူ-၁၅ အသင်းမှာ နှစ်ပွဲကစားပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ယူ-၁၆ အသင်းမှာလည်း ၁၅ ပွဲကစားပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပေါ်တူဂီ ယူ-၁၇ အသင်းနဲ့ ၁၁ ပွဲကစားပြီး လေးဂိုးသွင်းယူနိုင်ခဲ့သလို ယူ-၁၈ အသင်းနဲ့လည်း ငါးပွဲကစားပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပေါ်တူဂီ ယူ-၁၉ အသင်းနဲ့အတူ လက်ရှိအချိန်အထိ ကိုးပွဲ ကစားခဲ့ရာမှာ ငါးဂိုးသွင်းယူထားနိုင်ပါတယ်။

လက်ရှိကစားနေတဲ့ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ အုပ်စုပွဲစဉ် နှစ်ပွဲကစားပြီးချိန်မှာ နှစ်ဂိုး သွင်းယူထားနိုင်တာမို့ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ ဘောလုံးသမားဆုကို ချိန်ရွယ်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။ အရပ်ခြောက်ပေမြင့်တဲ့ ဗီဒရိုဟာ ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ အဆုံးသတ်ကောင်းမွန်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်သလို ခေါင်းတိုက်ဘောတွေက တစ်ဆင့်ဂိုးရအောင် စွမ်းဆောင်နိုင်သူလည်း ဖြစ်ပါတယ်။

အခု ယှဉ်ပြိုင်နေတဲ့ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာလည်း ပေါ်တူဂီလူငယ်အသင်း အကြိုဗိုလ်လုပွဲကို စောစောစီးစီး အရောက်ပို့ပေးနိုင်ခဲ့တာဟာ ဗီဒရိုရဲ့စွမ်းဆောင်မှုတွေအများကြီး ပါဝင်နေပါတယ်။ ဒါကြောင့် တိုက်စစ်စွမ်းရည်ထက်မြက်တဲ့ ဗီဒရိုကို ဥရောပ ထိပ်တန်းအသင်းတွေက ခေါ်ယူနိုင်ရေး ကြိုးစားနေပြီး စီရော်နယ်ဒို လက်သစ်လို့ ခေါ်ဝေါ်ခံနေရသူလည်း ဖြစ်ပါတယ်။

လျင်မြန်မှု၊ အဆုံးသတ်ကောင်းမှုနဲ့ နေရာယူမှန်ကန်မှုတွေကြောင့် ဂိုးတွေသွင်းယူနိုင်နေတဲ့ ဗီဒရိုဟာ မကြာခင်ကာလမှာ ဥရောပရဲ့ ဘယ်ထိပ်တန်းကလပ်ကို ရောက်သွားမလဲဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**



# ဘိုင်ယန်မြူးနစ်မှာ ပုံမှန်ပွဲထွက်ခွင့်အတွက် ကြိုးစားရမယ့် ဇူလာ

ဟော်ဖန်ဟိမ်းအသင်းမှ လူငယ်နောက်ခံကစားသမား ဇူလာကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ နဲ့ ခေါ်ယူလိုက်ပြီဖြစ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းမှာ ပုံမှန်ပွဲထွက်ခွင့်ရနိုင်ဖို့ ကြိုးစားရုန်းကန်ရမယ်လို့ ဇူလာက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဇူလာက မကြာမီက ကျင်းပခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ဂျာမနီအသင်းကို ချန်ပီယံဖြစ်အောင် ကူညီပေးနိုင်ခဲ့တဲ့ လူငယ်ကစားသမားတစ်ဦးလည်းဖြစ်ပြီး ခြေစွမ်းကောင်းမွန်တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ရအောင်ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဟော်ဖန်ဟိမ်း အကယ်ဒမီထွက် လူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဇူလာဟာ နောက်ခံဗဟိုခံစစ်သမားကောင်းတစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရပ်အမောင်း၊ ကြံ့ခိုင်မှု၊ တည်ငြိမ်မှုနဲ့ ပြိုင်ဘက်တိုက်စစ်မှူးကို ဟန့်တားထိန်းချုပ်ရာမှာ ထူးချွန်သူတစ်ဦးလည်း ဖြစ်ပါတယ်။

အရပ် ခြောက်ပေ ငါးလက်မရှိတဲ့ ဇူလာဟာ အမြင့်ဘောတွေ ရှင်းထုတ်ရာမှာ ထူးချွန်သူဖြစ်သလို ဂိုးရအောင်လည်း သွင်းယူနိုင်တဲ့ ဘောလုံးသမားတစ်ဦးဖြစ်ပါတယ်။ သူကစားခဲ့တဲ့ ဟောဖန်ဟိမ်းအသင်းမှာ စုစုပေါင်း ၁၀၇ ပွဲ ကစားပေးခဲ့ပြီး ခုနှစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ နောက်ခံကစားသမားကောင်းတွေ ပေါများတဲ့ ဘိုင်ယန်မြူးနစ်လိုအသင်းမှာ ပုံမှန်ပွဲထွက်ခွင့် တစ်နေရာရရှိဖို့ဆိုတာ ကြိုးစားပြီး ရုန်းကန်းရယူရမယ့်အခွင့်အရေးဖြစ်ကြောင်း ဇူလာက ထုတ်ဖော်ပြောကြားနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# မိုက်ကယ်ဖဲလ်စ်နဲ့ ငါးမန်းဖြူတို့ ရေကူးပြိုင်မည်

အမြန်ဆုံးရေကူးသမားအဖြစ် သတ်မှတ်ခံထားရတဲ့ မိုက်ကယ်ဖဲလ်စ်ဟာ ငါးမန်းဖြူထက် ဘယ်သူကပိုမြန်သလဲဆိုတာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ စိတ်ဝင်တစား စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။



အမေရိကန် ရေကူးသမား မိုက်ကယ်ဖဲလ်စ်ဟာ ဇူလိုင် ၂၃ ရက်၌ ငါးမန်းဖြူတစ်ကောင်နဲ့ ရေကူးပြိုင်သွားမယ်လို့ Discovery Channel မှ သတင်းထုတ်ပြန်သွားတာမို့ မိုက်ကယ်ဖဲလ်စ်ဟာ ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ မိုက်ကယ်ဖဲလ်စ်ဟာ ကမ္ဘာ့စံချိန် ၃၉ ခု တင်ထားနိုင်ခဲ့သူဖြစ်ပြီး အိုလံပစ်ရွှေတံဆိပ်ဆု ၂၃ ဆုလည်း ဆွတ်ခူးသွားနိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

မိုက်ကယ်ဖဲလ်စ်ရဲ့ ကမ္ဘာ့စံချိန်တွေကို နှစ်အတန်ကြာအထိ မီအောင် ချေဖျက်နိုင်သူ ထွက်ပေါ်ဦးမှာ မဟုတ်ဘူးလို့ ကမ္ဘာ့ရေကူးအဖွဲ့ချုပ် တာဝန်ရှိသူတွေက သုံးသပ်နေပါတယ်။

Phelps Vs Shark: Great Gold Vs Great White အမည်နဲ့ စီစဉ်တင်ဆက်မယ့် ဒီပြိုင်ပွဲတွင် မိုက်ကယ်ဖဲလ်စ်ကို အကျော့ပေး တာထွက်စေမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါးမန်းတစ်ကောင်ရဲ့ အမဲလိုက်ချိန် ရေကူးနိုင်တဲ့နှုန်းက တစ်နာရီ ၂၅ မိုင်နှုန်းလောက်ရှိလို့ ဖြစ်ပါတယ်။

မိုက်ကယ်ဖဲလ်စ်ရဲ့ တစ်နာရီ ရေကူးနှုန်းက ၅ ဒသမ ၂၆ မိုင်သာရှိတာမို့ အရင်စောပြီး တာထွက်စေမှာဖြစ်တယ်လို့ ဆိုပါတယ်။ ရေထဲမှာဆိုရင် လူသားတွေအနက်

# အစာလိုအပ်ချက် ဖြည့်ဆည်းနိုင်ပါက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပိုမိုအားကောင်းလာပြီး နိုင်ငံတကာဈေးကွက်သို့ တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ မြန်မာ့ရေထွက်ကုန်နှင့် သားငါးလုပ်ငန်းပြပွဲ ၂၀၁၇ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် သားဖောက်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ စက်ကိရိယာနှင့် အထောက်အကူပြုစက်ပစ္စည်း ထုတ်လုပ်သူများ၊ သွင်းကုန်နှင့်ထုတ်ကုန်လုပ်ငန်းရှင်များ၊ ထုတ်ကုန်ဖြန့်ဖြူးရေးနှင့် ထုပ်ပိုးဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ သုတေသနပညာရှင်များ အစရှိသည့် လုပ်ငန်း၊ အသင်းအဖွဲ့များက ပြခန်းပေါင်း ၅၀ ကျော် ပါဝင်ပြသခဲ့ကြသည်။



မြန်မာနိုင်ငံအတွင်းရှိ မွေးမြူရေးကဏ္ဍများနှင့် ပတ်သက်၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းစိန်က “ကျွန်တော်တို့လုပ်ငန်းရှင်တွေက လိုအပ်နေတဲ့ မြေနေရာတို့၊ အရင်းအနှီးတို့ကို နိုင်ငံတော်ဘက်က ပံ့ပိုးလိုက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုအပိုင်းဟာ ခဏလေးနဲ့ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ အထူးသဖြင့် မြန်မာနိုင်ငံက ပြည်သူတွေအနေနဲ့က အသားတိုးကြက်ကိုပဲ အဓိက စားကြတာပေါ့။ အမဲသားကျတော့လည်း ခိုင်းနွား၊ ကျွဲ၊ နွားတွေကို အသုံးပြုနေရတဲ့အတွက် အဲဒါတွေကို မထိခိုက်အောင် နိုင်ငံခြားမျိုးသစ်နဲ့ မြန်မာမျိုးတွေကို ပေါင်းစပ်လိုက်မယ်ဆိုရင် ရာသီဥတုလည်း ခံနိုင်တယ်။ ကျွဲမွေးနေတဲ့ အစာကလည်း လွယ်လွယ်ကူကူပေါက်တဲ့ မြက်မျိုးတွေ ကျွေးလိုက်မယ်ဆိုရင် သုံးနှစ်အတွင်းထဲမှာပဲ ကီလို ၅၀၀ လောက်ရမယ်။ အသားကလည်း အလွန်နူးညံ့တယ်။ အဲလိုမျိုးတွေကိုမွေးဖို့ တိုက်တွန်းချင်တယ်။ နောက်တစ်ခုက ဆိတ်မွေးမြူရေးနဲ့ပတ်သက်လို့ အလယ်ပိုင်းဖြစ်တဲ့ မကွေးတိုင်းမှာ အစုအဖွဲ့တွေဖွဲ့ပြီး မွေးနေကြပါတယ်။ ဆိတ်ကလည်း အချိန်တိုအတွင်းမှာ ပေါက်နှုန်းများတယ်။ ဆိတ်သားကိုလည်း ကျွန်တော်တို့က လက်ရှိ နိုင်ငံတကာဈေးကွက်ကို သွားနေတယ်။ နောက်ပိုင်းကျရင် ဆိတ်ကို ပိုမိုမွေးမြူပြီးတော့ ဈေးကွက်ကို သွားနိုင်အောင် ကြိုးစားနေပါတယ်”ဟု ပြောသည်။

ဝက်မွေးမြူရေးလုပ်ငန်းများအခြေအနေနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ပြောကြားရာတွင် “ဝက်သားနဲ့ ပတ်သက်လို့ အရင်က ကျွန်တော်တို့ဆီမှာ ဝက်မျိုးပေါက်၊ မျိုးခြံရှိတယ်။ ဒါပေမယ့် နောက်ပိုင်း ပြီးခဲ့တဲ့ နှစ်နှစ် ကစပြီးတော့ ဝက်နားရွက်ပြာရောဂါ ဝင်ရောက်လာတဲ့အခါကျတော့ ရောဂါထိန်းချုပ်မှုအားနည်းတာပေါ့။ ဇီဝလုံခြုံရေးမရှိတဲ့အတွက် မျိုးခြံတွေဟာ အကုန်လုံးမရှိတော့ဘူး။ အဲဒီမျိုးဝက်ခြံဟာ ဒိုက်ဦးမှာလုပ်ထားတာ။ ကျွန်တော်တို့နိုင်ငံမှာ မျိုးခြံမရှိတဲ့အတွက် ဝက်မွေးမြူရေးဟာ တော်တော် အခက်အခဲတွေ့နေတယ်။ ဒီအပိုင်းကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းပြီးတော့ ဒီနိုင်ငံမှာ ဝက်မျိုးခြံကို လာရောက်ရင်းနှီးဖို့လည်း ဆွေးနွေး ဖို့ရှိပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်လည်း မွေးမြူရေးဇုန်တို့ မြေနေရာတို့ကို တကယ်လုပ်နိုင်မယ့်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် နိုင်ငံအတွက် ဝက်မွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဝက်ပေါက်ဆိုရင်လည်း အခု ထိုင်းနိုင်ငံက တင်သွင်းနေရတယ်။ ကိုယ့်နိုင်ငံနဲ့ ဆီလျော်တဲ့မျိုးကို ဖောက်ခဲ့လို့ရှိရင် ဈေးကွက်အားသာချက်လည်း ရှိတယ်။ နောက်စိုက်ပျိုးရေးဘက်ကလည်း လိုအပ်နေတဲ့ ပြောင်း၊ ပဲပုပ်၊ ဆန်ကွဲစတဲ့ မွေးမြူရေးဘက်က အစာလိုအပ်ချက်တွေကို ဖြည့်စွက်ပေးမယ်ဆိုရင် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ထင်ပါတယ်”ဟု ပြောကြားသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး အသင်းအဖွဲ့ ၁၂ ဖွဲ့ပါဝင်ကာ အသင်းဝင် ၁၅၀၀၀ နီးပါးရှိနေကြောင်း သိရသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မိုးရာသီကာလ ကျေးရွာချင်းဆက်လမ်းများပျက်စီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကက္ကူကျေးရွာအုပ်စု ဆပ်သွား-ချုံအင်း-ပိန်းအင်း ကျေးရွာချင်းဆက် လမ်းပိုင်းအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကျယ် ၁၂ ပေ၊ အရှည်တစ်မိုင် ခုနစ်ဖာလုံရှိ ကျောက်ချောလမ်း ဖောက်လုပ်ပေးခဲ့သည့်အတွက် ဒေသတွင်း ခရီးသွားလာမှုနှင့် ကုန်ထုတ်ယူခြင်းလုပ်ငန်းများ အဆင်ပြေလျက်ရှိသည်ကို တွေ့ရှိရသည်။ မိုးရာသီကာလ ဖြစ်သည့်အားလျော်စွာ လယ်ယာလုပ်ငန်းခွင်၌ စက်ကိရိယာများ သွားလာမောင်းနှင်ခြင်းကြောင့် လမ်းပိုင်းများပျက်စီးမှုမရှိစေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာချင်း ဆက်လမ်းအား ကျေးရွာရပ်မိရပ်ဖများနှင့် သွားရောက်စစ်ဆေးခဲ့ပြီး ခင်းကျင်းထားသည့် လမ်းပိုင်းအား ရေရှည်သုံးစွဲနိုင်ရန် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ခရီးသည်များအန္တရာယ်ကင်းရေး ဆိုင်ကယ်ကယ်ရီများအား အသိပညာပေး

**လှိုင်းဘွဲ့ ဇူလိုင် ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ကားဂိတ်ရှိ ဆိုင်ကယ်ကယ်ရီဆွဲသူများအနေဖြင့် ခရီးသည်များ တင်ဆောင်ပြေးဆွဲရာတွင် ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးနှင့် ဆိုင်ကယ်ကယ်ရီဆွဲသူကိုယ်တိုင် အန္တရာယ်ကင်းစေရေးအတွက် နယ်မြေရဲတပ်ဖွဲ့က ဇူလိုင် ၇ ရက်က အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထီလုံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် ဟောပြောပွဲတွင် ထီလုံနယ်မြေရဲစခန်းမှ ဒုရဲအုပ်နေလင်းဦးနှင့် တာဝန်ရှိသူများက ထီလုံကားဂိတ်အပိုင်းရှိ ဆိုင်ကယ်ကယ်ရီမောင်းသူများနှင့် ကျေးရွာနေပြည်သူများအား ဆိုင်ကယ်ကယ်ရီများဖြင့် ခရီးသည်တင်ဆောင် ပြေးဆွဲရာတွင် ခရီးသည်နှင့် ဆိုင်ကယ်မောင်းသူကိုယ်တိုင် အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်ဦးထုပ်များဆောင်းကြရန်၊ မိမိတို့မသိသော မျက်နှာစိမ်းများ ဆိုင်ကယ်လာရောက်ငှားရမ်းပို့ဆောင်ခိုင်းပါက အန္တရာယ်ပြုနိုင်သော လက်နက်တစ်စုံတစ်ရာ ပါရှိခြင်း ရှိ/မရှိ လေ့လာရန်နှင့် ပို့ဆောင်ရမည့် လမ်းခရီးအကွာအဝေး၊ လူသွားလာမှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားပြီး အန္တရာယ်ကင်းနိုင်မှ လက်ခံကြရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သိရှိသင့်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် ရဲတပ်ဖွဲ့ဝင်များက မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရေဘေးကြောင့်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကလေး ဇူလိုင် ၉**

ကလေးခရိုင် ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့၌ ချင်းတွင်းမြစ်ရေကြီးရေလျှံမှုကြောင့် ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ကလေးခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဇူလိုင် ၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် ကလေးဝမြို့နယ် နန်းဇလိန်ကျေးရွာ၌ ဇူလိုင် ၄ ရက်က ချင်းတွင်းမြစ်ကမ်းပြိုမှုကြောင့် ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုတစ်စုမှ လူဦးရေ ၁၀ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်တစ်သိန်း၊ ကလေးဝမြို့နယ် ဂဇက်ကျေးရွာ၊ အုန်းပင်စုကျေးရွာနှင့် ဆင်ခေါင်းကျေးရွာတို့မှ ပြောင်းရွှေ့အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၃၅ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးစီနှင့် လူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ကျပ် ၂၁၀၀ နှုန်းဖြင့် ထောက်ပံ့ငွေ ကျပ် ၇၃၅၀၀ တို့ကို နေအိမ်ပြောင်းရွှေ့ရသူများကိုယ်စား ကလေးဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးအပ်ခဲ့သည်။

အလားတူ ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ရေကြီး ရေလျှံမှုကြောင့် ရွှေ့ပြောင်းခဲ့ရသော အိမ်ထောင်စု ၇၅ စုတို့မှ လူဦးရေ ၂၈၅ ဦးတို့ အတွက် ဆန်ရိက္ခာဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## မှုခင်းသတင်းတိုများ

### ဆိုင်ကယ်မှောက်သူနှစ်ဦးထံမှ သိန်း ၄၀၀ ဖိုးနီးပါး စိတ်ကြွဆေးပြားများဖမ်းမိ

မိုးကုတ်မြို့နယ် လယ်ကြီးရွာအဝင် မိုးကုတ်-မိုင်းလုံကားလမ်းပေါ်၌ ဆိုင်ကယ်တိမ်းမှောက်သူနှစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဇူလိုင် ၆ ရက် ညပိုင်းက အဆိုပါလမ်းပေါ်၌ ဆိုင်ကယ်တိမ်းမှောက်မှုသတင်းအရ မိုးကုတ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အောင်ခန့်ပိုင်(ခ)သန်းအောင် (၂၂ နှစ်) မောင်းနှင်ပြီး အောင်ခိုင်ဦး (၁၇ နှစ်) လိုက်ပါလာသည့် နံပါတ်မပါဆိုင်ကယ်သည် လမ်းဘေးတွင်လဲကာ ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးမှာ ဒဏ်ရာများရရှိနေသည်ကို တွေ့ရပြီး အောင်ခိုင်ဦး၏ လွယ်အိတ်အတွင်းမှ ပလတ်စတစ်အိတ်ငယ်များဖြင့် ထည့်ထားသည့် ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါ ၆၅ အိတ်၊ စုစုပေါင်းဆေးပြား ၁၃၀၀၀ (တန်ဖိုး ကျပ်သိန်း ၃၉၀ ခန့်)ကို တွေ့ရှိသဖြင့် အောင်ခန့်ပိုင်(ခ)သန်းအောင်နှင့် အောင်ခိုင်ဦးတို့အား မိုးကုတ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### တရားမဝင်သစ်စက်နှင့် ကျွန်းသစ် ၈၄ လုံးဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဉသျှစ်ကုန်းကျေးရွာအနီးတောအတွင်းမှ တရားမဝင်သစ်စက်နှင့် ကျွန်းသစ် ၈၄ လုံးကို ဇွန် ၄ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။ အဆိုပါတောအတွင်း၌ တရားမဝင်သစ်ခွဲနေကြောင်း သတင်းအရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ပုန်းဟုန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ထွေ/အုပ်ဝန်ထမ်းများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပါဝင်သောအဖွဲ့က တောနင်းရှာဖွေရာ ရွာနှင့်ခြောက်မိုင်အကွာ တောအတွင်း၌ စုပုံထားသော ကျွန်းသစ် ၂၅ လုံးတစ်စု၊ ကျွန်းသစ် ၁၀ လုံးတစ်စုနှင့် ကျွန်းသစ် ၂၃ လုံး တစ်စုတို့ကို ပိုင်ရှင်မဲ့တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ ရွာနှင့် ခုနစ်မိုင်အကွာတွင် တရားမဝင်သစ်ခွဲရန် တပ်ဆင်ထားသော သစ်ခွဲဝိုင်းနှင့် ကျွန်းသစ် ၂၆ လုံးတို့ကို ပိုင်ရှင်မဲ့ ထပ်မံတွေ့ရှိခဲ့သည်။ ဖြစ်စဉ်တွင် သိမ်းဆည်းရမိသော သစ်ခွဲစက်နှင့် ဆက်စပ်ပစ္စည်းများနှင့် ကျွန်းသစ် ၈၄ လုံးတို့ကို နယ်မြေခံ သစ်တောဘိနယ်တာဝန်ခံထံသို့ လွှဲပြောင်းပေးအပ်ထားခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

### အရက်ကြောင်နေသူက ဓားဖြင့်ခုတ်၍ဇနီးသေဆုံးပြီး သမီး ဒဏ်ရာရ

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်တွင် အရက်ကြောင်နေသူက ဓားဖြင့်ခုတ်၍ ဇနီးဖြစ်သူ သေဆုံးပြီး ဝင်ရောက်တားမြစ်သည့် သမီးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဂန့်ဂေါမြို့မြို့မရဲစခန်းမှ သိရသည်။ အရက်ကြောင်နေသူ မင်းမင်းဇော်က ဇနီးဖြစ်သူ ဒေါ်စန်းလှအား ဓားဖြင့်ခုတ်ခဲ့၍ ဒေါ်စန်းလှမှာ ပြတ်ရှဒဏ်ရာနှစ်ချက်ဖြင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ဝင်ရောက်တားမြစ်ခဲ့သည့် ၁၁ နှစ်အရွယ် သမီးငယ်မှာလည်း ဓားဒဏ်ရာနှစ်ချက် ရရှိသည့်အပြင် ဓားဖြင့်ခုတ်သူ မင်းမင်းဇော်တွင်လည်း ရင်ညွှန့်နှင့် ဝမ်းဗိုက်ပေါ်တွင် ထိုးသွင်းဒဏ်ရာသုံးချက် ရရှိခဲ့ကာ ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားခုတ်မှုကျူးလွန်သူ မင်းမင်းဇော်အား ဂန့်ဂေါမြို့မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၀၁)**

### အမျိုးသမီးတစ်ဦးအား လူတစ်စုက သေနတ်ထောက်၍ဖမ်းဆီးခေါ်ဆောင်မှုဖြစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်မြို့နယ် ဝမ်ဟွမ်းကျေးရွာ၌ အမည်မသိ အရပ်ဝတ်လူတစ်စုက အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့်ထောက်၍ အဓမ္မခေါ်ဆောင်သွားသည့် ဖြစ်စဉ် ဇူလိုင် ၇ ရက် နံနက် ၇ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ မအီအဲ (၂၄ နှစ်)သည် နေအိမ်ရှေ့ဈေးဆိုင်၌ထိုင်နေစဉ် လက်နက်ငယ်ကိုင်ဆောင်ထားကာ အရပ်ဝတ် ဝတ်ဆင်ထားသော အမည်မသိ လူငါးဦးက ခဲရောင်မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဘီယာဖာဈေးနှုန်းမေးမြန်း၍ မအီအဲက နေအိမ်တွင်းမှ မိခင်ဖြစ်သူ ဒေါ်အီကိန်ခမ်းအားခေါ်ယူကာ ဈေးနှုန်းမေးမြန်းနေစဉ် လူတစ်ဦးက ဒေါ်အီကိန်ခမ်းအား သေနတ်ဖြင့်ထောက်၍ ကားပေါ်သို့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မအီအဲက မိုင်းယောင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့၍ ဒုရဲမှူးစံလင်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### ယာဉ်တိုက်မှုဖြစ်ပွား၍ လူတစ်ဦးသေဆုံး

ကရင်ပြည်နယ် သံတောင်မြို့နယ်အတွင်း သံတောင်ကြီး-တောင်ငူကားလမ်းတွင် ဇူလိုင် ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ တောပြာကြီးကျေးရွာမှ နှစ်ခြင်းသာသနာပိုင် ဆူဇူကီး အဖြူရောင်ယာဉ်သည် နေပြည်တော်သို့သွားရန် လမ်းဘေးတွင် ခေတ္တ ရပ်နားထားစဉ် ဘုရင့်နောင်တပ်နယ်မှ ယာဉ်လိုင်းပြေးဆွဲနေသော ယာဉ်မောင်းကျော်ကျော် မောင်းနှင်သည့်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ကားဘေးတွင် ရပ်နေသူ စောခရစ္စတိုဖာ (၃၆နှစ်)မှာ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါသူငါးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဝင်တိုက်မိသည့်ယာဉ်မှ ယာဉ်မောင်း ကျော်ကျော်သည် အခင်းဖြစ်ပွားစဉ် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့မှ စုံစမ်းလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

### နောက်လိမ့်ဆင်းသောကားနှင့် ဆိုင်ကယ်တိုက်၍ တစ်ဦးသေဆုံး

ပုသိမ်မြို့နယ်အတွင်း ပုသိမ်-ငွေဆောင်လမ်းပေါ်တွင် ကုန်းအတက်၌ လိမ့်ဆင်းသော ခရီးသည်တင်ယာဉ်နှင့် နောက်မှမောင်းနှင်လာသောဆိုင်ကယ် တိုက်မိ၍ ဆိုင်ကယ်ပေါ်ပါသူ အမျိုးသမီးတစ်ဦးသေဆုံးမှု ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သည်။ ယာဉ်မောင်း စောအောင်ဝင်းသိန်းမောင်းနှင်သည့် ခရီးသည်တင်ယာဉ်သည် ကုန်းတက်မောင်းနှင်နေစဉ် နောက်ပြန်လိမ့်ဆင်းရာမှ နောက်မှ ကိုဇော်ထက်ပိုင် မောင်းနှင်ပြီး ဇနီးဖြစ်သူ မကေဇင်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်နှင့် တိုက်မိခဲ့ခြင်းဖြစ်၍ ယာဉ်တိုက်မှုကြောင့် မကေဇင်ထွန်းမှာ နေရာတွင်သေဆုံးကာ ကိုဇော်ထက်ပိုင်မှာလည်း ဒဏ်ရာများ ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စောအောင်ဝင်းသိန်းအား ငွေဆောင်နယ်မြေရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။ **ပုသိမ်လှကြည်**

Myanmar Citizens Bank

(၂၅) နှစ်ပြည့်အထူးအပ်ငွေစာရင်း

JUBILEE FIXED DEPOSIT ACCOUNT

10.25% p.a. အထိရနိုင်မည့် အကောင်းဆုံးအတိုးနှုန်းများ

10th July 2017 မှ 30th September 2017 အထိသာ

မြန်မာနိုင်ငံသားများဘဏ်ခွဲတိုင်းတွင်ဖွင့်လှစ်နိုင်ပါပြီ။

အသေးစိတ်သိရှိလိုပါက 0943012460 , 09 451918681, 09799194220 www.mcb.com.mm

VICTORIA UNIVERSITY COLLEGE

Partnership with UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါ သင်တန်းများအတွက် အခြေခံပညာ အထက်တန်း အောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃) နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ပြည်ပနိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့်အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ ထ ၇၆) ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာအမျိုးသားလေကြောင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်း၊ တောင်ကြီးမြို့ရှိ တောင်ကြီး၊ ဟိုပုံးကားလမ်းဘေး တောင်ပေါ်ရပ်ကွက်အမှတ် (၅၈) တွင်ရှိသော မြေဧရိယာ ဝဒသမ ၅၁၄၈ကေနှင့် ၎င်းမြေပေါ်တွင်ရှိသော အလျား ၃၁ပေ×အနံ၃၁ပေ RC နှစ်ထပ်အဆောက်အအုံအား ငှားရမ်းလိုပါသည်။

၂။ မြေအဆောက်အအုံငှားရမ်းလိုသူများအနေဖြင့် အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာအမျိုးသားလေကြောင်းသို့ ဆက်သွယ်၍ အိတ်ဖွင့်တင်ဒါများကို ၂၁-၇-၂၀၁၇ ရက် နောက်ဆုံးထားတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**ဖုန်း-၀၁-၃၇၄၅၈၅၊**
**၀၉-၅၀၇၀၈၃၅**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်း စခန်းတို့မှစီမံကိန်းနေရာအသီးသီးသို့သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၃-၇-၂၀၁၇ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းနှင့် မီဒီယာ(၃၇၉)မျိုးနှင့်**
**ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း(၉၄)မျိုးအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက်(က) ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းနှင့် မီဒီယာ (၃၇၉)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း (၉၄)မျိုး စုစုပေါင်းပစ္စည်းအမယ်(၄၇၃)မျိုးကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၁၇-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၆-၇-၂၀၁၇ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇နှင့် ၀၆၇-၄၀၈၄၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ဒုကျောင်းအုပ်နေအိမ် (၃၀ပေ×၂၆ပေ×၁၄ပေ)RC(၁) လုံးဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၅-၈-၂၀၁၇ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၃း၀၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - စိုက်ပျိုးရေးသိပ္ပံ၊ ပွင့်ဖြူမြို့
**တင်ဒါတင်သွင်းရမည့်နေရာ** - စိုက်ပျိုးရေးသိပ္ပံ၊ ပွင့်ဖြူမြို့

၂။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးသိပ္ပံရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၄၁၁၁၂၇၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စိုက်ပျိုးရေးသိပ္ပံ၊ ပွင့်ဖြူမြို့**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ မင်းဘူးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ မင်းဘူးမြို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် လူနာများအား ကုသရေးပေးရန်လိုအပ်သော (FDA) အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဆိုင်ရာ ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၇-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ မင်းဘူးမြို့**
**ဖုန်း-၀၆၅-၂၁၀၃၇**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**အနာကြီးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၇ရက် ညနေ ၄း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အနာကြီးရောဂါအထူးကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၅၀၂၅၇၃၊**
**၀၉-၆၅၀၂၅၈၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မန္တလေးတိုင်းဒေသကြီး**

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံနှင့် မြင်းခြံစိုက်ပျိုးရေးသုတေသနခြံတို့၌ ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ (၂) ခန်းတွဲ (၂)ထပ် ရေ၊ မီး၊ အိမ်သာ၊ ရေစင်၊ သံပန်းပါ (၆၀'×၄၀'×၂၀') နှစ်လုံးဆောက်လုပ်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇မှ ၁၁-၈-၂၀၁၇ထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါရောင်းချမည့်နေရာ** - တိုင်းဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၁-၈-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

## အာမခံကိုယ်စားလှယ်သင်တန်းဖွင့်လှစ်ရန်ကြေညာချက်

၁။ အာမခံဝန်ဆောင်မှု အကာအကွယ်ကို ပြည်သူများအလွယ်တကူ ဝယ်ယူရရှိစေရန်၊ အာမခံအသိပညာ (Insurance Awareness) ကိုပိုမိုရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်နှင့် အာမခံကိုယ်စားလှယ်များ၏ အရည်အသွေးမြင့်မားစေရန်ရည်ရွယ်၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်မည့် အာမခံကိုယ်စားလှယ်သင်တန်း အမှတ်စဉ်(၁)ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး၊ အမှတ် ၂၂၉/၂၃၃၊ ၃၆လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၃၈၆၁ တွင် ၃၁-၇-၂၀၁၇ရက်မှ ၂၅-၈-၂၀၁၇ရက်အထိ ရက်သတ္တပတ်လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အာမခံလုပ်ငန်းကို အမှန်တကယ် စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်ပါသည်-

(က) **ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ကိုယ်စားလှယ်လျှောက်ထားရန် သတ်မှတ်ချက်များ-**
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) အသက်(၂၀) နှင့်အထက် ရှိသူဖြစ်ရမည်။
(၃) ပညာအရည်အချင်းအနေဖြင့် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အထူးသင့်လျော်သူဖြစ်ပါက ပညာအရည်အချင်းသတ်မှတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)
(၄) ရာဇဝတ်မှုကင်းရှင်းပြီးအကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ခ) **မှတ်ပုံတင်ထားသည့်ကုမ္ပဏီ/အသင်း/အဖွဲ့အစည်းအတွက် သတ်မှတ်ချက်-**
(၁) မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ/အသင်း/အဖွဲ့အစည်းဖြစ်ရမည်။
(၂) လုပ်ငန်းအမှန်တကယ် လည်ပတ်ဆောင်ရွက်နေသော ကုမ္ပဏီ/အသင်း/အဖွဲ့အစည်းဖြစ်ရမည်။
(၃) ကုမ္ပဏီ/အသင်း/အဖွဲ့အစည်းတွင် အာမခံကိုယ်စားလှယ်လုပ်ငန်းလက်တွေ့လုပ်မည့် ပုဂ္ဂိုလ်(၃)ဦးထက်မနည်းရှိရမည်။ အဆိုပါပုဂ္ဂိုလ်တို့သည် အထက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးချင်းအတွက် သတ်မှတ်ချက်များနှင့်ညီညွတ်ရမည်။

၂။ ဖော်ပြပါသတ်မှတ်ချက်များနှင့်ပြည့်စုံသည့် မည်သူမဆို အာမခံကိုယ်စားလှယ်သင်တန်းသို့ တက်ရောက်လိုပါက ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website-www.frd.gov.mm တွင် သင်တန်းလျှောက်လွှာများ ထုတ်ယူ၍ သင်တန်းဖွင့်လှစ်မည့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးတွင် အဆိုပါအာမခံ ကိုယ်စားလှယ်သင်တန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**အတွင်းရေးမှူးရုံး**
**ဖုန်း-၀၆၇-၄၁၀၁၅၂၊**
**ဖက်စ်-၀၆၇-၄၁၀၅၆၄**
e-mail-insurance.frd@gmail.com
Website-www.frd.gov.mm

---

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ(Euro)တို့ ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)12(YUG) (Kyat) | Insert Tools for Underfloor Wheel Lathe (360)Pcs ဝယ်ယူရန် |
| ၂ | 12(T)13(YUG) (Kyat) | စက်ခေါင်းအရန်ပစ္စည်း(၇၃)မျိုး ဝယ်ယူရန် |
| ၃ | 12(T)14/MR(YUG/ISN)(Euro) | Spare Parts for Locomotives (14)Items |

တင်ဒါပိတ်မည့် နေ့/အချိန် ၁၀.၈.၂၀၁၇ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၀.၇.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:-294352, 291985, 291994

---

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## အိတ်ဖွင့်တင်ဒါ (Open Tender ) ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender )ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| | **10(T)/MTE/Local/2017-2018 (ဆင်ဆေးများ )** | | |
| ၁။ | **Antibiotic** | | |
| | (က) Pen-strep(100 ml) | ၂၅၈၈ | ပုလင်း |
| | (ခ) K.C.N.D (100 ml) | ၂၅၈၈ | ပုလင်း |
| | (ဂ) Tylospac (100 ml | ၂၅၈၈ | ပုလင်း |
| | (ဃ) Cifran or Enrofloxacin(100 ml) | ၂၅၈၈ | ပုလင်း |
| | (င) Gentamycin(100 ml) | ၂၅၈၈ | ပုလင်း |
| ၂။ | **Antipyretic** | | |
| | (က) Analgevit(100 ml) | ၂၅၈၈ | ပုလင်း |
| ၃။ | **Tonics** | | |
| | (က) Vitajet or Multivitamin(100 ml) | ၂၅၈၈ | ပုလင်း |
| | (ခ) Calcium+ $B_{12}$(100 ml) | ၂၅၈၈ | ပုလင်း |
| | (ဂ) Amylite-C(100 ml) | ၂၅၈၈ | ပုလင်း |
| | (ဃ) Toposal(100 ml) | ၂၅၈၈ | ပုလင်း |
| ၄။ | **Anti-inflammatory** | | |
| | (က) Dexamethasone(100 ml) | ၂၅၈၈ | ပုလင်း |
| ၅။ | **For Wound Application** | | |
| | (က) $KMnO_4$(1 lb) | ၂၅၈၈ | ထုပ် |
| | (ခ) Healing Oil(250ml ) | ၂၅၈၈ | ပုလင်း |
| | (ဂ) Vermeblue(250ml ) | ၂၅၈၈ | ဘူး |
| ၆။ | **Uterine Muscle Contraction** | | |
| | (က) ATT(10 does)(5 ml) | ၂၅၈၈ | ပုလင်း |
| | (ခ) Needle(Instrument) | ၂၅၈၈ | ချောင်း |
| | (ဂ) Gauge | ၂၅၈၈ | လိပ် |

တင်ဒါရောင်းချမည့်နေ့ရက်/အချိန် - ၁၀.၇.၂၀၁၇/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက်/ အချိန် - ၉.၈.၂၀၁၇/ နေ့လယ် ၁၂: ၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၄၁၉၁**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F-4472 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မကွေးခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၀**

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်) (၎င်း၏ကိုယ်စား ဒေါ်သက်သက်ခိုင်၊ အကြီးတန်းမန်နေဂျာ) **နှင့်** ၁။ ဒေါ်သန်းသန်း ၂။ ဒေါ်ရီရီမြင့်

**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရန်မျိုးအောင်ရပ်၊ (၁၇)လမ်း၊ အမှတ်(၄၀၅)နေ ဒေါ်သန်းသန်းနှင့် ဒေါ်ရီရီမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေအတိုးအရင်း စုစုပေါင်းငွေ (၁၆၆၇၀၄၄၄၀/၇ ၄ါး) ရရန်အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင် မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်ကတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

---

**အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/7252 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ FMI အိမ်ရာ၊ မြေကွက်အမှတ် ၄၄၅၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်မာလာထွန်းဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အား အမည်ပေါက်(ကွယ်လွန်)၏ ကျန်သားသမီးနှစ်ဦးမှ ကွာရှင်းစာချုပ် ၁၂၇/၂၀၀၁ နှင့် ကျမ်းကျိန်လွှာ ၂၅၀၇/၂၀၁၇ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ဆုမွန်လွှာ

သီရိသုဓမ္မဇောတိကဓဇ ဦးမောင်ရွှေ(ခ)ဘီအယ်လ် ဂိုအင်ကာနှင့် ဒေါ်နီနီရွှေ(ခ)ဒေါ်ဆူရှီလာ ဂိုအင်ကာ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဗန္ဓုလဂရု(ဖ်)အော့ဖ်ကုမ္ပဏီ

**နာယက** - ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

- အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့

- သနန္တနဓမ္မပါလကအဖွဲ့ချုပ်

- မြန်မာဟိန္ဒီစာပေအသင်း

**ဥက္ကဋ္ဌ** - မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

- မြန်မာအိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်း

**ဂေါပက** - ကမ္ဘာ့ဟိန္ဒူဘာသာအဖွဲ့ချုပ် (အိန္ဒိယ)

- ကမ္ဘာ့ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပြန့်ပွားရေးဖောင်ဒေးရှင်း

အစ်ကိုကြီးဦးမောင်ရွှေနှင့် အစ်မကြီးဒေါ်နီနီရွှေတို့၏ ၁၀-၇-၂၀၁၇ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမှသည် ရတုများအဆက်ဆက်တိုင် သစ္စာခိုင်မြဲ ရွှေလက်တွဲလျက် လောကီလောကုတ္တရာ နှစ်ဖြာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေ။ ကျန်းမာပျော်ရွှင်စွာ ဘဝခရီးရှည်ကြီးကို အတူတကွ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များ**

၁။ Vaibhav Overseas Pte.Ltd, Singapore.
၂။ ကြေးအိုးကြီး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
၃။ မောင်ကျော်ဝင်း ဘောလ်ဘယ်ရင်း ထရေးဒင်း
၄။ Perfect Group Ltd.
၅။ ပိုင်သုခ ထရေးဒင်း ကုမ္ပဏီလီမိတက်
၆။ ကြေးအိုးကြီး ထရေးဒင်း ကုမ္ပဏီလီမိတက်

## မွေးနေ့မင်္ဂလာ ရက်မြတ်ဆုတောင်း

တစ်ဦးတည်းသောချစ်သမီး မဖြိုးမြင့်မြင့်မြတ် သိပ္ပံထူးချွန် (ဓာတုဗေဒ) ဒုတိယနှစ် (ဂုဏ်ထူးတန်း) (မန္တလေးတက္ကသိုလ်)၏ ၁၀-၇-၂၀၁၇ ရက်တွင် ကျရောက်သည့် (၂၀)နှစ်ပြည့် မွေးနေ့မှသည် နှစ် ၁၀၀ ကျော်တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် အစဉ်သဖြင့် ပြည့်စုံပြီး သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး ဆောင်ရွက်နိုင်သော သမီးကောင်းရတနာဖြစ်ပါစေဟု ဆုမွန်ကောင်း တောင်းလျက်-

**ဖေဖေ - ဦးကျော်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး လဝက၊ ကျောက်ဆည်ခရိုင်**

**မေမေ - ဒေါ်သန္တာယဉ်၊ ကျောင်းအုပ်ကြီး အထက (၂)၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

## တောင်ကြီးမြို့ ယခင် အလက(၂)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများအား လေးစားစွာဖြင့် အသိပေးအကြောင်းကြားခြင်း

တောင်ကြီးမြို့ရှိ ယခင် အလက(၂)၊ ယခု အထက(၁၀)ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများအား ၅-၁၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင် အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကျေးဇူးပြု၍ ပင်စင်၊ ပြောင်းရွှေ့၊ နုတ်ထွက်နှင့် အဝေးရောက် ဆရာ ဆရာမများ၊ အောက်ပါကျောင်းသူဟောင်း ဆရာမများနှင့် ဆက်သွယ်ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်ရှင့်။

**ဒေါ်ညွန့်ညွန့်မေ ဖုန်း-၀၉-၄၂၈၃၃၅၃၁**
**ဒေါ်သန်းသန်းလွင် ဖုန်း-၀၉-၄၂၈၃၁၃၅၃၇**

**(အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ဆည်ခရိုင် တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဦးတင်ရွှင်း နှင့် ဦးညိုဦး
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ တရုတ်စုရပ်နေ ဦးညိုဦး ၅/ကဗလ(နိုင်)၀၆၆၆၆၁ (ဘ)ဦးထွန်းလှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ရွှင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၈ ရက် (၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာအေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## မိဘအမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက ညောင်ငူ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ရဲသွေး၏ မိဘအမည်မှန်မှာ ဦးမောင်မြင့် ၁၄/ဝခမ (နိုင်)၁၁၂၆၂၃ နှင့် ဒေါ်မိတူးတူး ၁၄/ဝခမ(နိုင်)၁၁၂၅၄၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ခြောက်ရွာ တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းကိုနှင့် စတုတ္ထတန်းမှ မောင်သက်ဆွေထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအုန်းသန်း ၁၄/အဂပ (နိုင်)၀၃၉၁၇၀ ဖြစ်ပါသည်။

**ဦးအုန်းသန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျောင်းမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သော (ဘ)ဦးကျော်သူရ(ခ)မောင်သူရ၏ သမီး မသဇင်ကျော် ၁၄/ဖပန(နိုင်)၂၃၁၂၄၈ နှင့် မသဇင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကင်းမြို့နယ်နေ သမဝါယမ တက္ကသိုလ်(သန်လျင်)၊ စတုတ္ထနှစ်မှ မသက်သက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝင်း ၁၂/ရကန(နိုင်) ၀၁၂၃၁၈ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀)**
**ရွှေပြည်သာမြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၈၁**

ဦးအောင်မျိုးအေး နှင့် ဦးရဲဝင်းပါ(၃)
**တရားလို** **တရားပြိုင်များ**

ရွှေပြည်သာမြို့နယ်၊ (၉) ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ် ၂၂၃ (က) နေ ဦးမိုးနိုင်နှင့် ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်-၂၂၃(ခ)နေ ဒေါ်တင်တင်လေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ် ဦးအောင်မျိုးအေးမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

သထုံမြို့ အလက (နောင်ကုလားရွာကြီး) သတ္တမတန်းမှ မဝါခိုင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးအေး ၁၀/သထန(နိုင်)၁၄၄၂၆၁ ဖြစ်ပါကြောင်း။

**ဦးဖိုးအေး**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ တုံးမွန်းကျေးရွာနေ ဦးဌေးဝင်း၏သား မောင်ချစ်ဖွယ်၏ အမည်မှန်မှာ မောင်မျိုးမြင့်ဝင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၂၀၀၁ ဖြစ်ပါကြောင်း။ **မောင်မျိုးမြင့်ဝင်း ၅/ဗမန(နိုင်)၀၈၆၁၁၀**

## အမြန်ဆုံးဆက်သွယ်ပါရန်

ဒေါ်လှဲ့လှဲ့ဝင်း ၁၄/မအပ(နိုင်)၃၀၁၇၆၈ သည် အိမ်ခြံမြေရောင်းရန်အတွက် အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

**ဦးကျော်မင်းဦး ၁၄/မအပ(နိုင်)၃၀၁၈၀၆**
**ဖုန်း-၀၉-၄၂၀၀၉၆၄၆၄**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အထက(ခွဲ) မော်စီစာ အဌမတန်းမှ မဌေးဌေးဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးသန်းစိန် ၁၃/လရန(နိုင်)၀၇၁၂၅၀ ဖြစ်ပါသည်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ် (၁၁)တွင်နေထိုင်သော ဒေါ်ရင်နု၏သမီးဖြစ်သူ မသဲဆုအောင် အသက်(၃၂)နှစ်သည် မိဘများအား စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ဆိုဆုံးမမှုများကို နာခံမှုမရှိပါသဖြင့် မိမိသဘောအလျောက် ၂၅-၆-၂၀၁၇ရက်တွင် ပြုလုပ်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ရင်နု ၁၂/သခန(နိုင်)၀၆၈၆၆၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7993 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ပျောက်ဆုံးကြောင်း

